ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၇၉ ခုနှစ် နယုန်လကွယ် သောကြာနေ့။ Friday, 23 June 2017 (၈၉၆၄)

# တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ရေနှင့်ဆက်စပ်သော နည်းပညာ၊ အကြံဉာဏ်များနှင့် အတွေးအခေါ်များ ရရှိနိုင်မည်

**နေပြည်တော် ဇွန် ၂၂**

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၇)တွင် ဆွေးနွေးသဘောတူညီခဲ့ပါကြောင်း၊ ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်သည့် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့က တာဝန်ယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပသွားမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။**

# ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာမှ အိမ်ခန်းများရောင်းချမည့်ဈေးနှုန်း မသတ်မှတ်ရသေးဟုဆို

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ရွှေနံ့သာရပ်ကွက်တွင် တည်ဆောက်ထားသည့် ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာကို ပထမဆုံးရောင်းချမည့် အခန်းပေါင်း ၈၀ ကို အကြမ်းဖျင်းအားဖြင့် ကျပ်သိန်း ၁၀၀ သတ်မှတ်ထားပြီး ဇူလိုင်လအတွင်း ရောင်းချမည်ဆိုသည့် သတင်းများထွက်ပေါ်လျက်ရှိသော်လည်း လက်ရှိတွင် အဆိုပါတန်ဖိုးနည်းအိမ်ရာကို ရောင်းချရန် ဈေးနှုန်း မသတ်မှတ်ရသေးကြောင်း မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ပြောကြားသည်။

“အခုမှ ဈေးနှုန်းကတင်ရဦးမှာ။ ဈေးနှုန်းတင်လို့ လူကြီးက မူဝါဒဖြတ်ပေးနိုင်ရင်တော့ ရောင်းနိုင်မှာပါ။ ဈေးနှုန်းတင်ဖို့တော့ အဆင်သင့်လုပ်ထားပြီးပြီ။ မူဝါဒဆိုတာကတော့ အခြေခံအဆောက်အအုံ ကုန်ကျစရိတ်ဆိုတာရှိတယ်။ အိမ်ရာအဆောက်အအုံဆိုတာ ဆောက်ရုံနဲ့မပြီးဘူး။ လမ်း၊ ရေမြောင်း၊ လျှပ်စစ်မီး၊ ရေပိုက်လိုင်းတွေ သွယ်ရတယ်။ ချောင်းမကြီးဆည်ကနေ တစ်ဆင့်ပြီးတစ်ဆင့် လာတဲ့ရေတွေ ပို့တာတွေကလည်း သိန်းထောင်နဲ့ချီ ကုန်တယ်။ အဲဒီအခုတွေ ပေါင်းလိုက်ရင် ဈေးနှုန်းက မူလကပြောထားတာထက် ပိုပြီးများတယ်။ ဒါကြောင့်မို့ အခြေခံအဆောက်အအုံကုန်ကျစရိတ်တွေကို အမြဲတမ်းစိုက်ပြီး အစိုးရကပေးမယ်ဆိုတဲ့မူဝါဒဆိုရင်တော့ အရင်က ပြောခဲ့တဲ့အတိုင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**မန္တလေးမြို့၌ တည်ဆောက်ထားသည့် မြရည်နန္ဒာ အိမ်ရာစီမံကိန်းကို တွေ့ရစဉ်။**



ခေတ်အဆက်ဆက် ကျူးကျော်အိမ်ရာပြဿနာနှင့် တရားဥပဒေစိုးမိုးရေး
စာမျက်နှာ - ၆

ဈေးကောင်းရ လက်ရက်ကန်း သဘာဝဆိုးဆေးအထည် ထုတ်လုပ်မှုအားနည်း
စာမျက်နှာ - ၁၁

အင်းတော်အင်းသန့်ရှင်းသာယာလှပရေး လှုငယ်များနှင့် အင်းလုပ်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်
စာမျက်နှာ - ၂၁



ကြေးမုံ

# ပကတိဖြစ်ရပ်များကိုထင်ထင်ရှားရှားရှုမြင်

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများဖြစ်သော ဘူးသီးတောင်၊ မောင်တောဒေသများ၌ ယမန်နှစ်က လုံခြုံရေးရဲကင်းစခန်းများ အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ ဖြစ်ပေါ်ပြီးနောက် အဆိုပါဒေသများ လုံခြုံရေးအတွက် နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူ့အခွင့်အရေးချိုးဖောက်ခြင်းများ ရှိသည်ဆိုသော နိုင်ငံတကာအဖွဲ့အစည်းအချို့၏စွပ်စွဲချက်များကို ကြားသိခဲ့ရသည်။ အဆိုပါစွပ်စွဲချက်များကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးမည်ဆိုခြင်းနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအစိုးရက လက်မခံသည့်အပြင် ပြည်ဝင်ခွင့်လည်းပြုမည်မဟုတ်ကြောင်း ကြားသိရသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးနှင့် ဖြေရှင်းဆောင်ရွက်နေသော အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးလျက်ရှိသောကြောင့် အခြားစုံစမ်းစစ်ဆေးမည့် မည်သည့်အဖွဲ့အစည်းမျိုးကိုမဆို မြန်မာနိုင်ငံအနေဖြင့် လက်ခံနိုင်စရာအကြောင်းရှိလိမ့်မည်မဟုတ်ချေ။ မြန်မာနိုင်ငံ၏အရေးကိစ္စကို မြန်မာနိုင်ငံကသာ ဆုံးဖြတ်ရမည်ဖြစ်ပြီး နိုင်ငံတကာက ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စများအပေါ်တွင် ဝင်ရောက်စွက်ဖက်ခြင်းသည် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို ထိခိုက်စေသောလုပ်ရပ်များပင်ဖြစ်သည်။

ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အရေးကိစ္စများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းစွာနေထိုင်ကြသော လူမှုအသိုက်အဝန်းများအကြား တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့ကို ထိခိုက်ပျက်ပြားစေသောလုပ်ရပ်များသာဖြစ်ပြီး ယနေ့ထက်တိုင် ရခိုင်ပြည်နယ်မြောက်ပိုင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ထိပါး ကျူးလွန်လျက်ရှိနေသေးနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရှိ လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် မိမိနိုင်ငံလုံခြုံရေး၊ နယ်မြေအေးချမ်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာလူ့အခွင့်အရေးရှုထောင့်ကို လေးစားလိုက်နာသောအားဖြင့် ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့ကြပြီး ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါကလည်း ထိရောက်စွာအရေးယူမှုပြုလုပ်သည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များ ကမ္ဘာတစ်လွှား၌ ခေါင်းထောင်လာနေချိန်တွင် မြန်မာနိုင်ငံ၏လုံခြုံရေးကို ချင့်ချင့်ချိန်ချိန်ဖြင့် သတိဝီရိယထားပြီး ဆောင်ရွက်နေသည်ကို နားလည်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ဒေသအချို့တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရပ်ရွာဒေသ အေးချမ်းသာယာရေးနှင့် လုံခြုံစိတ်ချမှုရှိစေရေး တာဝန်ယူဆောင်ရွက်နေသောအချိန်အခါတွင် ထိုဒေသအတွင်း အကြမ်းဖက်နည်းဖြင့်ခြိမ်းခြောက်ကာ ဩဇာလွှမ်းမိုးထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ ကျေးရွာဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့်စာကြည့်တိုက်မှူးအပါအဝင် အပြစ်မဲ့ပြည်သူ ၃၄ ဦးကို သတ်ဖြတ်ခြင်း၊ ၂၂ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့ရှိခဲ့သည်မှာ အထင်အရှားဖြစ်သည်။

ဇွန်လ ၂၀ ရက်နှင့် ၂၁ ရက်နေ့က ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောပေါ်၌ အကြမ်းဖက်သင်တန်းများဆောင်ရွက်နေသည့် နေရာများရှိကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့များက အဆိုပါနေရာများသို့ သွားရောက်ရှာဖွေနယ်မြေရှင်းလင်းစဉ် လိုဏ်ခေါင်းတစ်ခု၊ သေနတ်များ၊ လူနေတဲ/ဂိုဒေါင်များနှင့် အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းရမိပြီး ပြန်လည်တိုက်ခိုက်သူ သုံးဦးကို အသေဖမ်းဆီးရမိခဲ့သည်။ အစောပိုင်းကာလများကလည်း အကြမ်းဖက်လုပ်ဆောင်မှုများကိုလည်း ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မိမိနိုင်ငံ၏ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးတို့မှာ မိမိတို့နိုင်ငံ၏အရေးဖြစ်၍ မိမိနိုင်ငံကသာ ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သလို မိမိတို့နိုင်ငံကို မိမိတို့ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် မိမိနိုင်ငံအား ထိပါးနှောင့်ယှက်နေသော အကြမ်းဖက်လုပ်ရပ်များ၊ အကြံအစည်များမှာ ပကတိဖြစ်ရပ်များဖြစ်ပါ၍ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

# အမျိုးသားအဆင့် ခုခံကျ/ကာလသားရောဂါ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးစီမံချက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေး



**နေပြည်တော် ဇွန် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားအဆင့် ခုခံကျ/ကာလသားရောဂါ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးစီမံချက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ် ဆွေးနွေးပွဲ (Annual Review Meeting of National AIDS Programme -2016 ) ကို ဇွန် ၂၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် HIV/AIDS ကဲ့သို့သော ကူးစက်ရောဂါများနှင့် မကူးစက်တတ်သောရောဂါများကို ကာကွယ်နှိမ်နင်းရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ စွမ်းဆောင်မှုဖြင့် ပြည်သူလူထု၏ ကျန်းမာရေး အသိပညာမြင့်မားလာပါက HIV/ AIDS ရောဂါဖြစ်ပွားမှုအပါအဝင် အခြားသောရောဂါများ ဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း၊ ဆေးရုံတက်ရောက်ကုသမှုခံယူသူ လူနာဦးရေလည်း ကျဆင်းလာမည်ဖြစ်ပြီး အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ HIV/AIDS ရောဂါကာကွယ်နှိမ်နင်းရာတွင် နည်းပညာပိုင်းဆိုင်ရာမှ လမ်းညွှန်ပံ့ပိုးပေးနိုင်သည့် HIV/AIDS စီမံချက်မှ အဖွဲ့ခေါင်းဆောင် ဆရာဝန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဆရာဝန်ကြီးများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါကြောင်း၊ ထို့အတူ တိုင်းဒေသကြီး ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးမှူးများနှင့် ကုသရေး ဦးစီးမှူးများ၏ လမ်းညွှန်ပံ့ပိုးပေးမှုများသည် အောင်မြင်မှုရရှိရန် မရှိမဖြစ် လိုအပ်သည့်အချက်များ ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါအသစ်ဖြစ်ပွားသူဦးရေ လျော့နည်းကျဆင်းစေရန် ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ HIV/AIDS ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် အတွက် လုပ်ငန်းအဆင့်တိုင်းကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၊ ပြည်တွင်း ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွေ့ကျကျ ထိရောက်စွာပူးပေါင်းဆောင်ရွက်ခြင်း၊ HIV/AIDS ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း စနစ်နှင့် သတင်းအချက်အလက်များနှင့် သတင်းပို့စနစ် ပိုမိုကောင်းမွန်ထိရောက်စေရန်ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည်မြင့်မားစွာ ဆောင်ရွက်နိုင်ရေးအတွက် သင့်တော်သော လုပ်ငန်းခွင်ပတ်ဝန်းကျင် ဖန်တီးပေးခြင်း၊ စီမံချက်အတွက်ရရှိသော ငွေကြေးများကို အလေအလွင့်မရှိစေရေးစနစ်တကျစီမံခန့်ခွဲခြင်း စသည်တို့ကို အလေးပေးဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး HIV/AIDS စီမံချက်အနေဖြင့် အောင်မြင်မှုများ ဆက်လက်ရရှိစေလိုကြောင်း၊ HIV/AIDS ရောဂါကာကွယ်ခြင်း၊ ကုသစောင့်ရှောက်ခြင်းလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီ စောနိုင်သမျှ စောစီးစွာရရှိစေရန် အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်ချက်ပြခန်းငယ်ကို ကြည့်ရှုအားပေးသည်။ ထို့နောက် စီမံချက်မန်နေဂျာ၊ ဒုတိယညွှန်ကြားရေးမှူး (ခုခံကျ/ကာလသား) ဒေါက်တာထွန်းညွန့်ဦးက Overview of National AIDS Programme(2016) ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖွဲ့စည်းပုံအသစ် ပြင်ဆင်ရေးဆွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

၀

# သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မိုးရာသီခြင်အန္တရာယ်ကင်းဝေးစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များတွင် ခြင်ဆေး(အဘိတ်ဆေး) ခတ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များအတွက် ဆေးထုပ်များဝေငှခြင်း၊ သောက်ရေအိုး၊ ပန်းအိုးများဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများကို ဇွန် ၂၁ ရက် နံနက်ပိုင်းက အမှတ်(၆၉) ရပ်ကွက်အတွင်း ကွင်းဆင်းကာ တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ကွင်းဆင်းကြရာတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်သန့်ဇင် ဦးဆောင်မှုဖြင့် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်မိုးသန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာ ကျန်းမာရေးမှူး ဦးခိုင်ဇင်မင်းတို့နှင့်အတူ (၆၉)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်(ရွှေဈေး) ၉၁၀၅၀၀ - ၉၁၀၅၀၀ မန္တလေး(ရွှေဈေး) ၉၁၀၅၀၀ - ၉၁၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၅/၆၉၀ ကျပ်၊ | ၆၇၀/၇၀၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၅/၇၄၀ ကျပ်၊ | ၈၀၅/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၉၀ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၇၁၅ ကျပ်၊ | ၆၉၀/၇၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၅/၅၈၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၀/၆၀၅ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၅၇၈/၅၈၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၁၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၁၁၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၆၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၃. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၇၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၃. ၃၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်တာသီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့
themirror.npt@gmail.com
www.facebook.com/themirrordaily

❂ **တတိယအကြိမ်မှ**

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးအတွက်သာမက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူးဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့်ရေမူဝါဒနှင့် ဆက်နွယ်သည့်လုပ်ငန်းများနှင့် မိုးရေခံလုပ်ရှားမှု ဆက်လက်ဆောင်ရွက်ရေး၊ ရေကြီးရေလျှံမှုလျော့ပါးသက်သာရေး၊ ရေထုညစ်ညမ်းမှု ထိန်းချုပ်ရေးတို့နှင့်ဆက်နွယ်သည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း ပံ့ပိုးကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့အဆင့် ရေညီလာခံတစ်ခုကို မြန်မာနိုင်ငံအတွင်း ကျင်းပခွင့်ရရှိသည့်အတွက် နိုင်ငံ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာမြင့်မားစေခြင်း၊ နိုင်ငံအတွက် အရေးကြီးသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေးကို ကမ္ဘာ့ရေပညာရှင်များထံမှ လေ့လာခွင့်ရရှိနိုင်ခြင်း၊ ရေနှင့်ဆက်စပ်သော သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲရေးတွင် နည်းပညာနှင့် အကြံဉာဏ်များရရှိနိုင်ခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုတွင် နည်းစနစ်အသစ်များနှင့် အတွေးအခေါ်များရရှိနိုင်ခြင်း၊ ဒေသတွင်း ရေဖူလုံစေရေးအတွက် ဝိုင်းဝန်းအဖြေရှာခြင်းဖြင့် မိမိတို့နိုင်ငံအတွက် များစွာအကျိုးရှိနိုင်ပါကြောင်း၊ ညီလာခံအောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဝိုင်းဝန်းပံ့ပိုး ကူညီပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပထမအကြိမ် ပူးတွဲညှိနှိုင်းကော်မတီအစည်းအဝေးတွင် မြန်မာဘက်မှဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသူများက တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အာရှ-ပစိဖိတ် ရေညီလာခံကို ဒေသတွင်း နိုင်ငံ့ခေါင်းဆောင်များက အနာဂတ်ရေဖူလုံစေရေးစိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာရန်၊ အာရှ-ပစိဖိတ်ဒေသအတွင်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် အိမ်ရှင်နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို ဝိုင်းဝန်းကူညီကြရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၇ ခုနှစ်မှ စတင်၍ ခြောက်နှစ်လျှင်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့သည်။

ယခု တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်ထိ ကျင်းပသွားမည် ဖြစ်သည်။

ညီလာခံလက်ခံကျင်းပခြင်းအားဖြင့် နိုင်ငံအတွင်း ကြုံတွေ့ရလျက်ရှိသည့် ရေကြီးခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်း၊ သဲနုန်းပို့ချခြင်းစသည့် ပြဿနာများကို ကမ္ဘာကသိစေပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများရရှိနိုင်ခြင်း၊ ကမ္ဘာ့အဆင့် ရေပညာရှင်များနှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ လိုက်ပါတက်ရောက်မည်ဖြစ်သဖြင့် နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် အနာဂတ်ရေဖူလုံမှုနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများကို နိုင်ငံ့ခေါင်းဆောင်များနှင့် ဘဏ္ဍာရေးဝန်ကြီးများ ဦးဆောင်မှုဖြင့် ဒေသတွင်းအစိုးရများနှင့် လူထုအဖွဲ့အစည်းများက အခိုင်အမာအထောက်အကူပြုနိုင်ခြင်းနှင့် ၂၀၁၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် World Water Forum အတွက် အာရှ-ပစိဖိတ်ဒေသ၏ ရေဆိုင်ရာစိန်ခေါ်မှုများနှင့် ဝိုင်းဝန်းအဖြေရှာမှုများကို အာရှ-ပစိဖိတ် ကိုယ်စားပြုတင်ပြခြင်းဖြင့် ရေစီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍတွင် နိုင်ငံတော်၏ပုံရိပ်နှင့် စွမ်းဆောင်ရည်မြင့်မားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❖ **ရွှေနန့်သာတန်ဖိုးနည်းအိမ်ရာမှ**

သိန်း ၁၀၀ ဝန်းကျင်နဲ့ ရောင်းနိုင်မှာပါ”ဟု ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ပြောသည်။

အိမ်ခန်းများ ရောင်းချရာတွင်လည်း ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပင်စင်စားများအား ဦးစားပေးစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြည်သူများ အိမ်ရာ ပိုင်ဆိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHD Bank)မှ အိမ်ရာအပေါင်ချေးငွေစနစ်ဖြင့် ရှစ်နှစ်မှ ၁၀ နှစ်အထိ ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

“လက်ရှိမှာတော့ လွန်ခဲ့တဲ့သုံးလကတည်းက စရောင်းနေတဲ့ ရွှေလင်ပန်း၊ ယုဇန၊ ကနောင်စတာတွေ ဆက်ရောင်းနေပါတယ်။ လောလောဆယ် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank)ကနေ ပွဲလုပ်မယ်။ အဲဒီမှာ နောက်လုပ်မယ့် စီမံကိန်းတွေကို ပြထားတာရှိမယ်။ အဲဒီစီမံကိန်းတွေအတွက် အစီအစဉ်တွေစလုပ်ရမှာပါ။ အဲဒီပွဲမှာ လူတွေစိတ်ဝင်စားမှုအပေါ်မူတည်ပြီး ထုတ်ရောင်းမယ်။ ရောင်းမယ့်စနစ်ကတော့ နှစ်မျိုးရှိပါတယ်။ ဘဏ်နဲ့ချိတ်ပြီးတော့ ရောင်းမယ်။ တိုက်ရိုက်ရောင်းတဲ့စနစ်ရှိမယ်။ တိုက်ရိုက်ကတော့ အကျေပေးနိုင်တဲ့သူတွေအတွက်ပါ။ အကျေမတတ်နိုင်တဲ့သူတွေကတော့ ဘဏ်နဲ့ချိတ်ပြီးတော့ ဝယ်ယူရမှာပါ။ ဆောက်နေတဲ့ အိမ်ရာတွေလည်း ရှိတယ်။ အဲဒါတွေကိုလည်း ကြိုပွဲွင့်သဘောမျိုးနဲ့ တဖြည်းဖြည်း ငွေသွင်းသွားပြီး ဆောက်ပြီးတဲ့အချိန်ကျရင် အတိုင်းအတာတစ်ခုအထိ ငွေတွက်ချက်ပြီးတော့ ဝယ်ယူရမှာဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူး ဒေါ်မီမီတင်က ဆိုသည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် House.com တို့ ပူးပေါင်းကျင်းပသည့် HOUSING & LIFESTYLE EXPO 2017 ပြပွဲကြီးကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး အဆိုပါပြပွဲကြီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနကလည်း လက်ရှိဆောက်လုပ်ရောင်းချပေးနေသည့် အိမ်ရာစီမံကိန်းများနှင့် ဆက်လက် ဆောက်လုပ်သွားမည့် အိမ်ရာစီမံကိန်းများကို ခင်းကျင်းပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ရာကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ တစ်နှစ်တာကာလအတွင်း ရန်ကုန်မြို့တွင် တန်ဖိုးနည်း/တန်ဖိုးမျှတ အိမ်ရာစီမံကိန်းမှ အိမ်ခန်း ၂၂၀၈ ခန်းနှင့် မန္တလေးမြို့တွင် မြရည်နန္ဒာ အိမ်ရာစီမံကိန်းမှ အိမ်ခန်း ၈၀၀ စုစုပေါင်း ၃၀၀၈ ခန်းကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Moskva ခရူဇာစစ်သင်္ဘောကို သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၂**

ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် Sevastopol ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ Black Sea Fleet ရေတပ်စခန်းဌာနချုပ်မှ Vice Admiral Kulekov Valaydii နှင့်တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် Sevastopol မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး အမြန်သွား ရေယာဉ်များဖြင့် မြောက်ပိုင်းဆိပ်ကမ်းရှိ Moskva ခရူဇာစစ်သင်္ဘောကို သွားရောက်လေ့လာကြသည်။ **(ယာပုံ)**



အဆိုပါ Moskva ခရူဇာ စစ်သင်္ဘောသည် ပဲ့ထိန်းဒုံးကျည် သယ်ဆောင်နိုင်သည့် သင်္ဘောအမျိုးအစားဖြစ်ပြီး ၁၉၈၃ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ကာ သင်္ဘောကိုယ်ထည်အရှည် ၁၈၆ ဒသမ ၅ မီတာ၊ ဖြက် ၂၀ ဒသမ ၈ မီတာ၊ အမြင့် ၄၂ ဒသမ ၅ မီတာ၊ သင်္ဘောအလေးချိန် တန် ၁၂၄၉၀ ဖြစ်ကာ တစ်နာရီလျှင် ရေမိုင် ၃၂ မိုင်နှုန်း မောင်းနှင်နိုင်ကြောင်း သိရသည်။

ယင်းနောက် ရေတပ်စခန်းဌာနချုပ်ရှိ သင်္ဘောအား Simulator ဖြင့် လေ့ကျင့်မောင်းနှင်ခြင်းနှင့် ရေတပ်စခန်းဌာနချုပ်မှ အသုံးပြုခဲ့သည့် လက်နက်များနှင့် တိုက်လေယာဉ်များ၊ သံချပ်ကာယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တောင်ပိုင်းဆိပ်ကမ်းသို့ အမြန်သွား ရေယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ရေငုပ်သင်္ဘော ROSTOV-NA-DONU ကို သွားရောက်လေ့လာကြသည်။

အဆိုပါ ရေငုပ်သင်္ဘောသည် Kilo အမျိုးအစားဘက်စုံသုံးဒီဇယ်နှင့် လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘောဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်တွင်စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကာ ကိုယ်ထည်အရှည် ၇၃ ဒသမ ၈ မီတာ၊ ဖြက် ၉ ဒသမ ၉ မီတာ၊ ရေမျက်နှာပြင်ပေါ် အလေးချိန် တန် ၂၃၅၀၊ ရေအောက်ငုပ်လျှိုးချိန်အလေးချိန် တန် ၃၉၅၀ ဖြစ်ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၀ ရက် ညနေပိုင်းက မော်စကိုမြို့ရှိ No. 766 Production and Technological Equipments Center သို့ သွားရောက်လေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Production and Technological Equipments Center ရှိ လူနာတင်ယာဉ်များ၊ ခွဲစိတ်ကုသယာဉ်များ၊ ဓာတ်ခွဲကုသယာဉ်များနှင့် လူစီးမော်တော်ယာဉ်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စစ်မြေပြင်အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သော မိုင်းရှင်းလင်းရေးယာဉ်များ၊ တိုက်ခိုက်ရေးယာဉ်နှင့် မီးသတ်ယာဉ်တို့အား လိုက်လံကြည့်ရှုပြီး စမ်းသပ်မောင်းနှင်မှုများကို ကြည့်ရှုလေ့လာသည်။ ယင်းနောက် သံချပ်ကာမော်တော်ယာဉ်များကို လိုက်လံကြည့်ရှုလေ့လာပြီး စမ်းသပ်စီးနင်း လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အသင်းသားများနှင့် ဇမ္ဗူသီရိမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် သဘာပတိ အထွေထွေစီးပွားရေး သမဝါယမ အသင်းဥက္ကဋ္ဌ ဦးမောင်ဖေက အမှာစကားပြောကြားသည်။ ဆက်လက်ပြီး တွဲဖက်အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အကျိုးအမြတ်ခွဲဝေမှုကို လည်းကောင်း ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်ကိုရယူကာ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေး သမဝါယမအသင်းအနေဖြင့် အသင်းသားများ၏စုဆောင်းငွေများ၊ အစုရှယ်ယာများဖြင့် အသင်းသားများအား ချေးငွေများထုတ်ချေးပေးခြင်း၊ အမြတ်ငွေများကို အသင်းသားများသို့ ပြန်လည်ခွဲဝေထုတ်ပေးခြင်းများသာမက Coporate Social Responsibilities အဖြစ် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ သာရေး/နာရေးထောက်ပံ့ငွေများ၊ ပညာသင်ထောက်ပံ့ငွေများကိုပါ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံ



# အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် သမ္မတဒေါ်နယ်ထရန့်နှင့် ဆော်ဒီအိမ်ရှေ့စံမင်းသားတို့ ဆွေးနွေး

**ဝါရှင်တန် ဇွန် ၂၂**

ဆော်ဒီနိုင်ငံ၏ အိမ်ရှေ့စံမင်းသားသစ်အား အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိမ်ရှေ့စံမင်းသားရာထူးနေရာ ခန့်အပ်ခံရခြင်းအတွက် ဝမ်းမြောက်ပါကြောင်းနှင့် အကြမ်းဖက်မှုအပါအဝင် အခြားသော ကိစ္စရပ်များနှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇွန် ၂၁ ရက်တွင် ဆော်ဒီအာရေဗျဘုရင်က လက်ရှိအိမ်ရှေ့စံမင်းသားအဖြစ် ခန့်အပ်ထားသည့် သူ၏တူတော်စပ်သူအားဖယ်ရှားကာ သားအရင်းဖြစ်သူကို အိမ်ရှေ့မင်းသားရာထူးနေရာ အပ်နှင်းခဲ့ပြီးနောက် အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်နာရက်ဖ်သည် ထီးမွေနန်းမွေ ဆက်ခံမည့်သူဖြစ်လာခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆော်ဒီအိမ်ရှေ့စံမင်းသားနှင့် တယ်လီဖုန်းမှတစ်ဆင့် ရာထူးခန့်အပ်ခံရခြင်းအတွက် ဝမ်းသာကြောင်း ပြောကြားခဲ့သည်ဟု အိမ်ဖြူတော် တာဝန်ရှိသူများက ဆိုသည်။

သမ္မတဒေါ်နယ်ထရန့်နှင့် ဆော်ဒီအာရေဗျအိမ်ရှေ့စံမင်းသားတို့သည် အရှေ့အလယ်ပိုင်းဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကို အတည်ပြုလက်ခံသဘောတူညီခဲ့ကြသည်။ ထို့ပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ကာတာနိုင်ငံအရေးကိစ္စကိုဖြေရှင်းနိုင်ရန် နည်းလမ်းကောင်းများ ထွက်ပေါ်စေရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဆော်ဒီအာရေဗျနိုင်ငံ အပါအဝင် အခြားသော ပင်လယ်ကွေ့နိုင်ငံများက ကာတာနိုင်ငံအား အိုင်အက်စ်စစ်သွေးကြွများကို ကူညီထောက်ပံ့မှုများပေးသည်ဟု စွပ်စွဲကာ သံတမန်အဆက်အသွယ်များ ဖြတ်တောက်ခဲ့ကြောင်း သိရသည်။

မတ်လအတွင်းတွင် အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်နှင့် သမ္မတ၏ သမက်ဖြစ်သူ အကြံပေး ဂျာရက်ကတ်ရှ်နာနှင့် တွေ့ဆုံခဲ့သည်။

မေလအတွင်းက သမ္မတဒေါ်နယ်ထရန့်၏ အရှေ့အလယ်ပိုင်းခရီးစဉ်သွားရောက်ရေးအတွက် စီမံကွပ်ကဲမှုတွင် အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က အရေးပါသော အခန်းကဏ္ဍက ပါဝင်ခဲ့သည်။

အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဆက်ဆံရေးကောင်းမွန်စေရန် ကြိုးပမ်းခြင်းသည် တော်ဝင်နန်းဆက်ခံမည့်အရေးအတွက် ကောင်းမွန်မှုတစ်ရပ်ပင်ဖြစ်သည်ဟု အချို့နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။



**အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်တို့ မတ်လအတွင်းက တွေ့ဆုံစဉ်။**

အမေရိကန်ဘက်ကလည်း ဆော်ဒီအာရေဗျနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ခြင်းကြောင့် အီရန်အရေးကိစ္စကို ကိုင်တွယ်ရာတွင် ပိုမိုလွယ်ကူမှုရှိစေမည်ဖြစ်သည်ဟု ယူဆထားသည်။

**အင်န်အိတ်ချ်ကေ။**

## အိန္ဒိယသမ္မတရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၂၄ ဦး ပါဝင်ယှဉ်ပြိုင်မည်
## ဘီဂျေပီပါတီက ဘီဟာပြည်နယ်အုပ်ချုပ်ရေးမှူးအား သမ္မတလောင်းအဖြစ် ရွေးချယ်

**နယူးဒေလီ ဇွန် ၂၂**

အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိပ်ဆုံးရာထူးဖြစ်သည့် သမ္မတရာထူးရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း ၂၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်အရွေးခံရန် အမည်စာရင်းတင်သွင်းထားသည်။

အာဏာရပါတီဘီဂျေပီက ၎င်းပါတီ၏သမ္မတလောင်းအဖြစ် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်အုပ်ချုပ်ရေးမှူး ရမ်နတ်ကိုဗိုင်းအား ဇွန် ၁၈ ရက်တွင် ရွေးချယ်ခဲ့သည်။

အိန္ဒိယသမ္မတရွေးကောက်ပွဲကို ဇူလိုင် ၁၇ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ရလဒ်ကို ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ လက်ရှိသမ္မတ ပရာနတ်မူခါဂျီ၏ ငါးနှစ်သမ္မတသက်တမ်းသည် ဇူလိုင်လကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

သမ္မတရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်း ၂၄ ဦးတို့တွင် အဓိကကျသော အတိုက်အခံကွန်ဂရက်ပါတီအပါအဝင် နိုင်ငံရေးပါတီနောက်ခံရှိသူတစ်ဦးတစ်ယောက်မျှ မပါဝင်ဘဲ လွတ်လပ်သူများအဖြစ်သာ သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ခုက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

သမ္မတရာထူးနေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းသည့် လွတ်လပ်သော ကိုယ်စားလှယ်လောင်းနှစ်ဦးအား အချက်အလက်မပြည့်စုံမှုကြောင့် သမ္မတရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ပယ်ချခဲ့သည်။

ဘီဂျေပီပါတီက သမ္မတလောင်းအဖြစ် အသက်(၇၁)နှစ်ရှိ ရမ်နတ်ကိုဗိုင်းကို အမည်စာရင်းတင်သွင်းခဲ့သည်။ ၎င်းသည် ဘီဂျေပီဦးဆောင်သော အမျိုးသားဒီမိုကရက်တစ်မဟာမိတ်များညွန့်ပေါင်းအဖွဲ့၏ ခေါင်းဆောင်များက အိန္ဒိယနိုင်ငံ၏ သမ္မတလောင်းအဖြစ် ရွေးချယ်ခြင်းဖြစ်သည်။

**ရိုက်တာ။**

## အီရန်မောင်းသူမဲ့သူလျှိုလေယာဉ်ကို ပါကစ္စတန် ပစ်ချ

**အစ္စလာမ္မာဘတ် ဇွန် ၂၂**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်တွင် နိုင်ငံလေကြောင်းပိုင်နက်အတွင်းသို့ ဝင်ရောက်လာသည့် အီရန်သူလျှိုလေယာဉ်ကို ပစ်ချခဲ့ကြောင်း ပါကစ္စတန်နိုင်ငံက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်လေတပ်မှ ဂျေအက်ဖ်-၁၇ အမျိုးအစားဂျက်တိုက်လေယာဉ်တစ်စင်းသည် ဇွန် ၂၀ ရက်က ဘလူချီစတန်ပြည်နယ် ပန်ဂျာဒေသတွင် အီရန်မောင်းသူမဲ့သူလျှိုလေယာဉ်တစ်စင်းကို ပစ်ချခဲ့ကြောင်း ဒေသတွင်းသတင်းတစ်ရပ်တွင် အစောပိုင်းက ဖော်ပြခဲ့သည်။

ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်အတည်ပြုခဲ့ပြီး အီရန်နိုင်ငံသို့လည်း သတင်းပေးပို့ထားသည်။

ဇွန် ၁၉ ရက်က ပါကစ္စတန်နိုင်ငံ၏လေကြောင်းပိုင်နက်အတွင်းသို့ သုံးကီလိုမီတာမှ လေးကီလိုမီတာအထိ ဝင်ရောက်ပျံသန်းခဲ့သည့် အီရန်နိုင်ငံမှ မောင်းသူမဲ့ သူလျှိုလေယာဉ်(ယူအေဗွီ)တစ်စင်းကို ဘလူချီစတန်ပြည်နယ် ပန်ဂျာဒေသတွင် ပါကစ္စတန်လေတပ်က ပစ်ချခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**



## ဥရောပသမဂ္ဂထိပ်သီးဆွေးနွေးပွဲ ဘရပ်ဆယ်၌ ကျင်းပ
## အကြမ်းဖက်မှုမှသည် ရွှေ့ပြောင်းအခြေစိုက်မှုပြဿနာများအထိ ဆွေးနွေးမည်

**ဘရပ်ဆယ် ဇွန် ၂၂**

ဥရောပသမဂ္ဂ (အီးယူ)ခေါင်းဆောင်များ၏ နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ဇွန် ၂၂ ရက်တွင် စတင်ကျင်းပသည်။

ထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံအကြီးအကဲသစ်တစ်ဦးအဖြစ် ပွဲဦးထွက်တက်ရောက်လာသူမှာ ပြင်သစ်သမ္မတ အီမင်နျူယယ်မေခရွန်ဖြစ်သည်။

မြို့တော်ဘရပ်ဆယ်ရှိ အဓိကကျသော မီးရထားဘူတာရုံတစ်ရုံ၌ ဇွန် ၂၀ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် ထိပ်သီးဆွေးနွေးပွဲ လုံခြုံရေးအတွက် လုံခြုံရေးအစီအမံများကို အထူးဆောင်ရွက်လျက်ရှိသည်။ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဘယ်လ်ဂျီယံနိုင်ငံ၌ အိုင်အက်စ်အဖွဲ့ထောက်ခံသူတစ်ဦးက ဗုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသူ ထိပ်တန်းခေါင်းဆောင်များအနက် ဗြိတိန်ဝန်ကြီးချုပ် ထရေစာမေမှာ နိုင်ငံရေးစိန်ခေါ်မှုများကို ရင်ဆိုင်နေရချိန်ဖြစ်သည်။

ဗြိတိန်နိုင်ငံ၌ ဇွန် ၈ ရက်က ကျင်းပသော ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ်မေ၏ ကွန်ဆာဗေးတစ်ပါတီက လွှတ်တော်တွင် အများစု အနေအထားရရှိမှုကို အမှတ်မထင် ဆုံးရှုံးခဲ့ရသည်။

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် လွန်ခဲ့သည့်တစ်နှစ်က ပြုလုပ်သော လူထုဆန္ဒခံယူပွဲတွင် ပေါ်ထွက်လာသော ရလဒ်နှင့်



***ဥရောပသမဂ္ဂထိပ်သီးဆွေးနွေးပွဲသို့ ပြင်သစ်သမ္မတ အီမင်နျူယယ်မေခရွန် တက်ရောက်လာသည်ကို တွေ့ရစဉ်။***

ပတ်သက်၍ အများကအံ့အားသင့်ခဲ့ကြရသည်။ ဗြိတိန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးဆိုင်ရာ ပြဿနာများကို အစိုးရအဖွဲ့က ရင်ဆိုင်နေရစဉ်တွင် အီးယူခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။ ယခုကျင်းပသော အီးယူခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများနှင့် သက်ဆိုင်နေသော ပြဿနာများအား ကိုင်တွယ်ဖြေရှင်းရေး စသည့်အကြောင်းရပ်များကို ဆွေးနွေးကြရန် စီစဉ်ထားသည်။

အီးယူမှ ဗြိတိန်နိုင်ငံ တရားဝင်နုတ်ထွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယခုရက်သတ္တပတ်အတွင်း စတင်ကျင်းပခဲ့ပြီဖြစ်သော်လည်း အီးယူသည် ပြန်လည်အားသစ်လောင်းကာ ပြန်လည်ရှင်သန်တိုးတက်လာသည့် အဖွဲ့အစည်းအဖြစ် အခိုင်အမာရပ်တည်လျက်ရှိကြောင်း ထိပ်သီးဆွေးနွေးပွဲ၏ ဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်က ပြောကြားသည်။ ပိုလန်နိုင်ငံသား တပ်စ်သည် ၂၀၁၄ ခုနှစ်မှစ၍ ဥရောပကောင်စီ၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူဖြစ်သည်။

ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု ဆန့်ကျင်ရေးပါတီများသည် အထူးသဖြင့် ပြင်သစ်နိုင်ငံကဲ့သို့ ဒေသဆိုင်ရာ နိုင်ငံများ၏ ရွေးကောက်ပွဲများတွင် အရေးမလှဖြစ်ခဲ့ရပြီးနောက် အီးယူခေါင်းဆောင်များက ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုနှင့် ဆက်နွှယ်နေသော ပြဿနာများကို ဆွေးနွေးကြမည်ဖြစ်သည်။

**ရိုက်တာ။**

# အမျိုးသားကျန်းမာရေးအာမခံစနစ် စတင်ဆောင်ရွက်ရန် အစီအစဉ်များ စဉ်းစားချမှတ်သွားမည်

**နေပြည်တော် ဇွန် ၂၂**
**လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များ (Universal Health Coverage) ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများအပါအဝင် နိုင်ငံသားတိုင်းထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ အချိန်မီရရှိစေရေး၊ ယင်းကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းစဉ်များအတွက် လိုအပ်သည့်ရန်ပုံငွေများ လုံလောက်စွာရရှိနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အမျိုးသားကျန်းမာရေးအာမခံစနစ် (National Health Insurance System) တည်ထောင်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အတည်ပြုလိုက်သည်။

အမျိုးသားကျန်းမာရေးအာမခံစနစ်သည် အမြန်ဆုံးလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ယင်းစနစ်ကို စတင်ဆောင်ရွက်ရန် အစီအစဉ်များကို စဉ်းစားချမှတ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လွှတ်တော်ကို တင်ပြခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင် ယခုလောလောဆယ် ဆေးဝါးများကုသခြင်း၊ ခွဲစိတ်ခွဲခြင်း၊ ခွဲစိတ်မှုန်ရိုက်ခြင်းများကို အခမဲ့ဆောင်ရွက်ပေးနေပါကြောင်း၊ ရေရှည်တွင်မဖြစ်နိုင်ပါကြောင်း၊ လူဦးရေတိုးတက်လာခြင်း၊ ရောဂါများအသစ်အဆန်းများပေါ်လာခြင်း၊ ကုသမှု၊ ကုထုံး၊ ဆေး၊ ပစ္စည်းကိရိယာများ၏ ဈေးနှုန်းများသည် များစွာတက်လာသည့်အတွက် ယခုအတိုင်းသွား၍ မဖြစ်နိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း အလကားကုသမပေးပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်သူများကို အတတ်နိုင်ဆုံးအခမဲ့ကုသပေးနေပါကြောင်း၊ အမျိုးသားကျန်းမာရေးဥပဒေရှိရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ဆိုင်သည့် ဥပဒေများကို လေ့လာသုံးသပ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အခြေအနေ၊ ကျန်းမာရေးအခြေခံအဆောက်အအုံ၊ ပြည်သူများ၏ ကျန်းမာရေးစာတတ်မြောက်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဝန်ဆောင်မှုအခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျွမ်းကျင်မှုအခြေအနေနှင့်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ရေကြည်မဲဆန္ဒနယ်မှ
ဒေါက်တာဦးစံရွှေဝင်း



မင်းလှမဲဆန္ဒနယ်မှ
ဒေါက်တာဦးသန်းအောင်စိုး

ကျန်းမာရေးဝန်ဆောင်မှုတစ်ခုချင်းစီ၏ စရိတ်ကိုလေ့လာရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အိမ်နီးချင်းနိုင်ငံများတွင် မည်သို့ဆောင်ရွက်နေသည်၊ ၎င်းတို့၏ အခက်အခဲ၊ ပြဿနာများကို မည်သို့ကျော်လွှားခဲ့သည်၊ ရောဂါဖြစ်ပွားမှုပုံစံအခြေအနေနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကျင့်ဝတ်၊ ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်းစားသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ၎င်းအကြောင်းအရာများကို မစဉ်းစားဘဲ ဆောင်ရွက်မည်ဆိုပါက ယခုစနစ်သည် တစ်ပိုင်းတစ်စနှင့် ရပ်သွားနိုင်ပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းအဆိုကို ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း တင်သွင်းခဲ့ခြင်းဖြစ်ပြီး ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးထွန်းလင်းမော်၊ ဒဂုံမဲဆန္ဒနယ်မှဒေါက်တာဒေါ်သက်သက်ခိုင်၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးဇင်လတ်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင်နှင့် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်တို့က အဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးတွင် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **ကျန်းမာရေးခွဲစိတ်ခွဲစစ်ဆေးခန်းများ တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ မရှိနှင့် မှတ်ပုံတင်ထားရန် လိုအပ်ချက်များနှင့် မည်သည့်ဌာနမှ မှတ်ပုံတင်လက်မှတ် ထုတ်ပေးပါသနည်း၊ ခွဲစိတ်ခွဲအဖြေများအပေါ် မည်ကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပါသနည်း၊ ဆေးရုံ ဆေးခန်းများတွင် ကုသမှုခံယူရာ၌ စစ်ဆေးပြီးသော ခွဲစိတ်ခွဲအဖြေများကို အတည်မယူဘဲ ထပ်မံစစ်ဆေးစေခြင်းများကို မည်သို့ဆောင်ရွက်ပေးနိုင်မည်နှင့် ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသော လူနာများ ပြင်ပဆေးခန်းများသို့ ထွက်၍ MRI ရိုက်နေရသောကြောင့် ဆေးရုံကြီးများတွင် MRI စက်ကြီးများ workload နှင့်အညီ တိုးပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးခွဲစိတ်ခွဲစစ်ဆေးခန်းများ တရားဝင်မှတ်ပုံတင်ရှိမှသာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပါကြောင်း၊ တရားမဝင် ဆောင်ရွက်နေကြောင်းသိရှိပါက ချက်ချင်းပိတ်ပင်နိုင်ရေးဆောင်ရွက်မည်ဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိက ရောဂါရှာဖွေရေးခွဲစိတ်ခွဲခန်း အမျိုးအစား သုံးမျိုးရှိပါကြောင်း၊ အခြေခံခွဲစိတ်ခွဲ၊ သာမန်ခွဲစိတ်ခွဲနှင့် အထူးခွဲစိတ်ခွဲတို့ဖြစ်ပါကြောင်း၊ ယင်းသုံးခု၏ အခြေခံလိုအပ်ချက်များကို ၂၀၁၇ ခုနှစ်အတွင်း အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီကစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီက ခွဲစိတ်ခွဲခန်းများကို ကြီးကြပ်စစ်ဆေးပြီး လိုင်စင်များထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ အထူးခွဲစိတ်ခွဲခြင်းမှတ်ပုံတင်လက်မှတ်ကို နေပြည်တော်ပုဂ္ဂလိက ဗဟိုကျန်းမာရေးကြီးကြပ်မှုအဖွဲ့က ထုတ်ပေးပါကြောင်း၊ အခြေခံခွဲစိတ်ခွဲခြင်းနှင့် သာမန်ခွဲစိတ်ခွဲခြင်း မှတ်ပုံတင်လက်မှတ်ကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီက ထုတ်ပေးမည်ဖြစ်ပါကြောင်း။

ခွဲစိတ်ခွဲခန်းအရည်အသွေးထိန်းချုပ်ခြင်း၊ စံကိုက်နှင့်ညီ၊ မညီ စစ်ဆေးခြင်းများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကမှခွဲစိတ်ခွဲစမ်းသပ်မှု အဖြေများအား မှန်၊ မမှန် ပြည်သူ့ဆေးရုံခွဲစိတ်ခွဲခန်းများ ပြန်လည်စစ်ဆေးမှုများ ရှိပါကြောင်း၊ သို့သော် အားလုံးကို မလွှမ်းခြုံနိုင်သေးပါကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူရာ၌ စစ်ဆေးပြီးသော ခွဲစိတ်ခွဲအဖြေများကို အတည်မယူဘဲ ထပ်မံစစ်ဆေးစေခြင်းကိစ္စသည် တာဝန်ခံကုသပေးသော ဆရာဝန်အပေါ်၌သာ မူတည်ပြီး ၎င်းမှထပ်မံစစ်ဆေးပေးရန် တောင်းဆိုပါက ထပ်မံစစ်ဆေးပေးရပါကြောင်း၊ တစ်နိုင်ငံလုံးတွင် MRI စက် ၁၂ ခုရှိပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးရုံများတွင် လိုအပ်သည့် ဆေး၊ MRI စက်အပါအဝင် ဆေးရုံသုံးပစ္စည်းများကို ဦးစားပေးနှစ်အလိုက် ဝယ်ယူနေပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကိုနှင့် ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်တို့၏ ဆေးရုံအဆင့်တိုးမြှင့်ပေးရေး၊ ကျန်းမာရေးဝန်ထမ်း အင်အားပြည့်ခန့်ပေးရေးဆိုင်ရာမေးခွန်းများကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာအတည်ပြုခြင်း၊ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

# ဒေသ၏ တိုးတက်ဖွံ့ဖြိုးမှုအခြေအနေများအရ ဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲဖွင့်လှစ်နိုင်ရေး သုံးသပ်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၂၂**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **တမူးခရိုင် ခမ်းပါတ်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ရုံးချုပ်ဌာနကြီးခြောက်ခုအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရုံး ၁၄ ခု၊ ခရိုင်/ကွပ်ကဲ ဘဏ်ခွဲ ၇၆ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၁၅ ခု၊ ဘဏ်ငွေတိုက်ခွဲ ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲခြောက်ခု စုစုပေါင်းဘဏ်ခွဲ ၃၃၅ ခု ဖွင့်လှစ်၍ ပြည်သူများအား ဘဏ်ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ အဓိက ကွာခြားချက်မှာ ပုဂ္ဂလိကဘဏ်များသည် ဘဏ်ခွဲမည်မျှပင်များပြားပါစေ နယ်စွန်နယ်ဖျားမြို့နယ်အသေးပါမကျန် ဖွင့်လှစ်နိုင်ခြင်းမဟုတ်ဘဲ စီးပွားရေးတွက်ခြေကိုက်မည့်နေရာတွင်သာ ရွေးချယ်ဖွင့်လှစ်ကြခြင်းဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်သည် အစိုးရဌာန စာရင်းများရှိသဖြင့် နယ်စွန်နယ်ဖျားပါမကျန် မြို့နယ်အသေးလေးများအထိ ကုန်ကျစရိတ်အရှုံးခံ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

ဘဏ်တစ်ခု ဖွင့်လှစ်နိုင်ရန် ဒေသ၏စီးပွားရေး၊ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပြင် လူအင်အား၊ မြေနေရာ၊ အဆောက်အအုံစသည်ဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ဖွင့်လှစ်ရပါကြောင်း။

ခမ်းပါတ်မြို့သည် လူမှုရေး၊ စီးပွားရေး၊ ဒေသန္တရ အခြေအနေအရ ဘဏ်ခွဲဖွင့်လှစ်ရန် သင့်လျော်သော အနေအထားတွင် ရှိသော်လည်း လုံခြုံရေးအနေဖြင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့မရှိဘဲ ခမ်းပါတ်ရဲစခန်းနှင့် တပ်မတော်စစ်ကြောင်းရုံး တစ်ခုသာရှိခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ ဆက်သွယ်ရေးအနေဖြင့် ကြိုးဖုန်း၊ အော်တိုတယ်လီဖုန်းများ မရရှိသေးခြင်းတို့ကြောင့် လောလောဆယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏တင်ပြချက်ကို အလေးထားပြီး မြို့၏လူမှုစီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို သင့်လျော်သောအချိန်တွင် ဘဏ်တိုက်ခွဲ သို့မဟုတ် ဘဏ်ခွဲဖွင့်လှစ်ရန် သုံးသပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ပလက်ဝမြို့နယ် ဆမီးမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက ဆမီးမြို့သည် လုံခြုံရေးအနေအထားအရ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၏ အခြေစိုက်ခြင်းမရှိဘဲ ရဲစခန်းတစ်ခုသာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် ဆိုင်ကယ်ဖြင့်သာ အဓိကသွားလာနိုင်ခြင်း၊ ဆက်သွယ်ရေးအနေဖြင့် ဖုန်းလိုင်းများ မရရှိခြင်းတို့ကြောင့် လောလောဆယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ ဆမီးမြို့၏ လူမှုစီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသ၏တိုးတက်ဖွံ့ဖြိုးမှု အခြေအနေများအရ သင့်လျော်သောအချိန်တွင် ဘဏ်ခွဲသို့မဟုတ် ဘဏ်ငွေတိုက်ခွဲဖွင့်လှစ်နိုင်ရေးအား သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအခန်း(၁၃)၊ ပုဒ်မ ၆၂ တွင် ပါရှိသည့်အတိုင်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးတို့အတွင်း ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲရာတွင် အစိုးရအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များအား တိုင်ပင်ညှိနှိုင်း ဆွေးနွေးရန်အတွက် ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုအခြေခံ၍ လုပ်ငန်းအလိုက် အကောင်အထည်ဖော်သည့် မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ဆောင်ရွက်လိုသည့် လုပ်ငန်းများ၏ ကုန်ကျစရိတ် တွက်ချက်ခြင်းများပြုလုပ်၍ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများတွင် ထည့်သွင်းတင်ပြဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ ပြုလုပ်ကာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အသုံးပြုသောဌာနဖြစ်ပါက ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှတစ်ဆင့် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်သို့လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ သုံးစွဲသော ဌာနများဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့နှင့် လွှတ်တော်များသို့လည်းကောင်း တင်ပြအတည်ပြုချက်ရယူပြီး အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

နှစ်စဉ်ဒေသန္တရ စီမံကိန်းများရေးဆွဲရာ၌ မြို့နယ်အလိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးညှိနှိုင်းခြင်း၊ မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေးများ ကျင်းပရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ကြပ်မတ်ခြင်းတို့မှ အစိုးရဌာနအဆင့်ဆင့်က တာဝန်ယူ၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သောကြောင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီများတွင် လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းခြင်းမပြုဘဲ အစည်းအဝေးကျင်းပချိန်၌သာ အထူးဖိတ်ကြားသူအနေဖြင့် ပါဝင် တက်ရောက်၍ အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း။

ယခုလက်ရှိ ဖွဲ့စည်းထားရှိပြီးဖြစ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စီမံကိန်းရေးဆွဲ

စာမျက်နှာ ၈ သို့ ✻

# ခေတ်အဆက်ဆက် ကျူးကျော်အိမ်ရာပြဿနာနှင့် တရားဥပဒေစိုးမိုးရေး

ကောင်းကျော်နိုင်

နိုင်ငံတစ်ဝန်းတွင် အခြေအနေအရပ်ရပ်အရ ခေတ်အဆက်ဆက်ကပင် ကျူးကျော်အိမ်ရာပြဿနာ ရှိခဲ့ပါတယ်။ နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် စားဝတ်နေရေးတွင် နေရေးသည် အခက်အခဲဆုံးဖြစ်ပါတယ်။ ယင်းအချက်သည်ပင် ကျူးကျော်အိမ်ရာပြဿနာပေါ်ပေါက်ရေး၏ အခြေခံအချက် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်နေထိုင်သူများကို ပြန်လည်နေရာချထားနိုင်ရေးအတွက် ကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူရေးစီမံချက်ဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ဆောင်ရွက်ခဲ့ရာ မြေပြင်အခြေအနေအရ လေးသိန်းခန့်ရှိကြောင်း သိရှိရပါတယ်။

**နေရေးခက်သဖြင့် ကျူးကျော်အိမ်ရာများဆောက်**

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံသို့ နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးမှ နေအိမ်ပျက်၊ စီးပွားပျက်သူ အများအပြားသည် ဘဝရပ်တည်ရေးအတွက် ထိုက်သင့်အားလျော်စွာ ဝင်ငွေရှာဖွေနိုင်သည့် ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လာရောက်လုပ်ကိုင်ရာမှ နေရေးခက်သဖြင့် ကျူးကျော်အိမ်ရာများဆောက်၍ ဘဝရပ်တည်မှုကို ဆောင်ရွက်ခဲ့ရမှုများရှိခဲ့သည့်အတွက် လှိုင်သာယာမြို့နယ်တွင် ကျူးကျော်အိမ်ရာများ အများအပြားပေါ်ပေါက်ခဲ့ပါတယ်။

ဘဝရပ်တည်ရေးတွင် နေရေးခက်သဖြင့် ရိုးရိုးသားသား ကျူးကျော်နေထိုင်သူများရှိသလို အချို့သောသူများမှ နေစရာအမှန်လိုအပ်သည်ထက် အလွယ်လမ်းလိုက်၍ အချောင်အကျိုးခံစားခွင့်ရလိုစိတ်ဖြင့် နေရာဦးသူများ၊ မြေနေရာအစားရလိုသောဆန္ဒ၊ လျော်ကြေးရလိုသောဆန္ဒတို့ဖြင့် တဲအိမ်များဆောက်ကာ ရင်းနှီးမြှုပ်နှံသူများ၊ ယင်းအခြေအနေပေါ်ပေါက်စေရန် ဝါး၊ ဓနိဆိုင် ဖွင့်လှစ်ရောင်းချသူများအပါအဝင် စီးပွားရေးလုပ်ကိုင်သူများ၏ လှုံ့ဆော်မှုများနှင့် နိုင်ငံရေးအယောင်ပြလုပ်စားသူအချို့၏ မြောက်ပင့်မှုများကြောင့် ကျူးကျော်သူများစသည်ဖြင့် ကျူးကျော်မှုမျိုးစုံ ရှိခဲ့ပါတယ်။ အုပ်ချုပ်ရေးပိုင်းက အဆင့်ဆင့်သော တာဝန်ရှိသူများအနေဖြင့်လည်း တည်ဆဲဥပဒေများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်မှုမရှိဘဲ လျစ်လျူရှုထားသဖြင့် ကျူးကျော်နေထိုင်သူများ တစ်စတစ်စ တိုးတက်များပြားလာသည်ကိုလည်း တွေ့မြင်နေရပါတယ်။

**တဲအိမ်များ မှိုပေါက်သလို နေ့ချင်းညချင်းဆောက်**

မြန်မာနိုင်ငံတွင် ကျူးကျော်အိမ်ရာများ အုံနှင့်ကျင်းနှင့် ပေါ်ပေါက်ခဲ့မှု၊ ယင်းသို့ပေါ်ပေါက်ခဲ့မှုများ အပေါ် ဖြေရှင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်ပါက ခေတ်ပြောင်း၊ အုပ်ချုပ်ရေးပြောင်းလဲသည့် ကာလတိုင်းတွင် ယင်းကျူးကျော်အိမ်ရာ ပြဿနာကြီးထွားခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ၂၉-၄-၁၉၄၇ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်က လက်ခံအတည်ပြုပြီးနောက်ပိုင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ၄ နာရီ မိနစ်၂၀ အချိန်တွင် လွတ်လပ်ရေးရခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း အနယ်နယ်အရပ်ရပ်တွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများကြောင့် ပြည်သူများ ရာထောင်ချီ၍ နေ့စဉ်နှင့်အမျှ ရန်ကုန်မြို့သို့ ခိုလှုံရောက်ရှိခဲ့ပါတယ်။ ယင်းသောင်းကျန်းမှု စစ်ဘေးဒုက္ခသည်များသည် မြေနေရာလပ်၊ ကွက်လပ်မကျန်အောင် တဲအိမ်များ မှိုပေါက်သလို နေ့ချင်းညချင်း ဆောက်ခဲ့ကြပါတယ်။

ထိုစဉ်က ဘဏ္ဍာရေးချို့တဲ့နေသော ရန်ကုန်မြူနီစီပယ်အဖွဲ့အနေဖြင့် သန့်ရှင်းရေး မဆောင်ရွက်နိုင်သောကြောင့် အမှိုက်ပုံများ မြို့တွင်းမြို့ပြင် မြင်မကောင်းအောင် ခြင်တသောသော၊ ယင်တလောင်းလောင်းနှင့် ရန်ကုန်မြို့သည် အပုပ်ကောင်ကြီးသဖွယ် ဖြစ်နေခဲ့ပါတယ်။ ယင်းအခြေအနေမှာ နိုင်ငံအနှံ့ ပြည်တွင်းသောင်းကျန်းမှုအတွက် ခိုလှုံရန်ပြောင်းရွှေ့အခြေချမှုနှင့် ဆက်နွှယ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခု ဦးဝိစာရလမ်းဟုခေါ်တွင်ပြီး အင်္ဂလိပ်တို့က တိုက်ဂါးအယ်လီ (Tiger Alley) ဟုအမည်ပေးထားသည့် ရှေးမြန်မာအခေါ် "ဆင်လမ်း"၏ ဘေးတစ်ဖက်တစ်ချက်တွင် လည်းကောင်း၊ ဗိုလ်ချုပ်စလင်း၏ ကပ္ပလီတပ်ဖွဲ့များ အခြေစိုက်ခဲ့ဖူး၍ ကပ္ပလီရပ်ကွက်ဟုခေါ်သော တော်လှန်ရေးပန်းခြံနေရာ၊ စစ်ကျန်ပစ္စည်းများ စုစည်းထားရာ သံပုံချိုင့်ဟုခေါ်သော ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် မြောက်ဘက်မုခ်အကြား ယခုအခါ ရှင်ဥပဂုတ္တမထေရ် ကိန်းဝပ်ရာနေရာ စသည်တို့သည် ထိုစဉ်က ကျူးကျော်နေထိုင်သူများနှင့် ပြည့်ကျပ်နေခဲ့ပါတယ်။

**မြို့တော်ကို ချွေးနှင့်ဆေးမည်**

၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရ တာဝန်ယူခဲ့ပြီးနောက် ဗိုလ်မှူးကြီးထွန်းစိန် မြို့တော်ဝန်အဖြစ်တာဝန်ယူသောအခါ ကျူးကျော်တဲအိမ်နှင့် လမ်းဘေးဈေးဆိုင်များ လွှမ်းခြုံထားသော ရန်ကုန်မြို့ကြီးကို "မြို့တော်ကို ချွေးနှင့်ဆေးမည်" ဟူသော ကြွေးကြော်သံနှင့်အညီ နေ့မအား၊ ညမနား အပြင်းအထန် ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ရာ ထိုစဉ်က ရန်ကုန်မြို့တော်သည် သန့်ရှင်းသပ်ရပ်လှပ၍ သိက္ခာကြန့်ရှိသော မြို့တော်ကြီးဖြစ်ခဲ့ပါတယ်။ ထိုစဉ်က ဆောင်ရွက်ခဲ့သော အကျိုးဆက်အဖြစ် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ သုဝဏ္ဏမြို့သစ်များ ပေါ်ထွန်းခဲ့ပါတယ်။

**သန့်ရှင်းမှုထွန်းကားသည့်မြို့ဖြစ်ခဲ့**

ယင်းအချိန် ရန်ကုန်မြို့သည် မြို့တော်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလာခြင်းသည် ယင်းကာလအုပ်ချုပ်သူတို့၏ အစီအမံကောင်းမွန်တိကျပြတ်သားမှု၊ တရားဥပဒေနှင့်အညီ ကြောသား၊ ရင်သားမခွဲခြားဘဲအရေးယူမှု၊ တာဝန်ပေးအပ်ခံရသူတို့သည် တာဝန်မရှောင်လွှဲဘဲ အားစိုက်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုတို့၏ အကျိုးရလဒ်ဖြစ်ပါတယ်။ ယခုခေတ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတို့အတွက် အတုယူစရာဖြစ်ပါတယ်။ ယင်းအချိန် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူတို့၏ တာဝန်ယူ၊ တာဝန်ခံကာ ဆောင်ရွက်မှုကြောင့် ရန်ကုန်မြို့တော်သည် အရှေ့တောင်အာရှတွင် ထိုစဉ်က သန့်ရှင်းမှုထွန်းကားသည့်မြို့ ဖြစ်ခဲ့ပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၅-၁၂-၁၉၇၃ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပကာ ၃-၁-၁၉၇၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့်ပေါ်ထွန်းလာသည့် အစိုးရ၏ကနဦးကာလ ၁၉၇၄ ခုနှစ်တွင် အရေးအခင်းအသီးသီးပေါ်ပေါက်ခဲ့၍ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းကို အရေးပေါ်အခြေအနေကြေညာကာ စစ်အုပ်ချုပ်ရေးအာဏာအပ်နှင်း၍ အုပ်ချုပ်ခဲ့ဖူးပါတယ်။ ထိုသို့ ခေတ်စနစ်အကူးအပြောင်းကာလတွင် နိုင်ငံတစ်ဝန်းလုံး၌ ကျူးကျော်အိမ်ရာဆောက်လုပ်နေထိုင်မှု အများအပြားပေါ်ပေါက်ခဲ့ပါတယ်။

**အချိန်ကြာမြင့်စွာ လျစ်လျူရှုထား**

ထိုသို့ အစိုးရမြေပေါ်တွင် အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်လာမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးရုံး ရန်ကုန်မြို့က ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့စွဲပါ အမှာစာ၊ စာအမှတ် ၃၀-မတခ/၃၈/၇၅(၉၈၁) ကို ထုတ်ပြန်ခဲ့ရာတွင် "မြန်မာနိုင်ငံအရပ်ရပ်တွင် ဥပဒေဖောက်ဖျက်ကျူးလွန်ပြီး ကျူးကျော်နေအိမ်များဆောက်လုပ်နေထိုင်ကြသည်ကို တွေ့ရှိရပါတယ်။ ယင်းကျူးကျော်နေအိမ်များ များပြားလာပြီး ကျူးကျော်ရပ်ကွက်ကြီးများ မကြီးထွားလာစေရန် ထိန်းသိမ်းအရေးယူရန် အရေးကြီးပါသည်။ ကျူးကျော်နေအိမ်များ များပြားလာသည်အထိ အချိန်ကြာမြင့်စွာ လျစ်လျူရှုထားလျှင် ကြီးထွားလာပြီး ပြောင်းရွှေ့ရန်ဆောင်ရွက်သည့်အခါတွင်လည်း နေရာအစားပေးရန် အခွင့်အရေးတစ်ရပ် တောင်းခံတတ်ကြပါသည်။ လူမှုရေးရှုထောင့်မှ ကြည့်ရသည့်ကိစ္စများရှိသော်လည်း အမှန်မှာ မည်သည့်အခွင့်အရေးမျှ တောင်းဆိုပိုင်ခွင့်မရှိပါ"ဟူ၍ ဖော်ပြထားပါတယ်။

ယင်းအမှာစာတွင် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်နေရာဒေသအလိုက် ကျူးကျော်နေအိမ်များ ဖယ်ရှားရန် နည်းလမ်းကို ဖော်ပြထားပါတယ်။ အထက်မြန်မာပြည်အတွက် အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၂၅(ဃ)အရလည်းကောင်း၊ အောက်မြန်မာပြည်အတွက် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၁၉၊ ၂၀နှင့် ၂၁တို့အရ အခွန်အရာရှိ (ယခုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး)သည် သတ်မှတ်ထားသော နို့တစ်စာပုံစံဖြင့်ဖယ်ရှားရန် ဆင့်ဆိုနိုင်ပြီး ဖယ်ရှားခြင်းမရှိပါက လူအပေါ်ဆောင်ရွက်နိုင်မှုနှင့် နေအိမ်အဆောက်အအုံအား ဖယ်ရှားနိုင်ပုံများကို ဥပဒေအချက်အလက်အပြည့်အစုံကို ရည်ညွှန်း၍ လုပ်ကိုင်ဆောင်ရွက်မှုနည်းစနစ်များကို အသေးစိတ် ညွှန်ကြားထားပါတယ်။

**ဥပဒေအရ ဖယ်ရှားခြင်းဖြစ်**

ထို့အတူ ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေအရ အာဏာအပ်နှင်းထားခြင်းခံရသူ အခွင့်ရအာဏာပိုင်က အစိုးရအိမ်ဥပစာ (အဆောက်အအုံနှင့် စပ်ဆိုင်လျက်ရှိသော ပန်းခြံ၊ မြေယာအပါအဝင်) တွင် ခွင့်ပြုချက်မရှိဘဲ နေထိုင်သူ၊ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးနောက် ဆက်လက်နေထိုင်သူများကို နို့တစ်စာပေးကာ အင်အားသုံး၍ ဖယ်ရှားနိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်ရှိ Morning Star စားသောက်ဆိုင်ကို ၁၁-၆-၂၀၁၇ ရက် နံနက်ပိုင်းက အင်အားသုံးဖယ်ရှားခြင်းသည် ယင်းဥပဒေအရ ဖယ်ရှားခြင်းဖြစ်သည်ဟု သိရှိရပါတယ်။

၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄၄ နှင့် ၄၅ တို့တွင် အများပြည်သူအကျိုးငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့် မြေနှင့်အဆောက်အအုံများအပေါ် ကျူးကျော်မှုများအား ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်လုပ်ကိုင်နည်းစနစ်ကို ပြဋ္ဌာန်းထားပါတယ်။



Morning Star စားသောက်ဆိုင်ကို ဇွန် ၁၁ ရက် နံနက်က ဖယ်ရှားရှင်းလင်းစဉ်။
**ဓာတ်ပုံ-Thu Ya (Facebook Page)**

**ဥပဒေကြောင်းအရ မှန်ကန်မှုရှိသော်လည်း**

ယင်းသို့ ကျူးကျော်နေထိုင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဖယ်ရှားရှင်းလင်းနိုင်သည့် ဥပဒေများရှိနေကာမျှနှင့် တရားဥပဒေစိုးမိုးသည်ဟု မဆိုနိုင်ပါ။ တာဝန်ရှိသူတို့က တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဥပဒေစည်းနှောင်မှုရှိအောင် ဆောင်ရွက်ခြင်း (Enforcement of Law) ပြုမှုမှသာ တရားဥပဒေစိုးမိုးမှု(Rule of Law) ရှိပါမည်။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျူးကျော်အိမ်ရာများကို ဖယ်ရှားရာတွင် ဥပဒေကြောင်းအရ မှန်ကန်မှုရှိသော်လည်း ကျူးကျော်အိမ်ရာများ ဖယ်ရှားမှုကြောင့် ဖယ်ရှားခံရသူများအနေဖြင့် တဲအိမ်ပစ္စည်းများ ဆုံးရှုံးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ မောပန်းနွမ်းလျမှုဖြစ်ရခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဝမ်းနည်းကြေကွဲခြင်းများ ဖြစ်ရသကဲ့သို့ တာဝန်အရ ဆောင်ရွက်ရသူများအပိုင်းကလည်း ရုပ်ပိုင်းဆိုင်ရာပင်ပန်းရခြင်း၊ စိတ်ပိုင်းဆိုင်ရာမချမ်းမြေ့ မရွှင်လန်းဖြစ်ရခြင်းများရှိခဲ့ကြောင်း ကြားသိရပါတယ်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်စဉ်က ကျူးကျော်ဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးအဖွဲ့နှင့် ဌာနဆိုင်ရာ စုံညီအစည်းအဝေးတွင် မှာကြားချက်ကို အမှတ်ရမိပါတယ်။ ယင်းမှာကြားချက်တွင် ယခုကဲ့သို့ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း တာဝန်အရ ဆောင်ရွက်ကြရာမှာ ကိုယ့်နိုင်ငံသူ၊ နိုင်ငံသားများဖြစ်နေ၍ ဖယ်ရှားခံရသူများ လက်တလောနေစရာမရှိပါက ခေတ္တနေရာ စီစဉ်ပေးရန်၊ အစားအသောက်များလိုအပ်ပါက ထောက်ပံ့ရန်နှင့် ဖယ်ရှားခံရသူများထဲမှ သက်ကြီးရွယ်အိုနှင့် ငယ်ရွယ်သူ ကလေးသူငယ်များကို အဓိကထား၍ ကျန်းမာရေးစောင့်ရှောက်ရန်၊ မေတ္တာ၊ ကရုဏာထား၍ ဆောင်ရွက်ကြရန် အလေးအနက်ထား၍မှာကြားခဲ့ခြင်းဖြစ်ပါတယ်။

**လိုက်နာကျင့်သုံးအပ်သော ကျင့်စဉ်နှစ်ရပ်**

လူတစ်ဦးတစ်ယောက်၏ ဘဝတည်ထောင်ရာတွင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတော်တည်ထောင်မှု၌ဖြစ်စေ လိုက်နာကျင့်သုံးအပ်သော ကျင့်စဉ်နှစ်ရပ်ကို London SOAS University မှ Professor Khan က ညွှန်ကြားပြောဆိုရာတွင် မလုပ်သင့်သည်ကိုလုပ်ခြင်း (Error of Commission)၊ လုပ်သင့်သည်ကို မလုပ်ခြင်း (Error of Ommission)ကို ရှောင်ကြဉ်ရန်ဖြစ်ပါတယ်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသော ယခုကဲ့သို့ကာလတွင် ကျူးကျော်အိမ်ရာဆောက်လုပ်နေထိုင်သူများသည် နိုင်ငံတော်ပိုင်မြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ တဲအိမ်များ မဆောက်သင့်သကဲ့သို့ တာဝန်ရှိသူအုပ်ချုပ်ရေးပိုင်းကလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုကို အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သို့မှသာ တရားဥပဒေစိုးမိုးပြီး နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် ဥပဒေဘောင်အတွင်း ဥပဒေနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ခြင်းအားဖြင့် ဘေးကင်းရန်ကွာ စိတ်ချမ်းသာမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

# ဆေးလိပ်ကင်းစင်နယ်မြေဟူသည်

အောင်ကျော်ညို
(ဆင်ချဆိပ်)

ကျောင်းတက်ရက်တိုင်း သားငယ်ကို ကားဂိတ်သို့ လိုက်ပို့နေကျ။ ညနေဘက် ကျောင်းမှအပြန် ကားဂိတ်မှာသွားကြိုနေကျ။ ဖခင်တစ်ဦး၏ဝတ္တရား ပျက်ကွက်မှုမရှိခဲ့ပါ။ ယနေ့လည်း သားငယ်ကို ကားဂိတ်သို့ လိုက်ပို့ရင်း သားငယ်စီးမည့် ၃၂ YBS ကို စောင့်နေတုန်း သားငယ်လွယ်အိတ်မှာ တွေ့လိုက်ရသည်က စီးကရက်တစ်ဘူး။ ယူကြည့်လိုက်တော့ လေး၊ ငါး လိပ် ကျန်နေသေးသည်။ တချို့တစ်ဝက်ကို မိဘများမသိအောင် သောက်ပြီးနေပြီ။

စီးကရက်ဘူးကို သားငယ်ကိုပြလိုက်တော့ သူ့မျက်နှာမှာ အံ့သြသည့် လက္ခဏာမပြ။ အိတ်ထဲပြန်ထည့်ပေးလိုက်ပြီး သားအမေတွေ့ရင် စိတ်မကောင်းဖြစ်မှာဟု ပြောလိုက်ရသည်။ ဖခင်တစ်ဦးဖြစ်သူ မိမိမှာလည်း စိတ်မချမ်းသာဖြစ်ရသည်။ "မသောက်နဲ့"ဟု ယတိပြတ်မပြောရက်။ အခြေခံကျောင်းသားဘဝမှာ ဒါမျိုးရှိခဲ့ပါလျက် တက္ကသိုလ်ရောက်မှ လူပေါင်းဆုံ့ကာ သောက်တတ်၊ စားတတ်လာမှုက ကောင်းသည့်လက္ခဏာမဟုတ်။ မသောက်သင့်ကြောင်း ကျိုးကြောင်းရှင်းပြတာ အလီလီအခါခါရှိပြီးလည်း "အင်း"မလုပ်၊ "အေး" မလုပ်နှင့် မည်သို့မှ ပြန်မပြော။ မိမိစကားသာ အဖတ်တင်ကာ အဟောသိကံဖြစ်သွားရသည်။

သမီးမိန်းကလေးအရွယ်ရောက်လျှင် အမေက ဆိုဆုံးမရသည်။ သားယောကျ်ားလေးဆိုပါက အဖေ့တာဝန်။ မြန်မာ့လူမှုကျင့်ဝတ်တရား တက္ကသိုလ်ကျောင်းသားဖြစ်နေပြီမို့ ပညာတတ်ကလေးမို့ ကျိုးကြောင်းရှင်းပြကာ အဆိုးအကောင်းကို ခွဲခြားသိစေပြီးလည်း သားငယ်က လက်မခံနိုင်သေး။ သားငယ်ဝယ်သောက်နေကျ စီးကရက်ဘူးခွံမှ ကြောက်စရာကင်ဆာရုပ်ပုံသည်လည်း ထိရောက်မှုမရှိ။ ဘာမှမသိသလို အန္တရာယ်ကို ထိမှ သိမည့်သဘောဖြစ်နေသည်။

တက္ကသိုလ်၏ သဘာဝ အယုတ်၊ အလတ်၊ အမြတ် စသည်ဖြင့် လူပေါင်းစုံသည်။ အကျင့်စရိုက်စုံသည်။ ရွေးချယ်ပြီး မပေါင်းသင်းတတ်ပါက မလွယ်ပေ။ ဤသို့ဖြင့် သားငယ်ဆေးလိပ်သောက်တတ်လာသည်။ အိမ်မှာတော့ မဟုတ်။ ကျောင်းသို့ရောက်သည်နှင့် လက်ဖက်ရည်ဆိုင်မှာ၊ ထမင်းဆိုင်မှာ၊ သူငယ်ချင်းများနှင့် ဆုံရင်း၊ စကားတဖောင်ဖောင်ပြောရင်း၊ ဆေးလိပ်လည်း ဖွာရင်းနှင့်။ ဤသည်ပင် သားငယ်တို့ကျောင်းသားလေးများအတွက် စတိုင်လ်တစ်ခုဖြစ်နေပုံရသည်။

ဆေးလိပ်ဆိုသည်မှာ သောက်မိပြီဆိုလျှင် စွဲမြဲစေသည့်အရာ။ ကြာလျှင် မသောက်ရ မနေနိုင်အောင်အထိ ဖြစ်လာစေသည်။ ထမင်းတစ်နပ်မစားရ နေနိုင်သည်။ ဆေးလိပ်မသောက်ရမနေနိုင်။ ဆေးလိပ်စွဲမြဲသူများ၏ ပြောစကား မသောက်ရလျှင် ပါးစပ်ချဉ်လာသည်ဟုဆိုသည်။ တချို့က ဆေးလိပ်သောက်တတ်သည်ဟု ဆိုရမည်လား။ ဖွာရုံပဲဖွာသည်။ အတွင်းသို့ ရှိုက်မသွင်း၊ လူအများက ရှိုက်သွင်းမှ အရသာတွေ့သည်ဟု ဆိုသည်။ ရောဂါကို ပိုက်ဆံပေးဝယ်နေကြသူများအတွက်မူ ဆေးလိပ်ကို နေရာအနှံ့မှာ အသက်အရွယ်မရွေး ကြိုက်သလောက်ဝယ်ယူ၍ ရနေသည်။ အထူးသဖြင့် ကွမ်းယာဆိုင်များ၊ မြို့ပြရပ်ဝန်းမှာ ကွမ်းယာဆိုင်များ လက်ညှိုးထိုးမလွဲရှိနေသည်။ အတားအဆီးမရှိ အပြိုင်အဆိုင် ရောင်းနေကြသည်။ ဤသို့ဖြင့် ပါးစပ်ကင်ဆာ၊ အဆုတ်ကင်ဆာ ဝေဒနာရှင်များကို တိုးပွားလာစေသည်။ မိမိ၏ ဆွေမျိုးတစ်ဦးဆိုလျှင် မကြာမီရက်ပိုင်းက ဆေးလိပ်၏အကျိုးဆက် အဆုတ်ကင်ဆာနှင့်ဆုံးသွားသည်။ ထို့ကြောင့်လည်း သိပ္ပံစာရေးဆရာကြီး မှူးတင်က ဆေးလိပ်စွဲမြဲသူများကို 'သေချင်းဆိုးများ'ဟု ရင့်ရင့်သီးသီး ပြောခဲ့ဖူးသည်။

ဆေးလိပ်သည် သောက်သုံးသူကိုသာ ဒုက္ခပေးသည်မဟုတ်။ မသောက်သုံးပါလျက် တစ်ဆင့်ခံ အငွေ့ရှူရှိုက်သူကိုလည်း တူသောဆိုးကျိုးပေးသည်။ ဆေးလိပ်သမားတစ်ဦးကြောင့် နီးစပ်ရာအဝန်းအဝိုင်းကိုလည်း မျှဝေဒုက္ခရောက်စေသည်။ ဤကဲ့သို့ ရှူသူကိုရော ဝန်းကျင်ကိုပါ ဒုက္ခဖြစ်စေသော ဆေးလိပ်ကိုမှ သံယောဇဉ်တွယ် စွဲမြဲနေသူများအား လူ့အမှိုက်များဟု ခံစားမိလည်း မပြောရက်ပါ။ အကြောင်းမှာ မိမိသားငယ်ကိုယ်တိုင်က ဆေးလိပ်သောက်စပြုနေသူဖြစ်၍ပင်။

ယခု အများအခေါ်အဝေါ် ဆေးလိပ်၊ စီးကရက်။ တစ်ချိန်က ဆေးတံ။ "ဆေးတံတိုတစ်ညိုလောက် ရှော့သောက်တော့ပေး မယူလိုက်တော့ မိုက်တယ်ထင် ယူလိုက်ပြန်တော့ကြိုက်တယ်ထင်၊ သောက်စေချင် ခုတင်မှာ ထောင်ထားခဲ့ ညိုနွဲ့ရယ်လေး" ရှေးပဒေသရာဇ်ခေတ်က ဆေးတံသောက်ခြင်း အချိုးတစ်ခု။ မိမိတို့နိုင်ငံ၏ ရှေးဟောင်းမြို့တော် ဝေသာလီ၊ ဗိဿနိုးမြို့များတူးဖော်ရာတွင်လည်း ရှေးဟောင်းလူ့အဖွဲ့အစည်းအသုံးအဆောင်များနှင့်အတူ မြေဆေးတံများကို တွေ့လာရသည်။ ကာလရှည်ကြာ အမြစ်တွယ်လာခဲ့သော ဆေးတံသောက်မှု သမိုင်းမှတ်တမ်းများပင်ဖြစ်သည်။

မျက်မှောက်ကာလအထိ ကျေးလက်ဒေသများတွင် ဆေးလိပ်သည် ကွမ်း၊ လက်ဖက်၊ ရေနွေးကြမ်းနှင့်အတူ အိမ်ဦးခန်းမှာ နေရာယူထားဆဲပါ။ သမိုင်းအစဉ်အလာနှင့် စွဲမြဲလာခဲ့သော ဆေးတံ၊ဆေးလိပ် သောက်သုံးမှုသည် တစ်ချိန်က ဆိုးပြစ်ကိုမသိခဲ့ပြီးလည်း မျက်မှောက်ကာလနည်းပညာခေတ်တွင် တိတိကျကျ သိရှိလာကြပြီဆိုသည့်တိုင် လိုက်နာမှုအပိုင်းတွင် အားနည်းနေကြဆဲပင်။ မိမိသားငယ်သည် အဆင့်မြင့်တက္ကသိုလ်တစ်ခုကို တက်ရောက်နေပါလျက် စီးကရက်သောက်တတ်လာမှုက နမူနာပြယုဂ်တစ်ခုဟုဆိုရမည်။ သားငယ်တစ်ယောက်စီးကရက်ဆိုးပြစ်ကို မသိ၍မဟုတ်။ ပညာတတ်တစ်ယောက်ပီပီ သိပင်သိနေပြီးလည်း 'အသိခေါက်ခက်၊ အဝင်နက်'ဟု ဆိုရမည်လား။ လူငယ်ပီပီ လက်တည့်စမ်းချင်သည့် သဘောလား။ ဤသည်ပင် လွတ်လပ်ပေါ့ပါး ပညာသင်ခွင့်ရနေသော တက္ကသိုလ်၏ ရသတစ်ခုလား တွေးကြည့်မိသည်။ တစ်ချိန်ချိန်သားငယ်စီးကရက်ဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပြီးဖြစ်ပါသည်။ အကြောင်းမှာ သားငယ်၏မိဘနှစ်ပါးစလုံးဖြစ်သူ မိမိတို့ကိုယ်တိုင်က ဆရာ ဆရာမများပီပီ စီးကရက်မသောက်သူများဖြစ်နေ၍ပင် ဖြစ်ပါသည်။

စီးကရက်သည် မိမိတို့တစ်နိုင်ငံတည်း သောက်သုံးသည်မဟုတ်။ ကမ္ဘာနှင့်အဝန်း ကွက်လပ်မရှိဟုဆိုရမည်။ စီးကရက်သောက်သုံးမှု စစ်တမ်းတစ်ခုတွင် မိမိတို့နိုင်ငံ၏အိမ်နီးချင်းဖြစ်သည့် နိုင်ငံကြီးတစ်ခု၏ တစ်နိုင်ငံလုံး အတိုင်းအတာအရ ဆေးလိပ်သောက်သုံးမှုသည် တစ်စက္ကန့်လျှင် စီးကရက်သောက်သုံးသူပေါင်း ငါးသိန်းရှိသည်ဟု သိရသည်။ ကြောက်ခမန်းလိလိ စီးကရက်သောက်သုံးမှုပင် ဖြစ်၏။ ဤသို့သောက်သုံးမှုမှာ သူတို့နိုင်ငံတွင် ရာသီဥတုအေးလွန်းမှုနှင့်လည်း ဆက်စပ်နိုင်ပါသည်။ မည်သို့ဆိုစေ စီးကရက်သည် ကမ္ဘာနှင့်အဝှမ်းတွင် လူသားတို့အတွက် မသောက်ရမနေနိုင်ဖြစ်လာနေသည့် အာဟာရဓာတ်စာတစ်မျိုးဟုဆိုရမည်။ သို့သော် လူ့ခန္ဓာကိုယ်ကိုအကျိုးပြုသည့် ကောင်းသော ဓာတ်စာမဟုတ်ပါ။

မိမိတို့နိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးခြောက်ခုတွင် ဆေးလိပ်ကင်းစင်နယ်မြေများ ထူထောင်ရန်စီစဉ်ဟူသည့် မင်္ဂလာသတင်းတစ်ပုဒ် ဖတ်ရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုရှိ အများပြည်သူ ဝင်ထွက်သွားလာမှုများသည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်သော မြို့တော်၊ နယ်မြေများ သတ်မှတ်ရန် စီစဉ်လာနေခြင်းပင် ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ အများပြည်သူဝင်၊ ထွက်သွားလာမှုရှိသည့် ဘုရားများ၊ ဆေးရုံဆေးပေးခန်းများ၊ ကျောင်းများတွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ ထူထောင်သွားမည်ဟု သိရသည်။

ဆေးလိပ်မသောက်သူများ တစ်ဆင့်ခံဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ရန်၊ လူငယ်များ စောစီးစွာ ဆေးလိပ်ဖြတ်နိုင်ရေးအတွက် အားပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟုသိရသည်။ ကောင်းသော အစီအမံဖြစ်သည်။ စစ်ဆေးမှုအပိုင်းကလည်း အရေးကြီးသည်။ အထူးသဖြင့် မြို့ပြလိုင်းကားများတွင် ဆေးလိပ်သောက်သူမှာ ခရီးသွားများ မဟုတ်ကြ။ ကားဒရိုင်ဘာများ ဖြစ်နေသည်။ ကားပေါ်တွင် ပေါ်ပေါ်ထင်ထင်ကပ်ထားသည့် "ဆေးလိပ်မသောက်ရ"၊ "ကွမ်းမစားရ" သတိပေးစာတန်းများလည်း သူတို့နှင့်မသက်ဆိုင်သယောင်။

စည်းကမ်းချမှတ်ပေးမှုသည်လွယ်၏။ လိုက်နာမှုအပိုင်းမှာ အားနည်းတတ်သည်။ ဆေးလိပ်တစ်ခုတည်းမဟုတ်။ အခြားအခြားသော စည်းကမ်းကောင်းများလည်း ထိုနည်းလည်းကောင်းပင်။ ဤအချက်များသည် နိုင်ငံတစ်ခုဖွံ့ဖြိုးမှုတွင် ကြီးစွာအဟန့်အတားဖြစ်စေသည်။ သမိုင်းနှင့်ချီခဲ့သည့် မိမိတို့နိုင်ငံ၏ ခါးသီးမှုအတွေ့အကြုံများပင်ဖြစ်ပါသည်။ ယင်းတို့အနက် အသေးအမွှားဟုဆိုပြီးလည်း အန္တရာယ်များသည်မှာ ဆေးလိပ်သောက်သုံးခြင်းလည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ သောက်သုံးသူ၏ဘဝကို အသက်အန္တရာယ်ဖြစ်စေပြီး ပတ်ဝန်းကျင်ကိုလည်း ထပ်တူဒုက္ခဖြစ်စေသော သေမင်းတမန်ဟုဆိုက မမှားပါ။

**စည်းကမ်းချမှတ်ပေးမှုသည်လွယ်၏။ လိုက်နာမှုအပိုင်းမှာ အားနည်းတတ်သည်။ ဆေးလိပ်တစ်ခုတည်းမဟုတ်။ အခြားအခြားသော စည်းကမ်းကောင်းများလည်း ထိုနည်းလည်းကောင်းပင်။ ဤအချက်များသည် နိုင်ငံတစ်ခုဖွံ့ဖြိုးမှုတွင် ကြီးစွာအဟန့်အတားဖြစ်စေသည်။ သမိုင်းနှင့်ချီခဲ့သည့် မိမိတို့နိုင်ငံ၏ ခါးသီးမှုအတွေ့အကြုံများပင်ဖြစ်ပါသည်။ ယင်းတို့အနက် အသေးအမွှားဟုဆိုပြီးလည်း အန္တရာယ်များသည်မှာ ဆေးလိပ်သောက်သုံးခြင်းလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။ သောက်သုံးသူ၏ဘဝကို အသက်အန္တရာယ်ဖြစ်စေပြီး ပတ်ဝန်းကျင်ကိုလည်း ထပ်တူ ဒုက္ခဖြစ်စေသော သေမင်းတမန်ဟုဆိုက**

မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကိုကောင်းအောင်ကြိုးစားမည် အစချီသော ကျောင်းဆောင်ပုဒ်အတိုင်းပင် ဦးစွာပထမ မိမိကစ ဆေးလိပ်သောက်သုံးခြင်း သံယောဇဉ်ကို ဖြတ်တောက်ခြင်းဖြင့် ပတ်ဝန်းကျင်အကျိုးကိုလည်း သယ်ပိုးရာရောက်သည့် တစ်ချက်ခုတ် နှစ်ချက်ပြတ်သော နည်းလမ်းကောင်းကို စတင်ကျင့်သုံးနိုင်ရမည်။ ဤသည်ပင် အမျိုးကောင်းသားတို့၏ အမူအကျင့်ကောင်းတစ်ခု မဟုတ်တုံပါလော။ မိမိသားငယ်အပါအဝင် မျိုးဆက်သစ်လူငယ်လေးများအားလုံး လမ်းကြောင်းမှန်ပေါ်မှာ ပညာပြည့်ဝနှလုံးလှသူများဖြစ်လာပြီး သူတို့ဘဝလေးများ မိုးဆမ်းပန်းပမာ လန်းဆန်းကာ လောကကိုအလှဆင်နိုင်သူများ ဖြစ်လာနိုင်ကြပါစေကြောင်း ဆန္ဒပြုမိသည်။

အမှန်မှာ ဆေးလိပ်ကင်းစင်နယ်မြေဟူသည် အကန့်အသတ်ရှိပြီးသား။ နယ်မြေကျယ်ကျယ်ဝန်းဝန်းကား မဟုတ်ပါ။ လူတစ်ဦးချင်း စိတ်နှင့် နှုတ်ခမ်းဖျား များသာဖြစ်ပါသည်။ လူတိုင်း ဆေးလိပ်သံယောဇဉ်ဖြတ်တောက်နိုင်ကြပါစေ။ ။

## ဈေးကွက်အခြေပြု ဆန်စပါးထုတ်လုပ်မှုတိုးမြှင့်ရန် မြန်မာ-ဂျပန်ပညာရှင်များ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

ဆန်စပါးမျိုးသန့်မျိုးစေ့ ရရှိသုံးစွဲနိုင်မှုမြှင့်တင်ရေးစီမံကိန်း ဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တတ်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် JICA မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Masayuki KARASAWA တို့က ဆန်စပါးမျိုးသန့်မျိုးစေ့ ရရှိသုံးစွဲနိုင်မှုမြှင့်တင်ရေး စီမံကိန်းဆွေးနွေးချက်မှတ်တမ်းအား လက်မှတ်များရေးထိုးခဲ့ကြသည်။



ဆန်စပါးမျိုးသန့်မျိုးစေ့ ရရှိသုံးစွဲနိုင်မှုမြှင့်တင်ရေး စီမံကိန်းကို ဂျပန်နိုင်ငံမှ ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်သည်။ စိုက်ပျိုးရေးသုတေသနတွင် မိဘမျိုးစေ့မျိုးသန့် ပွားများရေးလုပ်ငန်းများ၏ နည်းပညာအပိုင်း၊ ထုတ်လုပ်မှုအပိုင်း၊ ဖြန့်ဖြူးမှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး စီးပွားဖြစ် ဆန်စပါးမျိုးကောင်းမျိုးသန့် ရရှိသုံးစွဲမှုမြှင့်တင်ရေးစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီး ခရိုင်ခြောက်ခု၊ မြို့နယ် ၂၆ ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မြို့နယ်ခုနစ်ခုတို့ တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အပါအဝင် မျိုးသန့်စံပြခြံများတွင် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရန်အတွက် နည်းပညာများ၊ ဈေးကွက်အခြေပြု ဆန်စပါးသီးနှံ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးဆောင်ရွက်မည်ဖြစ်ရာ ရလဒ်အဖြစ် မျိုးစေ့ထုတ်လုပ်သူတောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ အကျိုးအမြတ်ရရှိခံစားနိုင်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ၂၀၁၇ စက်တင်ဘာမှ ၂၀၂၃ ဖေဖော်ဝါရီအထိ ငါးနှစ်တာ စီမံကိန်းကာလထားရှိဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းရှိ မျိုးစေ့ခြံနှင့် မျိုးစေ့ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ စပါးအရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းများကို ဂျပန်နည်းပညာနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီးပွားဖြစ် စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးနိုင်စေမည်ဖြစ်သည့်အတွက် စီမံကိန်းဒေသတွင်းရှိ ဆန်စပါးထုတ်လုပ်မှု ပိုမိုမြင့်မားလာကာ အရည်အသွေးကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းကြောင့် နိုင်ငံတကာဈေးကွက်ဝင် စပါးများ ထုတ်လုပ်ရရှိနိုင်ပြီး တောင်သူလယ်သမားများအတွက် များစွာအကျိုးကျေးဇူးရရှိစေမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရင်းနှီးမြှုပ်နှံသူထံမှ နည်းပညာများရယူနိုင်ရန် လိုအပ်သည်များ ပြင်ဆင်လျက်ရှိ

**နေပြည်တော် ဇွန် ၂၂**
အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးပါက နည်းပညာလွှဲပြောင်းမှုစာချုပ်များ ချုပ်ဆိုပါက နည်းပညာပေးသူနှင့် ရယူသူတို့အကြား ပိုမိုဆွေးနွေးဆောင်ရွက်လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပြုလုပ်၍ဖြစ်စေ၊ နိုင်ငံတော်အစိုးရနှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ လာရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံတကာကော်ပိုရေးရှင်းကြီးများနှင့် စီးပွားရေးစာချုပ်များချုပ်ဆိုရာတွင် စာချုပ်သက်တမ်းကုန်ဆုံးချိန်၌ လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်မှုဆိုင်ရာ နည်းပညာများအား လွှဲပြောင်းပေးရန်ဆိုသည့် အချက်ပါရှိ ခြင်း ရှိ မရှိ နှင့် မပါရှိပါက အနာဂတ်တွင်ချုပ်ဆိုသော စာချုပ်များ၌ ယင်းအချက်ကို ထည့်သွင်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထက်ပါအတိုင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက စီးပွားရေးဆိုင်ရာ စာချုပ်များချုပ်ဆိုရာတွင် ပဋိညာဉ်စာချုပ်၏ သဘောသဘာဝအရ ဆောင်ရွက်မည့်လုပ်ငန်းအပေါ် မူတည်ပြီး နှစ်ဦးနှစ်ဖက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းချုပ်ဆိုကြရပါကြောင်း၊ အချို့သော အဆင့်မြင့်နည်းပညာဆိုင်ရာကိစ္စများ၌ နည်းပညာပေးသူနှင့် ရယူသူအကြား ယုံကြည်မှုနှင့် နည်းပညာအား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အသုံးချနိုင်ရေးအတွက် နည်းပညာလွှဲပြောင်းလက်ခံသည့်နိုင်ငံတွင် လုံလောက်၍ ထိရောက်မှုရှိသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေး အကာအကွယ်ပေးရန် လိုအပ်ပါကြောင်း။

စီးပွားရေးဆိုင်ရာ စာချုပ်များချုပ်ဆိုရာတွင် လုပ်ငန်းဆိုင်ရာနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ လွှဲပြောင်းရယူနိုင်ရန် ထည့်သွင်းချုပ်ဆိုရာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ သို့မဟုတ် နိုင်ငံသားများနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအကြား ညှိနှိုင်းဆွေးနွေးချုပ်ဆိုမှုအပေါ်တွင် မူတည်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်ခြင်း ရှိ၊ မရှိနှင့် ရင်းနှီးမြှုပ်နှံသူက နည်းပညာလွှဲပြောင်းရယူနိုင်ခြင်း ရှိ၊ မရှိတို့ကို ထည့်သွင်းစဉ်းစားရပါကြောင်းကိုလည်း ဒုတိယဝန်ကြီးထံမှ သိရသည်။

**(သူရဇော်)**

## ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ငွေကျပ် ၇ ဒသမ ၄၅၅ ဘီလီယံ ခွဲဝေပေးခဲ့

**နေပြည်တော် ဇွန် ၂၂**
ပညာသင်ထောက်ပံ့ငွေ၊ ချီးမြှင့်ငွေများကို ပေးနိုင်ရန်အတွက် လိုအပ်သည့် အသုံးစရိတ်များကို ပညာရေးဝန်ကြီးဌာန၏ အဆိုပြုတင်ပြမှုအပေါ် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်ခွဲဝေချထားပေးသည့်အပြင် နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပညာရေးအသုံးစရိတ်များကို တိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါကြောင်း ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ်၏ **ပြည်သူအများ တယ်လီဖုန်းအသုံးပြုခြင်းမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ပညာရေးအတွက် မည်သို့ အသုံးပြုနေသည်ကို သိရှိလိုခြင်းနှင့် အခွန်ငွေထဲမှ အစိတ်အပိုင်းတချို့ကို ခွဲဝေသတ်မှတ်၍ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အလွန်ဆင်းရဲချို့တဲ့၍ အလွန်ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသားများအား ပညာသင်ထူးချွန်ထောက်ပံ့ဆုပေးရန် စီစဉ်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထက်ပါအတိုင်း ဖြေကြားသည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်သူများ တယ်လီဖုန်းအသုံးပြုခြင်းမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို နိုင်ငံတော်၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ငွေကျပ် ၇ ဒသမ ၄၅၅ ဘီလီယံကို ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်အဖြစ် ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် အသုံးစရိတ်ခွဲဝေရရှိသည့် ငွေကျပ် ၇ ဒသမ ၄၅၅ ဘီလီယံအား အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ကျောင်းသားများအတွက် စားသောက်စရိတ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့မှ ကျောင်းသားများအတွက် ပုံနှိပ်စာအုပ်များ ရိုက်နှိပ်ရန်တို့အတွက် ငွေကျပ် ၄ ဒသမ ၅၇ ဘီလီယံ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် ၆၀ တို့တွင် သင်ထောက်ကူပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် သုည ဒသမ ၅၁ ဘီလီယံ၊ ပညာရေးသုတေသနမှ ပညာရေးသုတေသနလုပ်ငန်းများနှင့် ခေတ်မီသင်ရိုးညွှန်းတမ်းရေးဆွဲခြင်းလုပ်ငန်းများအတွက် ငွေကျပ် သုည ဒသမ ၀၅ ဘီလီယံ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝေးလံသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများ နေထိုင်ရေးအဆင်ပြေရန် ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတတိုးပွားရန် စာကြည့်တိုက်များ ဆောက်လုပ်ရန်တို့အတွက် ငွေကျပ် နှစ်ဘီလီယံ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရနည်းပညာ အထက်တန်းကျောင်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများအတွက် လက်တွေ့သင်ကြားရေးသုံး သင်ထောက်ကူပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် သုည ဒသမ ၃၇ ဘီလီယံတို့ကို အသီးသီးသုံးစွဲခဲ့ပါကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းထံမှ သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံတော်မှ ကောက်ခံရရှိသည့် အခွန်ငွေထဲမှ အစိတ်အပိုင်းတချို့ကို ခွဲဝေသတ်မှတ်၍ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အလွန်ဆင်းရဲချို့တဲ့၍ အလွန်ပညာထူးချွန်သော တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသားများအား ပညာသင်ထူးချွန်ထောက်ပံ့ဆုအဖြစ် ပေးရန်အတွက် သီးခြားစီစဉ်ဆောင်ရွက်ထားမှုမရှိသေးပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေစီမံခန့်ခွဲမှုစနစ်အရ အခွန်အကောက်ရငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ဝင်ရောက်ပြီး ပညာရေးအပါအဝင် အသုံးစရိတ်များကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေနှင့်အညီ ခွဲဝေသုံးစွဲရခြင်းဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

**(သူရဇော်)**

■

✱ စာမျက်နှာ ၅ မှ
အကောင်အထည်ဖော်ရေး ကော်မတီများအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူကိုဗဟိုပြု၍ ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းကော်မတီ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြား၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များ၊ ပူးပေါင်းကူညီမှုများ ရယူဆောင်ရွက်ရန် ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယျောဖောင်အွာနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာဦးကွယ်ကွယ်တို့၏ မေးခွန်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **တာတမံဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းက တာတမံဥပဒေကြမ်းပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်နှစ်နှစ်အထိချမှတ်ရန် ပြည်သူ့လွှတ်တော်၏ အဆိုပြုချက်အား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ်အထိ ဖြစ်စေ၊ ငွေကျပ် နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ ပြင်ဆင်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ ပြင်ဆင်ရခြင်းသည် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ကာကွယ်ပေးသည့် ဥပဒေများ ရေးဆွဲရသည့်အတွက် ပြည်သူများ ကြောက်လန့်ရုံသာ ရည်ရွယ်ဆောင်ရွက်သင့်ပါကြောင်း၊ နစ်နာစေခြင်း၊ နာကြည်းစေခြင်းမဖြစ်ရန်လိုအပ်သည့်အတွက် ယခုကဲ့သို့ ပြင်ဆင်ရခြင်းဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားရာ လွှတ်တော်က ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၂**
၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများအကြား ပြန်လည်သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Kandawgyi Palace Hotel ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ကြားဖြတ်ရွေးကောက်ပွဲ၌ တွေ့ရှိခဲ့သည့် အားသာချက်အားနည်းချက်များကို ဆွေးနွေးသွားမှာဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် နည်းလမ်းများအား ဆွေးနွေးအကြံပြု ဖော်ထုတ်သွားရန်ဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရွေးကောက်ပွဲ စီမံခန့်ခွဲမှုများ ပိုမိုကောင်းမွန်ခဲ့ပြီး ယခင်ကရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိခဲ့သည့် ကျေးသီးနှင့် မိုင်းရှူးဒေသများတွင်လည်း ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကျင်းပမည့်ရက်အား ရက်ပေါင်း ၁၈၀ ကြိုတင်၍ ကြေညာခဲ့ခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် အချိန်ဇယားထုတ်ပြန်ကြေညာပေးခဲ့သဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများအားလုံး ပြင်ဆင်မှုများ ဆောင်ရွက်ရန် အချိန်လုံလောက်စွာ ရရှိခဲ့ကြောင်း၊ International IDEA၊ ဩစတြေးလျရွေးကောက်ပွဲကော်မရှင် (AEC) တို့နှင့်ပူးပေါင်း၍ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ဆင့်ပွားသင်တန်းများကို ထိရောက်မှုရှိစေရန် ဆောင်ရွက်ခဲ့ကြောင်း။

မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ အားနည်းချက်များအား ဖြေရှင်းနိုင်ရန် အိမ်တိုင်ရာရောက် (Door to Door) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အခက်အခဲများရှိခဲ့ကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် မဲဆန္ဒရှင်ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံပြင်ပရောက် ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် ကြိုတင်မဲလမ်းညွှန်စာအုပ်များပြုစု၍ နိုင်ငံခြားသံရုံးများသို့ပေးပို့ခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် အဆင်ပြေချောမွေ့ခဲ့ကြောင်း။

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများလိုက်နာရမည့်ကျင့်ဝတ်များကို အားလုံးက လိုက်နာကျင့်သုံးခြင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်တို့ကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ် လောင်းများအား သင်တန်းပို့ချပေးခဲ့ခြင်းနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းကြောင့် မဲဆွယ်စည်းရုံးစဉ်ကာလနှင့် မဲပေးခြင်းကာလများတွင် ကြီးမားသောပြဿနာများ မရှိခဲ့ကြောင်း။

ကော်မရှင်အနေဖြင့် ရှေ့ဆက်လက်၍ ကဏ္ဍ (၄)ရပ်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဏ္ဍ (၄) ရပ်မှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် ပြင်ဆင် ရေးဆွဲဆောင်ရွက်ခြင်း၊ မဲစာရင်း ပိုမိုပြည့်စုံမှန်ကန်ရေးအတွက် ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင် အသိပညာပေးခြင်းအား ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဝန်ထမ်းများအား စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များ၌ ကျွမ်းကျင်မှုရှိလာစေရေး အတွက် ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍ (၄) ရပ်နှင့် စပ်လျဉ်း၍လည်း ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက အခမ်းအနားအစီအစဉ်ကို ရှင်းလင်းပြောကြားပြီး International IDEA အဖွဲ့မှ Head of Country Office ဖြစ်သူ Mr. Mark McDowell က အဖွင့်နှုတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာတွေ့ရှိခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များကို အကြံပြုတင်ပြကြသည်။

ယင်းနောက် ရွေးကောက်ပွဲလုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီဖွဲ့စည်းခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့်ကျင့်ဝတ်၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများကို တရားဝင် အသိအမှတ်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲဆန္ဒရှင် သက်သေခံ လက်မှတ်ထုတ်ပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်ကြေညာခြင်းတို့နှင့် စပ်လျဉ်းပြီး တက်ရောက်လာသူများက အဖွဲ့ခွဲဖွဲ့ခွဲကာ အကြံပြုဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲကို ဇွန် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ဆိုင်းဂီတပညာရှင်များအသင်းဖွဲ့စည်းနိုင်ရေး မန္တလေးတွင်ဆွေးနွေး

**မန္တလေး ဇွန် ၂၂**

မြန်မာနိုင်ငံဆိုင်းဂီတပညာရှင်များအသင်း ဖွဲ့စည်းနိုင်ရေးအတွက် မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံတစ်ဝန်းမှ ဆိုင်းပညာရှင်များ၊ ဘိသိက်ပညာရှင်များနှင့် တည်ထောင်သူများတွေ့ဆုံ ပွဲကိုယနေ့မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီထိ မန္တလေးမြို့ Swan ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ တွေ့ဆုံပွဲသို့မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနာယက စည်သူဦးရွှေနန်းတင်၊ မြန်မာ့ဆိုင်းပညာရှင်များဖြစ်ကြသည့် ဦးစိန်တင့်လွင်၊ ဦးဗိုလ်ဗဒင်းနှင့် အထက်မြန်မာနိုင်ငံတစ်ဝန်းမှ ဆိုင်းဂီတပညာရှင်များ ဘိသိက်ပညာရှင်များနှင့်တည်ထောင်သူများ တက်ရောက်ခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)ကချမှတ်ခဲ့သည့် ထုတ်ပြန်ချက်(၁၀)ချက်အနက် "မြန်မာဆိုင်းဖျော်ဖြေရေးသည် ရိုးရာဖျော်ဖြေရေးစစ်စစ်ဖြစ်သောကြောင့် မြန်မာ့ရိုးရာဝတ်စုံ(မောင့်ကျက်သရေခေါင်းပေါင်း၊တိုက်ပုံ)ကိုမဖြစ် မနေဂုဏ်ပြုဝတ်ဆင်၍ တီးခတ်ဖျော်ဖြေရပါမည်ဟူသော အချက်တစ်ချက်မှအပ ကျန်အချက် ၉ချက်ကို လက်ခံနိုင်ခြင်းမရှိမှုနှင့်စပ်လျဉ်း၍ အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက်မြန်မာ့ဆိုင်းဂီတပညာရှင်များအသင်းကို သီးခြားအဖွဲ့အစည်းတစ်ရပ်အနေဖြင့် သင်းဖွဲ့စည်းမျဉ်းများ စနစ်တကျရေးဆွဲပြီး တည်ထောင်သွားရန် အများသဘောတူဆုံးဖြတ်ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ မန္တလေးမြို့မှဆိုင်းပညာရှင် ကိုသူရိန်က "ကျွန်တော်တို့အနေနဲ့ သဘင်အစည်းအရုံး (ဗဟို )က ထုတ်ပြန်ချက်တွေထဲမှာ အချက်တစ်ချက်ကိုပဲ လက်ခံပြီး ကျန်အချက်တွေကိုတော့ အငြင်းပွားဖွယ်ရာတွေ ပါဝင်နေတဲ့အတွက် လုံးဝလက်မခံနိုင်တဲ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံ ဆိုင်းဂီတပညာရှင်များအသင်းအဖြစ် သီးခြားဖွဲ့စည်းတည်ထောင်ဖို့ သဘောတူညီခဲ့ကြပါတယ်။

အခုလို ဆွေးနွေးပွဲမျိုးကို ရန်ကုန်မြို့မှာလည်း ဇွန် ၂၃ ရက်မှာ ကျင်းပသွားဖို့ရှိပါတယ်"ဟုပြောကြားသည်။

"အလှူမင်္ဂလာပွဲတွေမှာ မြန်မာဆိုင်းဝိုင်းကြီးတွေကို ခေတ်ပေါ်တေးသီချင်းတွေနဲ့ ဖျော်ဖြေပေးဖို့ တောင်းဆိုမှုတွေ ရှိပါတယ်။ ပရိသတ်တောင်းဆိုတဲ့ တေးသီချင်းတွေကို ဖျော်ဖြေပေးနိုင်ဖို့ မြန်မာ့ရိုးရာဆိုင်းဝိုင်းနဲ့ ပြည့်စုံအောင်ပံ့ပိုးပေးနိုင်ခြင်းမရှိတဲ့ တေးသီချင်းတွေအတွက် အနောက်တိုင်း တူရိယာတစ်မျိုးမျိုးနဲ့ တွဲဖက်တီးမှုတ်ရတာမျိုးလည်းရှိပါတယ်။

ဆိုင်းပညာရှင်တွေအနေနဲ့ မြန်မာ့ဆိုင်းပညာကို ရိုးရာမပျက် ထိန်းသိမ်းနေရသလို ပရိသတ်တောင်းဆိုမှုကိုလည်း ငြင်းပယ်ဖို့ ခက်ခဲတဲ့အတွက် ဂီတအမျိုးအစားစုံလင်အောင် တီးမှုတ်ဖျော်ဖြေနေရပါတယ်"ဟု အခြားဆိုင်းပညာရှင်တစ်ဦးက ပြောကြားသည်။

မန္တလေးမြို့တွင် မြန်မာ့ရိုးရာဆိုင်းဝိုင်း ၆၀ ကျော်၊ ဘိသိက်ပညာရှင် ၇၀ ခန့်အပါအဝင် အထက်မြန်မာနိုင်ငံတစ်ဝန်း၌ မြန်မာ့ရိုးရာဆိုင်းဝိုင်း ၄၀၀ ခန့်နှင့် ဘိသိက်ပညာရှင် ၂၀၀ ခန့် ရှိကြောင်း သိရသည်။

**အေးမြ ( မန္တလေး )**




# ဗြိတိန်နိုင်ငံဘုရင်မ မွေးနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ဗြိတိန်နိုင်ငံ၏ဘုရင်မ Her Majesty Queen Elizabeth II ၏မွေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဗြိတိန်နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအန်ထရူးပက်ထရစ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❂ **ကျောဖုံးမှ**

မိုးရေချိန်မှတ်တမ်းတွေမှာတွေ့ရပါတယ်"ဟု မုံရွာမိုး/ဇလရုံးတာဝန်ရှိသူက ရှင်းပြသည်။

မုံရွာ မိုး/ဇလမှတ်တမ်းများအရ ဇွန် ၂၀ ရက်တွင် ခန္တီးမြို့၌ တိုင်းထွာရရှိသောမြစ်ရေအခြေအနေ ၆၇၀ စင်တီမီတာမှ ၂၂ ရက် နံနက် ၆ နာရီတွင် ၇၅၅ စင်တီမီတာသို့ တက်လာသလို ဟုမ္မလင်း၌ ၂၅၈၆ စင်တီမီတာရှိရာမှ ၂၂ ရက်တွင်၂၆၆၀ စင်တီမီတာသို့ တက်လာသည်။ ဖောင်းပြင်မြို့၌ ၂၀ ရက်တွင် ၉၇၀ စင်တီမီတာရှိရာမှ ၂၂ရက်တွင် ၁၀၁၀ စင်တီမီတာထိတက်လာပြီး မော်လိုက်မြို့၌ ၂၂ရက်တွင် ၈၅၆ စင်တီမီတာရှိရာမှ ၈၆၆ စင်တီမီတာသို့တက်ခဲ့သည်။ ကလေးဝမြို့၌ ၁၀၅၉ မှ ၁၀၆၂ စင်တီမီတာသို့လည်းကောင်း၊ မင်းကင်းမြို့၌ ၉၇၃မှ၉၈၅ စင်တီမီတာသို့လည်းကောင်း၊ ကနီမြို့၌ ၈၁၉မှ ၈၃၀ စင်တီမီတာသို့လည်းကောင်း၊ မုံရွာမြို့၌ ၆၃၄ စင်တီမီတာမှ ၆၈၃ စင်တီမီတာသို့လည်းကောင်း မြစ်ရေအနည်းငယ်စီ တက်လာခဲ့ကြောင်း မုံရွာ မိုး/ဇလမှတ်တမ်းများအရ သိရသည်။

မြစ်ရေတက်လာခြင်း၏အဓိကအကြောင်းရင်းသည် အထက်ပိုင်းမိုးဆက်တိုက်ရွာလာခြင်းကြောင့်ဖြစ်ရာမိုးရေချိန်များအနေဖြင့် ခန္တီးမြို့၌ ၂၀ရက်တွင် ၁ ဒသမ ၈၇ လက်မနှင့်၂၁ရက်တွင် ၁ ဒသမ ၉၆ လက်မရှိပြီးဟုမ္မလင်း၌ ၂၀ရက်တွင် ၁ ဒသမ၂၆ လက်မနှင့် ၂၁ ရက်တွင် ၁ ဒသမ ဝ၆ လက်မ၊ ဖောင်းပြင်မြို့၌ ၂၀ရက်တွင် ၁ ဒသမ ၇၃ လက်မရွာသွန်းကာ၂၁ရက်တွင် ၁ ဒသမ ၁၄ လက်မရွာသွန်းကြောင်းသိရသည်။ ထို့အပြင်မော်လိုက်မြို့တွင်၂၀ရက်ကမိုးရေချိန်၂ ဒသမ ၃၆ လက်မအထိ ရွာခဲ့သလို ၂၁ ရက်တွင် သုည ဒသမ ၉၄လက်မရွာသွန်းခဲ့ကြောင်းမုံရွာမြို့ မိုး/ဇလမှတ်တမ်းများအရ သိရသည်။

"ချင်းတွင်းမြစ်ရေအခြေအနေကို မိုး/ဇလနဲ့ရေ၊ မြစ်၊ ဖြိုးဌာနတွေကနေ့စဉ်ထုတ်ပြန်တဲ့ မြစ်ရေအတက်အကျအမှတ်ရယ် မိုးရေချိန်လက်မတွေကိုယူပြီးအမြဲတမ်းစောင့်ကြည့်လေ့လာနေပါတယ်။မြစ်ရေအများကြီး တက်လာပြီး စိုးရိမ်ရေမှတ်လောက်ထိရောက်လာတော့မယ့်အခြေအနေရောက်မှ သာသတိပေးတာတွေ စုပေါင်းအစည်းအဝေးထိုင်လုပ်ဆောင်သင့်တာတွေကို ဆောင်ရွက်လေ့ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကအမြန်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီတာဝန်ရှိသူက ပြောပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

❖ **မြန်မာ ယူ-၂၂ မှ**

ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် ဂိုးသမား- ကျော်ဇင်ထက်(ရန်ကုန်)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ နောက်တန်း- ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ကျော်ဇင်လွင်၊ ကျော်စွာလင်း(မကွေး)၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ အလယ်တန်း - ရန်အောင်ကျော်(ရန်ကုန်)၊ တင်ဝင်းအောင်၊ ချစ်စုမိုး(ရှမ်း)၊ ရန်ပိုင်(ရတနာပုံ)၊ မင်းမင်းသူ(ဧရာဝတီ)၊ စိုးမြတ်သူ(Southern)၊ ရှေ့တန်း - ကျော်ကိုကို(ရန်ကုန်)၊ ဒွေးကိုကိုချစ်(ရှမ်း) တို့ ပါဝင်ကြသည်။ မူလက MNL All Star အသင်းကို ကစားသမား ၁၈ ဦးဖြင့် ဖွဲ့စည်းထားသော်လည်း စည်သူအောင်မှာ မြန်မာ ယူ-၂၂ အသင်းသို့ ရောက်ရှိသွားသည့်အပြင် ဂိုးသမား ချမ်းငြိမ်းကျော်မှာလည်း ကျန်းမာရေးအခြေအနေကြောင့် နုတ်ထွက်သွားသောကြောင့် ၁၆ ဦးသာ ကျန်ရှိတော့သည်။ မြန်မာ ယူ-၂၂ အသင်းတွင် နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ မစ္စတာပိုပေ့စကီး၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း(ရှမ်း)၊ ဆန်းဆက်နိုင်၊ မင်းသူ(ရန်ကုန်)၊ ဝေလင်းအောင် (နေပြည်တော်)၊ နောက်တန်း-နန္ဒကျော် (မကွေး)၊ သီဟထက်အောင်၊ သောင်လျပ်ထန် (ချင်း)၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော် (ရှမ်း)၊ ရဲရင့်အောင် (ရတနာပုံ)၊ အောင်ဟိန်းစိုးဦး (Southern)၊ နန်းဝေမင်း (ရန်ကုန်)၊ အလယ်တန်း-နန်းမင်းအောင်၊ ရန်နိုင်ဦး(ရှမ်း)၊ ရန်ပိုင်စိုး (ဧရာဝတီ)၊ ချစ်လှအောင်၊ မောင်မောင်လွင် (ဟံသာဝတီ)၊ မင်းကျော်ခန့်၊ ငြိမ်းချမ်းအောင် (ရန်ကုန်)၊ မျိုးကိုထွန်း၊ လှိုင်းဘိုဘို၊ ရဲရင့်ထွန်း၊ စည်သူအောင် (ရတနာပုံ)၊ ဇင်ဖြိုးအောင် (ဇွဲကပင်)၊ ဇေယျာနိုင်(မကွေး)၊ ရှေ့တန်း-အောင်သူ (ရတနာပုံ)၊ သန်းပိုင်(ချင်း)၊ စအောင်ပြည့်ကို (ရှမ်း)နှင့် အောင်ကောင်းမာန် (ဧရာဝတီ) တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၂ အသင်းသည် ယင်းခြေစမ်းပွဲအပြီးတွင် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ဆက်လက်လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဟောင်ကောင်၊ ကမ္ဘောဒီးယားနှင့် ဂျပန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

# တွံတေးမြို့နယ်၌ ကလေးငယ်သုံးဦးကို သေဆုံးအောင် ပြုလုပ်ခဲ့သူ ပယောဂဆရာ ထွန်းနိုင်အား မသေမချင်း ကြိုးကွင်းစွပ်သတ်စေရန်နှင့် ထောင်ဒဏ်ခုနစ်နှစ် သီးခြားကျခံစေရန်အမိန့်ချမှတ်ခဲ့

**ရန်ကုန် ဇွန် ၂၂**

ပြည်သူများစိတ်ဝင်တစားဖြစ်ခဲ့ရသည့် ဖြစ်ရပ်တစ်ခုဖြစ်သော တွံတေးမြို့နယ်၌ ကလေးငယ်သုံးဦးကို သေဆုံးအောင်ပြုလုပ်ခဲ့သူ ပယောဂဆရာဆိုသူအား မသေမချင်းကြိုးကွင်းစွပ်သတ်စေရန်နှင့် ထောင်ဒဏ်ခုနစ်နှစ်အား သီးခြားကျခံစေရန်ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ မှုခင်းဖြစ်စဉ်မှာ ပယောဂဆရာထွန်းနိုင်က မကောင်းဆိုးဝါးများနှင့်ထုတ်သည်ဟုဆိုကာ ကလေးငယ်များကို ကန်ကျောက်ခြင်း၊ လက်သီးနှင့်ထိုးခြင်း၊ ဖနောင့်ပေါက်ခြင်းများပြုလုပ်ခဲ့မှုကြောင့် အသက်သုံးနှစ်အရွယ် မောင်နေလင်း(ခ)တစ်တို၊ အသက်နှစ်နှစ်အရွယ် မလှနှင်းရွှေနှင့် အသက်ရှစ်လအရွယ် မယမင်းတို့မှာ သေဆုံးကာ အသက်လေးနှစ်အရွယ် မသင်းသင်းစိုးမှာ ဖူးရောင်ညိုမည်းဒဏ်ရာများရရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ထွန်းနိုင်ကို တွံတေးမြို့မရဲစခန်းက (ပ)၆၄၂/၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၂၅/ ၂၀၁ တို့ဖြင့် တရားစွဲဆိုစစ်ဆေးခဲ့ပြီး တရားရုံးက ယင်းကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပြစ်မှုနှစ်ခုအနက်ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (၁)(ခ)အရမသေမချင်းကြိုးကွင်းစွပ်သတ်စေရန် ပြစ်မှုအားပထမကျခံစေရမည်ဖြစ်ကြောင်း သိရသည်။

"ကြိုးမိန့်ပေးခံရတဲ့သူကို အမိန့်ချပြီး ခုနစ်ရက်အတွင်းမှာ အယူခံတင်ရတယ်။ အယူခံတင်ပြီး ပြန်ကျလာလို့ ပလပ်ခံရရင် ဗဟိုကိုဆက်တင်ရပါတယ်။ ရှေ့နေမရှိတဲ့သူတွေအတွက် အကျဉ်းထောင်ကနေပဲ အယူခံတင်ပေးတယ်။ နောက်ဆုံးအဆင့်အနေနဲ့ သမ္မတထံအသနားခံစာတင်တာမျိုးတွေရှိပါတယ်။ ကြိုးကွင်းစွပ်သတ်တာမျိုးမရှိပါဘူး။ နိုင်ငံတော်ပေးတာနဲ့ နှစ်အကန့်အသတ်မရှိ၊ ထောင်ဒဏ်တစ်သက်ပြောင်းပစ်တဲ့အခါမျိုးကြောင့် အခုနောက်ပိုင်းမှာတော့ ကြိုးကွင်းစွပ်သတ်တာမျိုးမရှိသေးပါဘူး"ဟု အင်းစိန်ဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် သေဒဏ်ပေးသည့်ပြစ်ဒဏ် (မသေမချင်းကြိုးကွင်းစွပ်သတ်သည့်စနစ်)အနေဖြင့် ရှိသော်လည်း အမှန်တကယ်ကြိုးပေးသတ်သည့် စနစ်ကို လက်ရှိကာလတွင် မကျင့်သုံးကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှ စတင်၍ နိုင်ငံတော်အမိန့်ဖြင့် သေဒဏ်အား ထောင်ဒဏ်တစ်သက်အဖြစ် ပြောင်းလဲကျင့်သုံးလာကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင်မှ သိရသည်။

"မသေမချင်းကြိုးကွင်းစွပ်သတ်မိန့်ကလည်း အမှန်တကယ်တော့ သေဒဏ်ပါပဲ။ သို့သော်လည်း ရာဇဝတ်ကျင့်ထုံးဥပဒေမှာ သေဒဏ်ဆိုတဲ့ဟာကို မသေမချင်းကြိုးကွင်းစွပ်သတ်စေဆိုပြီးရေးထားတယ်။ သေဒဏ်ချတဲ့ ပြစ်ဒဏ်မျိုးကျတော့ ဥပဒေမှာပါရှိတဲ့ပြဋ္ဌာန်းချက်အတိုင်းဆုံးဖြတ်ရတယ်။တချို့ လူသတ်မှုတွေမှာ သေဒဏ်ချမှတ်နိုင်တဲ့ပုဒ်မ ရှိသလို သေဒဏ်မချမှတ်နိုင်တဲ့ပုဒ်မလည်းရှိပါတယ်။ အခုနောက်ပိုင်းသေဒဏ်တွေကို တကယ်ကြိုးပေးတာနည်းပါတယ်"ဟု တရားသူကြီးဟောင်းတစ်ဦးက ဆိုသည်။

အလားတူ ပြီးခဲ့သည့်နှစ်ပိုင်းကာလများအတွင်း ဖြစ်ပွားခဲ့သော မှုခင်းဖြစ်စဉ်များအနက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Junction Center အနောက်တွင်ဖြစ်ပွားခဲ့သော ငယ်ရွယ်သူလင်မယားစုံတွဲမှ ခင်ပွန်းဖြစ်သူ အသတ်ခံရပြီး အမျိုးသမီးကို အဓမ္မပြုကျင့်ခံရမှုဖြစ်စဉ်တွင် ကျူးလွန်သူလေးဦးအနက် သုံးဦးအား သေဒဏ် ချမှတ်လိုက်သောအမှုနှင့် သန်လျင်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကိုဓားဖြင့်ထိုးသတ်မှုကျူးလွန်ခဲ့သည့် တင်မြင့်၏အမှုမှာ ပြည်သူများစိတ်ဝင်တစားဖြစ်ခဲ့ရပြီး မသေမချင်းကြိုးကွင်းစွပ်သတ်ရန် အမိန့်ချမှတ်ခံခဲ့ရသည့် ထင်ရှားသောအမှုများဖြစ် ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ သေဒဏ်ရှိတယ်။ ဒါပေမယ့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ သေဒဏ်ဆိုရင်မသတ်တော့ပါဘူး။ မကျင့်သုံးတော့တာပါ။ အယူခံမအောင်ရင် ဒါမှမဟုတ် လွတ်ငြိမ်းချမ်းသာခွင့်မရရင် လွတ်ရက်မရှိ ထောင်ထဲမှာ ချုပ်ထားတာပါပဲ။ သေဒဏ်ချခံရတဲ့ထဲက သက်ငယ်မုဒိမ်းမှုမျိုးတွေ၊ သေဒဏ်ကို အကြိမ်ကြိမ်ကျခံခဲ့ဖူးသူတွေနဲ့ အခုလို ကလေးသုံးယောက်ကို သေအောင်သတ်တဲ့သူတွေအတွက်ကိုတော့ သေဒဏ်ကိုပြန်လည်ကျင့်သုံးသင့်ပါတယ်" ဟု တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က သူ၏အမြင်ကို ပြောသည်။

**(ဇော်ကြီး)**

## ဆင်းကတ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဇွန် ၂၂**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့အသုံးပြုလျက်ရှိသည့် ဆင်းကတ်များကို ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် နောက်ဆုံးထား၍မှတ်ပုံတင်ခြင်းဆောင်ရွက်သွားရန်နှင့် မှတ်ပုံတင်ခြင်းမရှိသည့်ဆင်းကတ်များကို ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်သည်။

၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ မှတ်ပုံတင်ခြင်းမရှိသည့်ဆင်းကတ်များကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ အပြီးသတ်ပိတ်သိမ်းသွားမည်ဖြစ်ပါသဖြင့် သုံးစွဲသူ ပြည်သူများအနေဖြင့် မှတ်ပုံတင်ရန်ကျန်ရှိသည့်ဆင်းကတ်များကို အချိန်မီစနစ်တကျ မှတ်ပုံတင်ရေးဆောင်ရွက်သွားကြရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာနည်းဥပဒေကို ခြောက်လအတွင်း အမြန်ဆုံးပေါ်လာရန်မျှော်လင့်

**နေပြည်တော် ဇွန် ၂၂**

မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ နည်းဥပဒေကို လာမည့်ခြောက်လ အတွင်း အမြန်ဆုံးပေါ်လာရန် မျှော်လင့်လျက်ရှိကြောင်း မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ အမှုဆောင် အရာရှိချုပ် ဦးနေလင်းစိုးက ပြောသည်။

"မသန်စွမ်းသူများ အခွင့်အရေး ဥပဒေမှာ အခန်း(၁၇)ခန်းနဲ့ ပုဒ်မပေါင်း ၉၄ ခု ပါဝင်ပါတယ်။ မွေးဖွားလာကတည်းကနေ သေဆုံးသည်အထိ ကြားကာလမှာ တခြားသူတွေရနေတဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ခြုံငုံပြီး ဖော်ပြထားတာပါ။ ဥပဒေ အခန်း(၃)မှာတော့ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသား ကော်မတီကို ဘယ်လိုဖွဲ့စည်းရမယ် ဆိုတဲ့ အသေးစိတ်လမ်းညွှန်ချက်တွေ ပါပါတယ်။ အဲဒီမှာ နိုင်ငံတော်ရဲ့ ဒုတိယသမ္မတတစ်ဦးကနေ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရမယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ကျန်တဲ့ ဆက်စပ်ဝန်ကြီးဌာနတွေ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ မသန်စွမ်းအဖွဲ့အစည်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် စတဲ့ အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေပါရမယ်။ ကိုယ်စားလှယ်ဦးရေ ၆၀ ထက်မပိုတဲ့ ကော်မတီဖြစ်ရမယ်လို့ ပါရှိပါတယ်။

"လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလွဲရင် မသန်စွမ်းတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေပေးတာနဲ့ ပတ်သက်ပြီး တရားဝင်ထုတ်ပြန်ခြင်း တော့မရှိသေးပါဘူး။ အခုနောက်ပိုင်းတော့ ပညာရေးဝန်ကြီးဌာနကလည်း ဆရာ ဆရာမဖြစ်ခွင့်မှာ မသန်စွမ်းတဲ့သူတွေကို ပိုပြီးလက်ခံပေးလာတာကို တွေ့ရတယ်။ အခြားဌာနတွေကတော့ တရားဝင်စာရင်းဇယား မထုတ်ပြန်တော့ မသိရပါဘူး။ တပ်မတော်ဘက်က မသန်စွမ်းဖြစ်သွားတဲ့သူတွေကို ပြန်လည်နေရာချထားပေးတာကတော့ ဝန်ကြီးဌာနတော်တော်များများမှာ တွေ့ရတယ်"ဟု ဦးနေလင်းစိုးက ပြောသည်။



မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်)အတွက် နည်းဥပဒေရေးဆွဲရေး(ဒုတိယအကြိမ်) ဆွေးနွေးပွဲကို နေပြည်တော်ရှိ အမရဟိုတယ်၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က ကျင်းပစဉ်။ (ဓာတ်ပုံ-ကိုမင်း)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများတွင် မသန်စွမ်းသူ ၆၄ ဦးကို ၎င်းတို့နှင့်သင့်တော်သောရာထူးနေရာများတွင် ခန့်အပ်ထားကြောင်း၊ ထို့ပြင် အခြားဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများတွင်လည်း မသန်စွမ်းသူများအား အလုပ်ခန့်ထားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး ဦးစီးဌာနလက်အောက်ရှိ မသန်စွမ်းမှုအလိုက် ဖွင့်လှစ်ထားရှိသော သင်တန်းကျောင်းများတွင် အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ကြားပေးလျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဇွန် ၁၃ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ပြောကြားခဲ့သည်။

"မသန်စွမ်းအခွင့်အရေးနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ငါးနှစ်၊ ဆယ်နှစ်ကနဲ့ စာရင်တော့ ပိုပြီးတော့ တိုးတက်လာတယ်။ အခွင့်အလမ်းတွေပိုပြီးပွင့်လာတယ်။ ဒါပေမယ့် အောက်ခြေမြေပြင်မှာရှိတဲ့ မသန်စွမ်းတွေရဲ့ဘဝတွေ အပြောင်းအလဲဖြစ်ပြီလားဆိုတော့ ထင်သာမြင်သာရှိတဲ့အပြောင်းအလဲတွေတော့ မတွေ့ရသေးဘူး။ ပြည်ထောင်စုအစိုးရအနေနဲ့လည်း ဘတ်ဂျက်ခွဲတမ်းတွေက မသန်စွမ်းတဲ့ သူတွေအတွက် မသန်စွမ်းဥပဒေအရ ဆောင်ရွက်တာတွေမတွေ့ရသေးဘူး။ ကော်မတီပေါ်လာရင်တော့ ဖြစ်လာနိုင်တယ်။ လက်တွေ့မှာတော့ နေ့စဉ်အကျိုးကျေးဇူးခံစားရတာကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် နည်းနေပါသေးတယ်။

မသန်စွမ်းတဲ့သူတွေကို ခွဲခြားဆက်ဆံရာရောက်တဲ့ ဥပဒေတွေ၊ မူဝါဒတွေကို ပယ်ဖျက်ပေးစေချင်တယ်။ အဲဒါကို အရေးအကြီးဆုံးလုပ်ရမယ်လို့မြင်တယ်။ အနာဂတ်မှာ ဆက်လက်ပြဋ္ဌာန်းမယ့် ဥပဒေတွေ၊ မူဝါဒတွေမှာ မသန်စွမ်းတဲ့သူတွေရဲ့ အခွင့်အရေးကို ကန့်သတ်တဲ့ အချက်အလက်တွေမပါလာဖို့ ပြည်ထောင်စုအစိုးရကနေ မသန်စွမ်းသူတွေအရေးကိစ္စကို ဆောင်ရွက်တဲ့အခါမှာ အလိုအပ်ဆုံးက အလုပ်အကိုင်ပဲ။ အလုပ်အကိုင်နဲ့ဝင်ငွေရှိတယ်ဆိုရင် မသန်စွမ်းသူအများစုဘဝ အဆင်ပြေလာမှာမို့ အလုပ်အကိုင်နဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ဦးနေလင်းစိုးက ပြောသည်။

မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာနည်းဥပဒေ မကြာခင်ထွက်ရှိမည်ဖြစ်ကြောင်း၊ ဥပဒေနှင့် နည်းဥပဒေပေါ်ပေါက်ပြီးပါက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ယင်းကော်မတီဖွဲ့စည်းပြီးပါက မသန်စွမ်းသူများ၏အခွင့်အရေးကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ အပြည့်အဝဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

"မသန်စွမ်းအဖွဲ့အစည်းတွေနဲ့ တော်တော်များများထိတွေ့ဆက်ဆံပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးလာတဲ့အတွက် ဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုပါတယ်။ မသန်စွမ်းသူတွေရဲ့အရေးကိစ္စကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတစ်ခုတည်း လုပ်နေလို့လည်း မလုံလောက်သလို အားလုံးကတာဝန်ကျေပွန်ပြီလို့ ယူဆလို့မရဘူး။ အခြား ဝန်ကြီးဌာနအားလုံးကလည်း ဆောင်ရွက်ပေးဖို့အကြံပြုချင်ပါတယ်။

ကော်မတီဖွဲ့စည်းပြီးရင် မသန်စွမ်းသူတွေအတွက် အခွင့်အရေးတွေကို အတိုင်းအတာတစ်ခုအထိဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ အခုလက်ရှိကတော့ ကော်မတီမရှိတဲ့အတွက် လုပ်ရကိုင်ရခက်တာပေါ့။ ကော်မတီရှိခြင်းအားဖြင့် ကျန်တဲ့ ဝန်ကြီးဌာနတွေကို တိုက်တွန်းနှိုးဆော်လမ်းညွှန်ပေးလို့ရမယ်။ မသန်စွမ်းသူတွေနဲ့ပတ်သက်ပြီး ဥပဒေကတော့ ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့တယ်။ အခုက နည်းဥပဒေကတော့ ဘယ်လောက်ကြာမယ်ဆိုတာ မခန့်မှန်းနိုင်သေးဘူး။ ခြောက်လလောက်အတွင်းမှာ အမြန်ဆုံးပေါ်လာမယ်လို့မျှော်လင့်တယ်" ဟု ဦးနေလင်းစိုးက ဆက်လက်ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများအလုပ်လျှောက်ထားလာပါက လုပ်ငန်းသဘာဝအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ လုပ်ထုံးလုပ်နည်းများအရ စိစစ်ရွေးချယ် ခန့်ထားပေးလျက်ရှိကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက လွှဲပြောင်းပေးအပ်သော ပင်စင်စား မသန်စွမ်း တပ်မတော်သားများကို ၎င်းတို့၏ စွမ်းဆောင်ရည်အလိုက် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ခန့်ထားပေးလျက်ရှိကြောင်း၊ အခွန်သက်သာခွင့်များကိုလည်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီဖွဲ့စည်းပြီးပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

**(နိုင်လင်းကြည်)**

■

## ၂၀၁၈ ခုနှစ်တွင် မျိုးသန့်စပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ဧက ၄၀၀၀ ကျော် ဆောင်ရွက်မည်

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် အထွက်နှုန်းကောင်းမွန်စေရေးနှင့် အထွက်နှုန်းမြင့်မားရေးအတွက် မျိုးသန့်စပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ဧက ၄၀၀၀ ကျော်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ မျိုးစေ့ထုတ်လုပ်ရာတွင် မျိုးစေ့ထုတ်လုပ်ရေးအကျိုးတော်ဆောင်အဖွဲ့က ဧက ၁၅၀၀ ကျော်၊ ပုဂ္ဂလိကလုပ်ငန်းရှင်က ဧက ၅၀၀ ကျော်၊ ကုမ္ပဏီများမှ ဧက ၈၀၀ ကျော်နှင့် တောင်သူများက ဧက ၂၀၀၀ ကျော် စုစုပေါင်း ဧက ၄၀၀၀ ကျော်တွင် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းအား လုပ်ဆောင်သွားမည်ဖြစ်သည်။



"တောင်သူတွေရဲ့ စိုက်ပျိုးမှုအားလုံး အခြေအနေအတူတူမှာ မျိုးသန့်တစ်ခုကို ပြောင်းလဲလိုက်တာနဲ့ သူရဲ့အထွက်နှုန်းဟာ ၁၅ တင်း၊ တင်း ၂၀ ထွက်လာတယ်။ ဒါက တောင်သူတွေကို အများကြီးအထောက်အကူပြုတယ်။ တောင်သူတွေ မျိုးသန့်များများသုံးစွဲနိုင်အောင် လုပ်ဆောင်တာဖြစ်ပါတယ်။ မျိုးအဖြစ် များများသုံးနိုင်လေလေ တောင်သူတွေအတွက် အများအပြားစိုက်ပျိုးနိုင်လေလေပဲ။ ထိုနည်းတူပဲ ရေရှည်တည်မြဲအောင်လို့ ပုဂ္ဂလိကလုပ်ငန်းတွေပါ ပူးပေါင်းပါဝင်လာဖို့လိုတယ်။ ဒါကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ လိုအပ်တဲ့ မျိုးတွေကို ဌာနအနေနဲ့ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျင်မောင်က ပြောသည်။

မျိုးသန့်မျိုးစေ့များ ရရှိရေးအတွက် ဌာနတစ်ခုအနေဖြင့် လုပ်ဆောင်လျှင် ထိရောက်မှုနည်းပါးနိုင်သောကြောင့် ပုဂ္ဂလိက၊ တောင်သူ၊ ကုမ္ပဏီများ ပူးပေါင်းကာ လုပ်ဆောင်ခြင်းဖြစ်ပြီး လိုအပ်သောမျိုးများကို ပူးပေါင်းလုပ်ဆောင်နေသည့် အဖွဲ့များကို ဌာနက လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

စပါးမျိုးစေ့ထုတ်လုပ်ခြင်းကဲ့သို့ အခြားသော သီးနှံများအတွက်လည်း ထုတ်လုပ်သွားရန် ဆောင်ရွက်နေပြီး ကနဦးအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာစသည့်မျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ဆောင်ရန်အတွက် စတင်လုပ်ဆောင်နေရာ ပဲမျိုးစုံအတွက် ၄၀၈ ဧက၊ ဆီထွက်သီးနှံအတွက် ဧက ၁၂၀ အား ၂၀၁၈ ခုနှစ်အတွင်း ထုတ်လုပ်နိုင်ရန်အတွက် လျာထား ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ်အတွက် လျာထားချက်များအပြင် ယခုနှစ်အတွက် စပါးမျိုးသန့်မျိုးစေ့အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း ၇၀ ရာခိုင်နှုန်းကျော် ဖြန့်ဝေပေးထားပြီး ပဲမျိုးစုံအတွက် မျိုးသန့် မျိုးစေ့ ၅၀ ရာခိုင်နှုန်းကျော် ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်တို့ကို အဓိကဓာတ်အားဖြန့်ဖြူးပေးထားသော 230kVလှော်ကားပင်မဓာတ်အားခွဲရုံရှိ 230kV Bus အားဓာတ်အားပိတ်၍ 230kV Bus (Section-D)(1 ×795 MCM AAC) အား $(2\times1000mm^2)$ဖြင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်ရမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မြောက်ပိုင်းခရိုင်အတွင်းရှိ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မှော်ဘီ၊ လှည်းကူး၊ ဖောင်ကြီး၊ အင်းတိုင်၊ ဒါးပိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်မြို့နယ်တို့နှင့် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြောက်ဥက္ကလာ၊ ရွှေပေါက်ကံမြို့နယ်တို့အတွင်း ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်သည်။

ထိုသို့ ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူထံသို့ အသိပေးပန်ကြားထားသည်။ **(ကြေးမုံ)**



ကြေးမုံ





# ဈေးကောင်းရ လက်ရက်ကန်းသဘာဝဆိုးဆေးအထည် ထုတ်လုပ်မှုအားနည်း

**မြစ်ကြီးနား ဇွန် ၂၂**

ဈေးကောင်းရ လက်ရက်ကန်း သဘာဝဆိုးဆေး အထည်ထုတ်လုပ်မှု အားနည်းနေကြောင်း ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မဥ္စူဝင်းက ပြောသည်။

"လက်ရက်ကန်းလုပ်ကိုင်နေတဲ့သူတွေက ပုံမှန်ဆိုးဆေးမပါတဲ့ရက်ကန်းထည်ထုတ်လုပ်မှုကိုပဲ ရက်လုပ်ကြတယ်။ သဘာဝဆိုးဆေးပါဝင်တဲ့ အထည်ရက်လုပ်လို့ရှိရင် မရောင်းရမှာကို ကြောက်နေကြတယ်။ အမှန်က ဒီသဘာဝဆိုးဆေးအထည်က ပိုပြီးတော့လည်း ပြည်ပဝယ်လက်လည်းရှိတယ်။ ဈေးကွက်လည်းရှိပြီး ဝယ်လိုအားကောင်းတယ်"ဟု ၎င်းကပြောသည်။



ကချင်ရက်ကန်းထည် ပဝါ၊ လုံချည်တစ်ထည် ပုံမှန်ဈေးနှုန်း ကျပ် ၁၀၀၀၀ သာရရှိပြီး သဘာဝဆိုးဆေးဖြင့် ပြုလုပ်ပြီး ရောင်းချပါက ကျပ် ၁၅၀၀၀ ကျော်ရရှိကြောင်း၊ လက်ရှိကချင်ပြည်နယ်တွင် လက်ရက်ကန်းစင် ၇၂၀၊ စက်ရက်ကန်းစင် ၂၃၄ စင်၊ တစ်လထုတ်လုပ်မှုမှာ ၁၆၃ ဒသမ ၀၇၃ သန်း ရှိကြောင်း သိရသည်။

"လက်ရက်ကန်းနဲ့ပြုလုပ်တဲ့ သဘာဝဆိုးဆေးအထည် ရက်လုပ်သလောက်ရောင်းရတယ်။ ဈေးလည်းပိုရတယ်။ အဆင်ပြေတယ်။ သဘာဝဆိုးဆေးနဲ့ ပြုလုပ်တဲ့အထည်တွေကို အဓိကကတော့ နိုင်ငံခြားသားတွေပိုဝယ်ဝတ်တယ်"ဟု သဘာဝဆိုးဆေးဖြင့် အထည်ရက်လုပ်သူတစ်ဦးက ပြောသည်။

သဘာဝဆိုးဆေးနဲ့ ပြုလုပ်တဲ့ အဝတ်အထည်ဟာ ကျန်းမာရေးအတွက်လည်းကောင်းတယ်။ အပူဒဏ်ကိုလည်း ခံနိုင်တယ်။ ဒါကြောင့် ပြည်ပကပိုပြီးဝယ်ယူတာဖြစ်တယ်"ဟု ၎င်းက ပြောသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအနေဖြင့် သဘာဝဆိုးဆေး ရက်ကန်းအထည်ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သော နည်းပညာဖြစ်သည့် သဘာဝဆိုးဆေးပြုလုပ်ပုံ၊ ချည်မျှင်ကို ဆိုးဆေးဆိုးပုံ၊ သဘာဝဆိုးဆေး ရက်ကန်းအထည်ထုတ်လုပ်မှုနည်းပညာတွေကို သင်ကြားပေးလျက်ရှိပါတယ်"ဟု ဒေါ်မဥ္စူဝင်းက ပြောသည်။

ကချင်ပြည်နယ်ထွက် စက်ရက်ကန်း၊ လက်ရက်ကန်းအထည်များကို အများဆုံး ဝယ်ယူသုံးစွဲကြပြီး ကချင်ရိုးရာ ရက်ကန်းထည် အနိမ့်ဆုံးဈေး ကျပ် ၅၀၀၀မှ ချည်မျှင် အမျိုးအစားအပေါ်မူတည်ပြီး ကျပ်ငါးသိန်း အထိရှိကြောင်း သိရသည်။ **မင်းမင်းဦး**

# ကျန်းမာရေးနှင့်ညီညွတ်သော မြန်မာ့ရေနွေးကြမ်းဝိုင်း ကိုးကန့်လက်ဖက်ခြောက်ကို စိတ်ဝင်စားမှုများပြား

**မန္တလေး ဇွန် ၂၂**

ကျန်းမာရေးနှင့်ညီညွတ်သော မြန်မာ့ရေနွေးကြမ်းဝိုင်းတွင် ကိုးကန့်လက်ဖက်ခြောက်ကို အဓိကအသုံးပြုထားသည်။ ကိုးကန့်လက်ဖက်ခြောက်(လှော်ခြောက်)၏ အရသာမှာ ပထမဦးစွာ သောက်လိုက်သည်နှင့် ဖန်သည့်အရသာရှိကာ နောက်ပိုင်းအနည်းငယ်ခါးကာ နောက်ပိုင်းချိုသွားလေ့ရှိသည်။ မြန်မာ့ရေနွေးကြမ်းဝိုင်းတွင်အသုံးပြုသော ကိုးကန့်လက်ဖက်ခြောက်တွင် အမျိုးအစားအမျိုးမျိုးရှိသည်။ ကိုးကန့်လှော်ခြောက်၊ ကိုးကန့်နေလှန်းခြောက်၊ ကိုးကန့်(Green Tea)ဟူ၍ အမျိုးမျိုးရှိသည်။ အများစုမှာ ကျန်းမာရေးကို အထောက်အကူပြုသည့် Green Tea ကို ပိုမိုစိတ်ဝင်စားကြသည်။

Green Tea ၏အရသာမှာ အဖန်ဘက်ကိုအားသာပြီး အရောင်မှာ စိမ်းဝါရောင်ဖြစ်သည်။ Green Tea ကို နေ့စဉ်သောက်သုံးခြင်းဖြင့် စိတ်ကြည်လင်လန်းဆန်းခြင်း၊ ပင်ပန်းနွမ်းနယ်မှုကိုပျောက်ခြင်း၊ ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီဓာတ်များကို လျော့ကျစေခြင်း၊ အသက်ရှည်ကျန်းမာစေခြင်း၊ ခံတွင်းနံ့ကို သင်းပျံ့စေကာ အသားအရေစိုပြည်ခြင်း၊ နာတာရှည်ရောဂါဖြစ်သော နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများကိုပါ ကာကွယ်ပေးကြောင်း သိရသည်။

လက်ရှိကာလ မန္တလေးမြို့တွင် ကျင်းပသော လက်ဖက်ပွဲနှင့် သရက်ပြပွဲတွင် Green Tea ကိုးကန့်လက်ဖက်ခြောက်ကို စိတ်ဝင်တစားဝယ်ယူအားပေးမှု များပြားလျက်ရှိသည်။ မန္တလေးမြို့ရှိ နာမည်ကြီးလက်ဖက်ရည်ဆိုင်များ ဖြစ်သော မင်းသီဟ၊ ပန်းသခင်၊ ရွှေပြည်မိုး၊ ရှဲဒိုး၊ သန်းတစ်ရာနှင့် အခြားဆိုင်များတွင်လည်း အသင့်ဖျော်ကာ မြန်မာ့ရေနွေးကြမ်းကို ရောင်းချပေးလျက်ရှိသည်။ တစ်လီတာရှိသည့် မြန်မာ့ရေနွေးကြမ်းအိုးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် ရောင်းချလျက်ရှိသည်။



လက်ဖက်ရည်ကြမ်းအစွမ်းကို သုတေသနပြုထားမှုအရ ရောဂါ ၂၅ မျိုးကို သက်သာပျောက်ကင်းသည်ဟု လေ့လာတွေ့ရှိထားပြီး ဂျပန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လက်ဖက်ရည်ကြမ်းတွင် ပါဝင်သော EGCG ဓာတ်သည် HIV ပိုးတွေ ကောင်းတဲ့ခုခံအားဆဲလ်တွေနဲ့ ပေါင်းစည်းခြင်းကို ကာကွယ်ပေးနိုင်ကြောင်း လက်ဖက်ရည်ကြမ်းသောက်သုံးခြင်းဖြင့် HIV ပိုးပျံ့နှံ့ခြင်းကို ကာကွယ်သည်ဟုပင် ရှာဖွေတွေ့ရှိထားသည်။ လက်ရှိကာလတွင် ကျန်းမာရေးကို လိုက်စားသူများမှာ မြန်မာ့ ရေနွေးကြမ်းဝိုင်းအတွက် ကိုးကန့်လက်ဖက်ခြောက် Green Tea ကို စိတ်ဝင်စားမှုများပြားလျက်ရှိကြောင်းသိရသည်။ **နွေနဒီ(မြစ်ငယ်)**

# မိုးစပါးအထွက်ကောင်းခဲ့သော်လည်း လယ်ယာလုပ်ကိုင်သူရှားပါးနေဆဲ

**ရေး ဇွန် ၂၂**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးစပါးအထွက်နှုန်းကောင်းသော်လည်း ဒေသခံ လယ်သမားအများစုမှာ စပါးရိတ်သိမ်းခါနီးအချိန်တွင် နေ့စားလယ်လုပ်ကိုင်သူများမှာ တခြားအရပ်ဒေသ လုပ်ငန်းခွင်သို့ ပြောင်းရွှေ့လုပ်ကိုင်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

စပါးရိတ်သိမ်းခါနီးတွင် နေ့စားတစ်ဦးကို ကျပ် ၈၀၀၀ ပေးရသော်လည်း လယ်လုပ်ကိုင်သူတွေက လယ်ကိုမလုပ်ကြဘဲ ရော်ဘာအစေးခြစ်လုပ်ငန်းနှင့် တစ်ဖက်အိမ်နီးချင်း ထိုင်း၊ မလေးရှားနိုင်ငံတို့မှာ သွားရောက်လုပ်ကိုင်နေကြကြောင်း တောင်သူများက ပြောသည်။

မိုးများသော နှစ်တွေမှာ လယ်ယာရေကြီးနစ်မြုပ်ဒဏ်ကိုလည်း ခံစားရလေ့ရှိပြီး ယခုနောက်ပိုင်း ရေစီးရေလာကောင်းဖို့အတွက် တစ်ပိုင်တစ်နိုင်ပြင်ဆင်လုပ်ကိုင်လာတဲ့အခါ ရေဘေးမှကင်းလွတ်ခဲ့သော်လည်း ယနေ့အချိန်အထိ လယ်ယာလုပ်ငန်းခွင်တွင် လူငှားရှားပါးခြင်းနှင့် လယ်ကြွက်ဖျက်ဆီးခြင်းများ တွေ့ကြုံနေရဆဲဖြစ်ကြောင်း သိရသည်။

ရေးမြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ခုနှစ် မှတ်တမ်းများအရ စိုက်ပျိုးတောင်သူပေါင်းမှာ ၁၀၀၀၀ ကျော်ခန့်ရှိကာ မိုးစပါးစိုက်ဧကပေါင်း ၆၈၁၀၅ဧကအထိဖြစ်၍ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၆၀ ဒသမ ၆၈ တင်းအထွက်နှုန်းရှိကြောင်း သိရသည်။

ပြီးခဲ့သည့် မိုးစပါးချေးငွေပေါင်း ၁၅၃၉၀ သိန်းကျော်ကို တောင်သူ ၁၉၂၀ က ချေးယူခဲ့ပြီး ယခုနှစ်ချေးငွေကျပ် ၁၉၀၅၆ သိန်းတွင် တောင်သူ ၂၀၉၀ အထိ လျာထားထုတ်ချေးသွားရန်ဖြစ်၍ ယခင်နှစ်ထက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ချေးငွေကျပ် သိန်း၃၆၆၀ အထိ တိုးမြှင့်ထုတ်ချေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ကြေးမုံသတင်း အတိုအထွာများ

## ချောင်းဆိုးနှင့်တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောမည်

**ရန်ကုန် ဇွန် ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးဆရာဦးဝင်းလွင်ဦးက ချောင်းဆိုးနှင့်တိုင်းရင်းဆေးပညာအကြောင်းကို ဆွေးနွေးဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ၊ ဆရာမများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**မယ်စဲ့ ဇွန် ၂၂**

မယ်စဲ့မြို့နယ်တွင် ပုံစံ(၇)ရရှိပြီး စိုက်ဧက ၇၈၁ ဧကရှိသည့်အနက် ယခုအခါ ရပ်ကွက်နှစ်ရပ်ကွက်နှင့်ကျေးရွာအုပ်စုလေးအုပ်စုမှ အစုအဖွဲ့ ၂၂ ဖွဲ့ပါသည့် တောင်သူ ၆၀၏ မိုးစပါးစိုက်ဧက ၁၈၇ ဧကအတွက် ငွေကျပ် ၂၈၀၅၀၀၀၀ ထုတ်ချေးပေးခဲ့ပြီး ယခုနှစ်မိုးစပါးစိုက်ရာသီတွင် မိုးစပါးစိုက်ဧက တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## တီဘီရောဂါရှာဖွေကုသရေးအဖွဲ့ နယ်လှည့်ကွင်းဆင်းကုသ

**ဘားအံ ဇွန် ၂၂**

ဘားအံမြို့နယ် နယ်လှည့်ကွင်းဆင်းတီဘီရောဂါရှာဖွေကုသရေးအဖွဲ့မှ ဒေါက်တာ ဇေယျာမင်းနိုင်၊ အဖွဲ့ခေါင်းဆောင် ဓာတ်မှန် ဆရာဝန်ဒေါက်တာ နိုင်ဘိုဘိုဇော်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဇာသပြင်အရှေ့ကျေးရွာသူရွာသား ၂၇၅ ဦး၊ ကျောင်းဆရာမ ၁၅ ဦး၊ ကျောင်းသား ကျောင်းသူ ၅၀ စုစုပေါင်း ၃၄၀ အား စမ်းသပ်စစ်ဆေးကုသပေးခဲ့ရာတွင် တီဘီရောဂါရှိသူ နှစ်ဦး တွေ့ရှိပြီး ကော့သင်းကျေးရွာ၊ ဇာသပြင်အရှေ့ကျေးရွာ၊ ဇာသပြင်အနောက်ကျေးရွာတို့ရှိ ဒေသခံပြည်သူများအား တီဘီရောဂါစမ်းသပ်ရှာဖွေကုသပေးခဲ့ကြောင်း သိရသည်။ **မင်းသူ၊ထွန်းထွန်းထွေး**

## ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြု

**မအူပင် ဇွန် ၂၂**

မအူပင်မြို့၌ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် သက်တမ်းပြည့် တာဝန်ထမ်းဆောင်ခဲ့သော အုပ်ချုပ်ရေးမှူးများအား နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေတစ်ဦးလျှင် ကျပ်၂၄၅၀၀၀ ကို တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ်ဦးဇော်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်နှင့် တာဝန်ရှိသူများက မအူပင်မြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ချောင်းရေတိုးမြင့်၍ ဒေသခံများစိုးရိမ်မှုမဖြစ်စေရေးဆောင်ရွက်

**ငဖဲ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီးအတွင်း မုန်တိုင်းမိုးနှင့်မုတ်သုံမိုး ဆက်တိုက်ရွာသွန်းခဲ့မှုကြောင့် ချောင်းရေများ ရေကြီးရေလျှံမှုနှင့်ဆည်တမံများအတွင်း ရေများ တိုးမြင့်ဝင်ရောက်လာမှုများရှိခဲ့ရာ မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ ရင်းရှည်တမံနှင့်မန်းတမံဆည်ကြီးများ၏ အခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမဖြစ်စေရေး ဆည်တမံများ ကြံ့ခိုင်မှု၊ ရေပိုလွှဲရေကျော်လွှန်မှုအခြေအနေ၊ တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်မှုရှိမရှိ၊ ၂၄ နာရီရေကင်းချထားမှု၊ မိုးစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့် ရေပိုလွှဲရေလျှံလမ်းများအား တာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## စာတမ်းဖတ်ပွဲနှင့်သိပ္ပံ၊ သုတေသနနှင့် နည်းပညာပြပွဲကျင်းပမည်

**မန္တလေး ဇွန် ၂၂**

မန္တလေးနည်းပညာတက္ကသိုလ်တွင် ဒသမအကြိမ်မြောက် အမျိုးသားအဆင့် သိပ္ပံနှင့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ပထမအကြိမ်သိပ္ပံ၊ သုတေသနနှင့် နည်းပညာပြပွဲကို ဇွန် ၂၉ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်ရာ ဘာသာရပ်နယ်ပယ်အလိုက် ဘာသာရပ် ၁၁ ခုမှ စာတမ်းပေါင်း ၁၈၉ စောင်ကို အခန်း ၁၀ ခန်းခွဲ၍ ဖတ်ကြားသွားမည်ဖြစ်သည်။

ထို့ပြင် တက္ကသိုလ်အင်ဂျင်နီယာနှင့် ဗိသုကာဌာန အသီးသီးမှ ဆောင်ရွက်ထားသော ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု သုတေသနလုပ်ငန်းများ၊ ဆောင်ရွက်ချက်များနှင့် တက္ကသိုလ်မိတ်ဖက် ကုမ္ပဏီများမှ ပြသထားသော ခေတ်မီသိပ္ပံနှင့် အင်ဂျင်နီယာဆိုင်ရာ စက်ပစ္စည်းကိရိယာများ ပြသသည့် အခန်းများ၊ မှိုငြမ်းစာအုပ်များ ခင်းကျင်းပြသခြင်းနှင့် ပြည်ပတက္ကသိုလ် မိတ်ဆက်အစီအစဉ်များ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေဖြိုးအောင်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၅ စီး၊ သွင်းကုန် ၅၆၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် အစီး ၁၇၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု သုံးမှု (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၉ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၀ ရက်တွင် မူဆယ်မှ မန္တလေးသို့သွားရောက်မည့်ခရီးသည်တင်ယာဉ်နှင့် AD Van ယာဉ်တို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘက်ထရီအိုးများ၊ အဝတ်အထည်များနှင့် ပိုက်ဆံအိတ်များ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆ သန်းခန့်) ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ဘက်ထရီအိုးများ၊ အဝတ်အထည်များနှင့် ပိုက်ဆံအိတ်များ။

# သဃ်န်းကျွန်းကြီးကျေးရွာအနီး ပစ္စည်းလုယက်သူများအား ဖမ်းဆီး

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အနီးတွင် ဖြစ်ပွားခဲ့သော လုယက်သူများအနက် တစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ အချိန်တိုအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ်နေ မ---သည် ဇွန် ၁၅ ရက်တွင် သူငယ်ချင်းဖြစ်သူနှင့်အတူ လှည်းကူးမြို့နယ်သို့ အလုပ်ကိစ္စဖြင့်သွားရောက်ခဲ့ပြီး ည ၇ နာရီခွဲခန့်တွင် ဆိုင်ကယ်အတူစီး၍ ပြန်လာခဲ့ရာ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာစက်မှုဇုန်-၄ ရှိ လမ်းပေါ်၌ ဆိုင်ကယ်မီးပျက်သွားသဖြင့် ဆင်းကြည့်စဉ် အမျိုးသားသုံးဦးရောက်ရှိလာပြီး ၎င်း၏ လည်ပင်းတွင် ဆွဲထားသော ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ ရွှေနှင့်ပလက်တီနမ်လက်ဝတ်ရတနာများ၊ SAMSUNG လက်ကိုင်ဖုန်းနှစ်လုံးနှင့် HUAWEI လက်ကိုင်ဖုန်းတို့ထည့်ထားသော အသားရောင်လက်ကိုင်အိတ်နှင့် စီးနင်းသော CZI အမျိုးအစားဆိုင်ကယ်တစ်စီး (စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၉၀၀၀၀) တို့အား လုယက်ယူဆောင်သွားခဲ့သည်။

မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာနေရာနှင့် အနီးတစ်ဝိုက်တွင် လုယူသွားသော ဆိုင်ကယ်အား အမျိုးသားတစ်ဦးက စီးနင်းအသုံးပြုနေကြောင်း သတင်းရရှိသဖြင့် ၎င်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက် ညနေ ၅ နာရီတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာရှိ အောင်စည်းခုံဘုရားလမ်းမပေါ်တွင် မင်းခန့်ကျော်(ခ)ဘိုဘိုအား ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းအားစစ်ဆေးရာ စိုးပိုင်(စုံစမ်းဆဲ)၊ လမု(စုံစမ်းဆဲ)တို့နှင့်အတူ ကျူးလွန်ခဲ့ကြောင်းပေါ်ပေါက်ခဲ့ပြီး ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် CANDA-110 အမျိုးအစားဆိုင်ကယ်၊ ဓားတစ်ချောင်း၊ အမှုမှပါဆုံးသွားသော ရွှေထည်လက်ဝတ်ရတနာများနှင့် CZI ဆိုင်ကယ်တို့အား သဃ်န်းကျွန်းကြီးကျေးရွာရှိ ၎င်း၏နေအိမ်မှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများအား ဖမ်းဆီးရမိရေးနှင့် အခြားခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# အစစ်ဆေးမခံဘဲထွက်ပြေးသွားသည့် ဆိုင်ကယ်သမား မိုင်းဖြတ်၌ လက်နက်များနှင့်အတူ ဖမ်းဆီးရမိ

**မိုင်းဖြတ် ဇွန် ၂၂**

တာချီလိတ် မယ်ယန်းစစ်ဆေးရေးဂိတ်မှ အစစ်ဆေးမခံဘဲ ထွက်ပြေးသွားသည့် ဆိုင်ကယ်မောင်းသူကို မိုင်းဖြတ်၌ ဇွန် ၂၂ ရက် နံနက်ပိုင်းက လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း မိုင်းဖြတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၂ ရက် နံနက် ၉ နာရီခန့်က မယ်ယန်း(တာချီလိတ်) စစ်ဆေးရေးဂိတ်မှ အစစ်ဆေးမခံဘဲ ဆိုင်ကယ်နှစ်စီး မောင်းပြေးသွားကြောင်း သတင်းအရ မိုင်းဖြတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဟန်မိုးလွင် ဦးစီးသောအဖွဲ့ ခြောက်ဦးသည် သက်သေများနှင့်အတူ မိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့ ရဲစခန်းအရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် ရှောင်တခင် ပိတ်ဆို့ရှာဖွေခဲ့ရာ တာချီလိတ်မှ ကျိုင်းတုံသို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးအား မသင်္ကာ၍ ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ လော်အဲ(၁၉)နှစ် စွန်စပ်ကုန်းရပ်ကွက် ကျိုင်းတုံမြို့နေသူ မောင်းနှင်လာသည့် Wave-I 110 အပြာရောင်ဆိုင်ကယ်၏ အင်ဂျင်အထက်ကာဗာအတွင်းမှ CZ 75 COMPACT CAL 9 LUGER တံဆိပ် A488470 နံပါတ်ပါ Made in Czech Republic အရှည် ခြောက်လက်မခန့်ရှိ အနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ယင်းကျည် ၂၁ တောင့်နှင့် Forjas Tarus S:A တံဆိပ် PT 92 AFS နံပါတ်ပါ Made in Brazil ထုတ် အရှည် ရှစ်လက်မခန့်ရှိ စတီးရောင်ပစ္စတိုသေနတ် တစ်လက်၊ ယင်းကျည် ကိုးတောင့်နှင့် အညိုရောင်ဘေးလွယ်အိတ်အတွင်းမှ ထိုင်းဘတ်ငွေ ၁၀၀၀ တန်အရွက် ၄၀၀ (ကာလတန်ဖိုး မြန်မာငွေကျပ် သိန်း ၁၆၀ ခန့်)တို့ တွေ့ရှိသိမ်းဆည်းရမိသည်။

ဆက်လက်ပြီး လော်အဲနှင့်အတူ Wave-I 110 ဖြူ/နီကျား ဆိုင်ကယ်ဖြင့် မောင်းနှင်လာသော လော်ဖာ(၂၀)နှစ် ဂေါ်ဂျော်အာခါရွာ တာချီလိတ်မြို့နေသူအား ဆက်လက်ရှာဖွေစစ်ဆေးရာ မသင်္ကာဖွယ်ရာများ မတွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးအား စစ်ဆေးရာ လော်ရှိုး(၂၁)နှစ် တောင်သုံးရွာရွာ တာချီလိတ်မြို့နယ်နှင့် အာကျ(၂၃)နှစ် ဘော်ကျော်ကာအာခါရွာနေသူတို့နှစ်ဦးမှ ထိုင်းဘတ်ငွေ လေးသိန်းပေး၍ ကျိုင်းတုံမြို့ နောင်ခွန်ပူးပေါင်းဂိတ်အနီးသို့ Wave-I 110 အပြာရောင်ဆိုင်ကယ်အား သယ်ဆောင်မောင်းနှင်ပေးရန် တွေ့ဆုံစေခိုင်းသဖြင့် ဘော်ကျော်ကာအာခါရွာမှ ထွက်လာခဲ့ရာ မိုင်းဖြတ်မြို့တွင် စစ်ဆေးဖမ်းဆီးခံရကြောင်း စစ်ဆေးသိရှိရသည်။

အမှုမှ လက်နက်များနှင့် လက်ဝယ်တွေ့ရှိသူ လော်အဲနှင့် လော်ဖာတို့နှစ်ဦးအား မိုင်းဖြတ်မြို့မရဲစခန်းက (ပ)၈/၂၀၁၇၊ ရှမ်းလက်နက်ဥပဒေပုဒ်မ ၁၂(က)(ဂ)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၁၁)**



# မူဆယ်မြို့တွင် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၂**

မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက် ည ၁၀ နာရီခွဲခန့်က မူဆယ်မြို့ ဈေးရပ်ကွက်၌ ကျောက်ကျားချန် မောင်းနှင်ပြီး မန်စစ်လီ လိုက်ပါလာသည့် မော်တော်ယာဉ်အား ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၆၃ ကီလို၊ တရုတ်ယွမ် ၉၅၀ နှင့် လက်ကိုင်ဖုန်း ငါးလုံးအားလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု (၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက်က ပြင်ဦးလွင်မြို့နယ် မဲတောကျေးရွာနေ စိုင်းသိန်းထွန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၃၀ အားလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် တင်ဆက်ကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းက မသင်္ကာသူ ငါးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် တင်ဆက်ကျေးရွာ၌ အကြမ်းဖက်သမားများ ဝင်ရောက်နေကြောင်း သတင်းအရ ယမန်နေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ကျေးရွာ၏အနောက်ဘက်၌ ကင်းလှည့်ဆောင်ရွက်စဉ် တုတ်၊ ဓား ကိုင်ဆောင်ထားသူ ၁၅ ဦးခန့်အား တွေ့ရှိသဖြင့် လိုက်လံရှင်းလင်းရာ မေယုတောင်ကြောပေါ်သို့ ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တင်ဆက်ကျေးရွာအတွင်း ဝင်ရောက်ရှာဖွေရာ အကြမ်းဖက်သင်တန်းတက်ရောက်ပြီးသူနှင့် အမာခံဟုယူဆရသူ အဘူဆွေယော့ အပါအဝင် ငါးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျစိစစ်ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါဆေးဝါး(၈)မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | ဆေးအမည် | ဆေးဘူး/ဆေးကတ်တွင် ဖော်ပြချက် |
|---|---|---|
| ၁။ | Deca-Instabolin 50 Injection(Nandrolone Decanoate IP 50mg/ ml) | Intas Pharmaceuticals Ltd, India |
| ၂။ | Elestomine Tablet (Betamethasone IP 0.5mg) | Maxtar Bio-Genics, India |
| ၃။ | Dexamethasone Tablet (Dexamethasone 0.5mg) | Asian Union Laboratories Co., Ltd, Thailand |
| ၄။ | Disprin Effervescent Tablet(Acetylsalicylic acid IP 350mg) | Reckitt Benckiser (India) Ltd, India |
| ၅။ | Nifedipine Tablets 10mg | Lin Fen Bao Zhu Pharmaceutical Co., Ltd |
| ၆။ | Salbutamol Tablet 10mg (Salbutamol Sulphate IP eq. to Salbutamol IP 2mg) | Cotec Healthcare (P) Ltd, India |
| ၇။ | Bupivacaine Hydrochloride Injection 37.5mg/ 5ml | ShandonghualuPharmaceutical Co., Ltd |
| ၈။ | 21st Super-Vita New Tablet | Shanghai Renxiang Biotechnology Co., Ltd |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ရရှိထားသောဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း (လက်လီ/လက္ကား)လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



**မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ရရှိထားခြင်းမရှိသောဆေးဝါးများ။**




## ဘောလုံးကစားခြင်းထက် စာသင်ကြားရေးပိုင်းကို ပိုမိုအရေးထားခဲ့ကြောင်း မစ်ခီတာယန်ဖွင့်ဟ

မန်ယူကွင်းလယ်လူ မစ်ခီတာယန်က ယူရိုပါလိဂ်ဗိုလ်လုပွဲတွင်သာမက မန်ယူအသင်းသွင်းဂိုးများလိုအပ်နေချိန်တွင် သူ၏ သွင်းဂိုးများဖြင့် အထောက်အပံ့ပြုခဲ့သော်လည်း ငယ်စဉ်ဘဝက ဘောလုံးကစားရန် အနည်းငယ်သာ အချိန်ပေးခဲ့ပြီး ကျောင်းစာသင်ကြားရေးဘက်ကိုသာ အထူးအလေးပေးခဲ့ကြောင်း ဖွင့်ဟခဲ့သည်။ မန်ယူတီဗီနှင့် ပြုလုပ်သော အင်တာဗျူးတွင် မစ်ခီတာယန်က "ကျွန်တော်ကျောင်းတက်တုန်းက စာသင်ကြားမှုကိုပဲ အချိန်ပြည့်အာရုံစိုက်ခဲ့တာပါ။ စာသင်ပြီးရင်တော့ ဘောလုံးကွင်းထဲ သွားရောက်လေ့ကျင့်တတ်ပေမယ့် ကျွန်တော့်ရဲ့ အချိန်တွေအကုန်လုံးကို စာသင်ခန်းထဲမှာပဲ ကုန်လွန်စေခဲ့တာပါ" ဟု ပြန်လည်ဖြေကြားခဲ့သည်။ မစ်ခီတာယန်မှာ ပြီးခဲ့သည့်နွေစျေးကွက်အတွင်း ဒေါ့မွန်မှ မန်ယူသို့ရောက်ရှိလာခဲ့ပြီး ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရရာ နေရာတစ်နေရာအတွက် တိုက်ပွဲဝင်သွားမည်ဟု ကြွေးကြော်ခဲ့ပြီးနောက်ပိုင်း အံ့အားသင့်ဖွယ်ကောင်းလောက်အောင် ခြေစွမ်းပြသနိုင်ခဲ့သည်။

မေလှဲ့သင်း-စုစည်းသည်

## ၂၀၂၆ ကမ္ဘာ့ဖလားပူးတွဲအိမ်ရှင်အဖြစ် လျှောက်ထားရန် ချီလီ စဉ်းစားနေ

တောင်အမေရိကနိုင်ငံ ချီလီသည် ၂၀၂၆ ကမ္ဘာ့ဖလားတွင် အခြားနိုင်ငံတစ်နိုင်ငံ(သို့မဟုတ်) နှစ်နိုင်ငံနှင့် ပူးတွဲကာ ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လျှောက်ထားရန် ဆန္ဒရှိနေကြောင်း ချီလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အာတူရိုဆာလာ၏ ပြောကြားချက်ကို ကိုးကားပြီး ဂိုးဒေါ့ကွန်းကဖော်ပြသည်။ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် မက္ကဆီကို သုံးနိုင်ငံတို့ ပူးပေါင်းပြီး ၂၀၂၆ ကမ္ဘာ့ဖလားလျှောက်ထားမည်ဟု ကြေညာခဲ့ပြီးနောက် ချီလီနိုင်ငံကလည်း အခြားအိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ(သို့မဟုတ်) နိုင်ငံနှစ်နိုင်ငံ ပူးပေါင်းပြီး ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လျှောက်ထားရန်ဆန္ဒရှိနေခြင်းဖြစ်သည်။

အိမ်ရှင်နိုင်ငံများ လျှောက်ထားမှုလုပ်ငန်းစဉ် စတင်ဖွင့်လှစ်နေပြီဖြစ်ရာ မြောက်အမေရိကနိုင်ငံများဖြစ်သည့် အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုတို့မှာ ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ရွေးချယ်ခံရရန် ထိပ်ဆုံးမှ ရေပန်းစားနေချိန် တောင်အမေရိကနိုင်ငံ ချီလီက အိမ်ရှင်အဖြစ် လျှောက်ထားရန် အံ့အားသင့်ဖွယ်ရာ ပါဝင်လာခြင်းဖြစ်သည်။

၁၉၇၈ အိမ်ရှင် အာဂျင်တီးနား နောက်ပိုင်း ၂၀၁၄ ကမ္ဘာ့ဖလား အိမ်ရှင် ဘရာဇီးသည် ပထမဦးဆုံးအကြိမ် ကမ္ဘာ့ဖလားကို ပြန်လည်ကျင်းပခွင့်ရသည့် တောင်အမေရိကနိုင်ငံဖြစ်သည်။ ၂၀၂၆ ခုနှစ်ဆိုလျှင် တောင်အမေရိကဇုန်တွင် ကမ္ဘာ့ဖလားကျင်းပမည့်အချိန် ၁၂ နှစ် ကွာဟသွားခဲ့ပြီဖြစ်ရာ ချီလီနိုင်ငံက အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရေး လိုလားနေခြင်းဖြစ်သည်။ တိုက်ကြီးများအလိုက် ဇုန်သတ်မှတ်ခွဲဝေမှုအရလည်း ၂၀၂၆ ကမ္ဘာ့ဖလားမှာ မြောက်အမေရိကတိုက်တွင် ကျင်းပရန် အလားအလာများနေသော်လည်း တောင်အမေရိကနိုင်ငံ ချီလီက ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လျှောက်ထားရန် ရည်ရွယ်လာခြင်းဖြစ်သည်။ ၂၀၁၈ ကမ္ဘာ့ဖလားကို ဥရောပနိုင်ငံ ရုရှားက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၂ ကမ္ဘာ့ဖလားကို အာရှတိုက်ရှိ ကာတာနိုင်ငံက အိမ်ရှင်အဖြစ်ရွေးချယ်ခံထားရပြီးဖြစ်သည်။ တောင်အမေရိကနိုင်ငံများအနေဖြင့် ကမ္ဘာ့ဖလားကို ငါးကြိမ်လက်ခံကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။

## အာဆင်နယ်ကို မက်ပီ ပြောင်းရွှေ့နိုင်

မိုနာကိုတိုက်စစ်မှူး မက်ပီအနေနဲ့ အာဆင်နယ်ရဲ့ လူငယ်ကစားသမားများကို ပြုစုပျိုးထောင်ပေးတဲ့၊ ကောင်းမွန်တဲ့ အစဉ်အလာကြောင့် အာဆင်နယ်ကို ပြောင်းရွှေ့ဖို့ ဆန္ဒရှိနေပြီး အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှုက အဆီးအတားတစ်ခုအဖြစ်ရှိမနေကြောင်း မက်ပီရဲ့ မိသားစုဝင်တစ်ဦးက ဆိုပါတယ်။ အဲဒီပုဂ္ဂိုလ်ကပဲ မက်ပီဟာ ဝင်းဂါးကို လေးစားသူဖြစ်ပြီး အဲဒီအချက်ကပဲ မက်ပီနဲ့ အာဆင်နယ်ပူးပေါင်းမှုအတွက် အဓိကအကြောင်းတရားလို့ မှတ်ချက်ပေးပါတယ်။

မက်ပီရဲ့ ပြီးခဲ့တဲ့ ရာသီအတွင်းပြသခဲ့တဲ့ ခြေစွမ်းတွေကြောင့် ဥရောပထိပ်တန်းအသင်းကြီးတွေက ဒီဆယ်ကျော်သက်တိုက်စစ်မှူးလေးအတွက် ပေါင်သန်း ၁၀၀ အထက်ပေးချေဖို့ ဝန်မလေးဘဲ ရှိနေတာဖြစ်ပါတယ်။ အစောပိုင်းကတော့ မက်ပီဟာ ရီးယဲလ်မက်ဒရစ်ကိုသာ အလေးသာတဲ့ စိတ်ဝင်စားမှုမျိုးရှိပုံပေါ်တာကြောင့် ရီးယဲလ်ကသာ မက်ပီလုပွဲကိုထိပ်ဆုံးက ဦးဆောင်နေပေမယ့် ခုတော့ အာဆင်နယ်ကလည်း ရီးယဲလ်ကို အနီးစပ်ဆုံး စိန်ခေါ်နိုင်တဲ့ အနေအထားရောက်လာတာ ဖြစ်ပါတယ်။

ဒီ မိသားစုဝင်ရဲ့ပြောကြားချက်အရဆိုရင် ဝင်းဂါးရှိနေသ၍ အာဆင်နယ်ရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှုဟာ ပြဿနာမဟုတ်ဘူးလို့ သိရပါတယ်။ မက်ပီကတော့ ပြင်သစ်သားတိုက်စစ်မှူးတွေဖြစ်တဲ့ အနယ်လ်ကာ၊ အွန်နရီတို့ကို အကောင်းဆုံးခြေစွမ်းရအောင် ကူညီပေးနိုင်တဲ့ ဝင်းဂါးရဲ့ ကိုင်တွယ်ပုံကို လေးစားမှုရှိနေပြီး ဝင်းဂါးရှိနေခြင်းက မက်ပီကို အာဆင်နယ်ဆီရောက်အောင် ဆွဲဆောင်နိုင်တဲ့ အဓိကအကြောင်းတရားဖြစ်နေတာပါ။

အာဆင်နယ်အသင်းဟာ လာမယ့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ထားတာကြောင့် ကမ္ဘာ့ထိပ်တန်းကစားသမားတွေကို ခေါ်ယူမှုအတွက် အဆီးအတားဖြစ်နေပြီး နောက်ခံလူ ကိုလာစီနစ်ချ် တစ်ဦးတည်းကိုပဲ ခေါ်ယူနိုင်ပါသေးတယ်။ သတင်းတွေရဲ့ ဖော်ပြချက်အရတော့ အာဆင်နယ်ဟာ လာကာဇက်တီအတွက် ပေါင် ၅၅သန်း၊ သောမတ်စ်လီမာအတွက် ပေါင်၂၅သန်းနဲ့ ဖော်နက်စ်အတွက် ပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။ ဒ့ါအပြင်အသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ အိုဇေးလ်နဲ့ ဆန်းချက်ဇ်ကို သက်တမ်းတိုးစာချုပ်အမြန်ဆုံးချုပ်ဆိုနိုင်အောင် ဥပဒေရေးကျွမ်းကျင်သူ ဟက်စ်ဖန်မီကို ငှားကာ ညှိနှိုင်းနေပါတယ်။




## အဲလ်ဗက်စ်ကို ဂျူဗင်တပ်မှ ထွက်ခွာခွင့်ပြု




နောက်ခံလူ ဒန်နီအဲလ်ဗက်စ်ကို ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန် သဘောတူညီခဲ့ပြီးဖြစ်ရာ အဲလ်ဗက်စ်ကို ခေါ်ယူရန်ကြိုးပမ်းနေသည့် မန်စီးတီးအသင်းအတွက် သတင်းကောင်းဖြစ်လာခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် ဂျူဗီအမှုဆောင်ချုပ် မာရော့တာက "အဲလ်ဗက်စ်က အတွေ့အကြုံသစ်ကို အလိုရှိနေတာကို ကျွန်တော်တို့ဘက်ကလည်း သဘောပေါက်ပါတယ်"ဟု ပြောကြားခဲ့ရာ လာမည့်ရာသီတွင် မန်စီးတီးကစားသမားအဖြစ် မြင်တွေ့နိုင်ရန် အလားအလာများလာခြင်းဖြစ်သည်။ အဲလ်ဗက်စ်နှင့် မန်စီးတီးနည်းပြ ဂွါဒီယိုလာတို့မှာ ဘာစီလိုနာတွင် လက်တွဲလာသူများဖြစ်ရာ ရှေ့၊ နောက်၊ အလယ် ပြုပြင်ပြောင်းလဲရေးဖော်ဆောင်နေသည့် မန်စီးတီးအတွက် အဲဗက်စ်လို အတွေ့အကြုံရင့် ဝါရင့်နောက်ခံလူတစ်ဦးကို ခေါ်ယူအားဖြည့်ရန် ဂွါဒီယိုလာက လိုလားနေခြင်းဖြစ်သည်။



## စီရိုနယ်လ်ဒိုမှာ ရီးယဲလ်အတွက် မရှိမဖြစ်ကစားသမားမဟုတ်ဟု ဖီဂို ရှုမြင်

လူးဝစ်ဖီဂိုက ဘယ်ကစားသမားကမျှ ရီးယဲလ်အတွက် မရှိမဖြစ်အနေအထားမျိုး ဖြစ်မနေသည့်အတွက် ရီးယဲလ်မှ စီရိုနယ်လ်ဒို ထွက်ခွာသွားလည်း ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဆိုးရွားသည့် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း တုံ့ပြန်စကားဆိုလိုက်ပြီဖြစ်သည်။ ရီးယဲလ်မှ စီရိုနယ်လ်လ်ဒို ယခုနှစ်နွေစျေးကွက်အတွင်း ထွက်ခွာရန် ဆန္ဒရှိနေသည်ဟူသော သတင်းများထွက်လာပြီးနောက် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က စီရိုနယ်လ်ဒိုကို ဆက်ထိန်းရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်ခံရအပြီးတွင် ပြောကြားထားပြီးဖြစ်သည်။

စီရိုနယ်လ်ဒိုကိုယ်တိုင်က ထွက်ပေါ်နေတဲ့ အပြောင်းအရွှေ့အတွက် မှတ်ချက်တစ်စုံတစ်ရာပေးခြင်းမရှိခဲ့သော်လည်း ပြင်ပမီဒီယာများတွင် စီရိုနယ်လ်ဒို၏ အပြောင်းအရွှေ့သတင်းများ ပလူပျံနေသည်။ ယင်းကဲ့သို့သော သတင်းများတောက်လျှောက်ထွက်လာချိန်တွင် ရီးယဲလ်နည်းပြ ဇီဒန်းနှင့် အသင်းခေါင်းဆောင် ရာမို့စ်တို့က စီရိုနယ်လ်ဒိုအား ရီးယဲလ်အတွက် ဆက်ရှိပေးရန် ဖုန်းဖြင့် ဆက်သွယ်တိုက်တွန်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။ ဇီဒန်းက ရီးယဲလ်အတွက် စီရိုနယ်လ်ဒို၏ တိုက်ပွဲဝင်စိတ်ဓာတ်မှာ အရေးပါပြီး ပြီးခဲ့သည့်ရာသီ ရီးယဲလ်၏ အောင်မြင်မှုများတွင် စီရိုနယ်လ်ဒို၏ အရေးကြီးပုံကို ပြန်ပြောင်းပြောကြားကာ စည်းရုံးခဲ့ခြင်းဖြစ်သည်။

သို့သော် ဖီဂိုက ဘယ်ကစားသမားမှ မရှိလျှင်မဖြစ်ဟူသော အနေအထားမျိုး ရီးယဲလ်အတွက် ရှိမနေတာကြောင့် စီရိုနယ်လ်ဒို မရှိလည်းဖြစ်သည်ဟူသော စကားဖြင့် ဇီဒန်းနှင့် အမြင်မတူညီမှုကို ဖော်ပြခဲ့သည်။ ဖီဂိုက "ဒါဟာ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးအမြင်ဆိုပေမယ့် ဘယ်ကစားသမား၊ ဘယ်အမှုဆောင်အရာရှိကမှ ရီးယဲလ်မက်ဒရစ်အသင်းထက် ကြီးကျယ်တယ်ဆိုတာမရှိပါဘူး။ ကလပ်အသင်းက ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မှီတည်နေတာ မဟုတ်ပါဘူး။ သမိုင်းကြောင်းအရဆိုလည်း ဘယ်သူတစ်ဦးတစ်ယောက်ကမှ ကလပ်အသင်းရဲ့ အထက်မှာလည်းရှိမနေပါဘူး" ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။ စီရိုနယ်လ်ဒိုမှာ လူးဝစ်ဖီဂို၏ ပေါ်တူဂီအသင်းခေါင်းဆောင်လက်ပတ်ကို ၂၀၀၆ ကမ္ဘာ့ဖလားအပြီးတွင် လွှဲပြောင်းရယူခဲ့သူဖြစ်သည်။

## ပျဉ်းမနားမြို့နယ်၌ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ပျဉ်းမနား ဇွန် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(သစ်လေးလုံး)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ပညာပေးဟောပြောရာတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၁၀၁)မှ ဒုတိယရဲမှူး လှစိုးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် တရားမဝင်ရောင်းဝယ်မှုတို့နှင့် ပတ်သက်၍ ပြစ်မှု၊ ပြစ်ဒဏ်ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်အေးအေးခိုင်က မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းဖို့ စာအုပ်စာစောင်ဖတ်ကြစို့နှင့် မူးယစ်ကင်းစင်တို့ကျောင်း တစ်ခွင်ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။

ထို့နောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် မူးယစ်ဆေးဝါးပညာပေး နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်မှဆောင်ရွက်ချက်များရှင်းလင်း၊ ကလေးအလုပ်သမားလျှော့ချရေး၊ အလုပ်ရှင်များ၏အခန်းကဏ္ဍဆွေးနွေး

**ချမ်းအေးသာစံ ဇွန် ၂၂**

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်မှ ဆောင်ရွက်ချက်များ၊ အလုပ်သမား ဥပဒေနှင့်ပြင်ဆင်ချက်များ၊ ကလေးအလုပ်သမားလျှော့ချရေးဆိုင်ရာအချက်အလက်များ၊ အလုပ်သမားဥပဒေများပြဋ္ဌာန်းရာတွင် စီးပွားရေးအဖွဲ့အစည်းများ၏အခန်းကဏ္ဍ နှင့် အလုပ်ရှင်များ၏အခန်းကဏ္ဍနှင့်ပတ်သက်သည့် How ILO Supports the Development of Myanmar's Labour Market and Promotion of Decent Work ဆွေးနွေးပွဲကို ဇွန်၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံ စူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ဒေသဆိုင်ရာ မန်နေဂျာ Mr.Rory က အလုပ်သမားဥပဒေနှင့် ပြန်လည်ပြုပြင်မှုများ၊ အလုပ်သမားဥပဒေပြဋ္ဌာန်းခြင်းတွင်စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ ကလေးအလုပ်သမားလျှော့ချရေးဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

## Communication For Development သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါဟု ဆို

**မဟာအောင်မြေ ဇွန် ၂၂**

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မှုပညာ Communication For Development သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း မန္တလေးမြို့ ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းမှ C4D သင်တန်းနည်းပြတစ်ဦးဖြစ်သူ ကိုငြိမ်းချမ်းဝေက ပြောသည်။

"နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ပူးပေါင်းဆောင်ရွက်မှုကအလွန်အရေးပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ပူးပေါင်းပါဝင်မှုကိုရရှိဖို့ဆိုတာ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးရမှာဖြစ်ပြီး အဲဒီလိုမြှင့်တင်ပေးတဲ့နေရာမှာ Communitcation For Development ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မှုပညာက များစွာအရေးပါပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ အခြေခံအကျဆုံးလူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ ပြည်သူတွေ နဲ့ အနီးကပ်ဆုံးထိတွေ့ဆက်ဆံနေရသူ ပြန်/ဆက်ဝန်ထမ်းတွေ၊ အခြားဌာနဆိုင်ရာဝန်ထမ်းတွေကို သင်ကြားပို့ချပေးဖို့ C4D သင်ရိုးညွှန်းတမ်းကို နားလည်တတ်ကျွမ်းတဲ့ပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ပြုစုရေးဆွဲခဲ့ပါတယ်" ဟု အဆိုပါအသင်းမှ နည်းပြတစ်ဦးဖြစ်သူ ကိုငြိမ်းချမ်းဝေက ပြောသည်။

C4D သင်တန်းများအား ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကို ၊ LIFT ၊MBAPF ( Myanmar Books and Preser-Vation Foundation )၊ ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် မေလမှစတင်ပြီး ဖွင့်လှစ်ပို့ချလျက်ရှိသည်။ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ယုံကြည်ရာအသိပညာပြန့်ပွားရေးစာကြည့်တိုက်တွင် C4D သင်တန်းအမှတ်စဉ် (၁၆) ကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်း ၂၄ ဦး တက်ရောက်သင်ယူနေသည်။

ယင်းသင်တန်းတွင် ICT မိတ်ဆက်နှင့် မိုဘိုင်းဖုန်းအသုံးပြုနည်းများ၊ Online Website များ၌ သတင်းအချက်အလက်များရယူခြင်း၊ ဆက်သွယ်ပြောဆိုရေးဆိုင်ရာကိရိယာနှင့် နည်းလမ်းများ၊ ကျင့်ဝတ်နှင့် ကိုယ်ပိုင်သတင်းအချက်အလက်များ လုံခြုံစိတ်ချစွာအသုံးပြုခြင်းစသည့် သင်ခန်းစာများကို ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းရှိ သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင် ကြားပို့ချကြောင်းသိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအား မြေနမူနာယူနည်းအကြောင်း လက်တွေ့ကွင်းဆင်း

**ညောင်ဦး ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနသို့ ကွင်းဆင်းလေ့လာရန် ရောက်ရှိနေသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ (Inter-nship) ကျောင်းသား၊ ကျောင်းသူများအား စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပိုမိုသိရှိနိုင်စေရန်နှင့် စံပြကွက် မြေနမူနာယူနည်းအကြောင်း သိရှိနိုင်စေရန်ရည်ရွယ်၍ ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေအသုံးချ တာဝန်ခံ ဒေါ်စန်းစန်းဝေ ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့က မြေနမူနာယူနည်းအကြောင်း လက်တွေ့ကွင်းဆင်း သရုပ်ပြပွဲကို ဇွန် ၂၁ ရက် နံနက် ၇ နာရီက ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်ဒေသ ကံတောကျေးရွာတွင် ဆောင်ရွက်ထားရှိသည့် ဘက်စုံသုံး အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ (Integrated High Technology Demonstration Village ) ဧက ၃၀၀ အတွင်းရှိ လယ်မြေပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြေနမူနာယူနည်းအကြောင်း လက်တွေ့ကွင်းဆင်းသရုပ်ပြပွဲတွင် ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေအသုံးချ တာဝန်ခံဒေါ်စန်းစန်းဝေက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ (Internship) ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ရမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားပြီး စံပြကွက် မြေနမူနာယူနည်းအကြောင်း ဘာသာရပ်အားသင်ကြားပို့ချပေးခဲ့သည်။

ထို့နောက် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများအဖွဲ့က ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်ဒေသ ကံတောကျေးရွာတွင် ဆောင်ရွက်ထားရှိသည့် ဘက်စုံသုံး အဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (Integrated High Technology Demonstration Village) ဧက ၃၀၀ အတွင်းရှိ လယ်မြေပေါ်တွင် မြေနမူနာယူနည်းနှင့် ပတ်သက်သည့် မြေအတွင်းရှိ အချဉ်ဓာတ်၊ အငန်ဓာတ်နှင့် မြေအစိုဓာတ်ရရှိမှု အခြေအနေများအား (Soil PH & Moisture Tester ) ကိရိယာဖြင့် လက်တွေ့တိုင်းတာခြင်းများ သရုပ်ပြသဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့်အချက်များအား ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ထို့အပြင် ကံတောကျေးရွာတွင် ဆောင်ရွက်ထားရှိသည့် ဘက်စုံသုံး အဆင့်မြင့်နည်းပညာသုံး စံပြကွက် ဧက ၃၀၀ မှ မြေများအား ဓာတ်ခွဲခန်းသို့ ပို့ဆောင်နိုင်ရန် မြေနမူနာရယူဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းနှင့် အငှားအိမ်ရာစီမံကိန်းများ မန္တလေးမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်

**မန္တလေး ဇွန် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းနှင့် အငှားအိမ်ရာစီမံကိန်းများကို ဇူလိုင်လ တတိယပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။



နိုင်ငံ့ဝန်ထမ်းများ အငှားအိမ်ရာစီမံကိန်းသည် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများ တာဝန်ကျရာနေရာများတွင် အသက်သာဆုံးငှားရမ်းခဖြင့်ငှားရမ်းနေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး တာဝန်အရ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားယူခြင်းများရှိပါက အခန်းအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းသည် အငြိမ်းစားယူပြီးပါက ဘဝလုံခြုံစိတ်ချရမှုရှိစေရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ပြီး ပင်စင်လစာ၊ လုပ်သက်ဆုကြေးငွေ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တို့နှင့် ချိတ်ဆက်ကာ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်သို့ ကနဦးသွင်းငွေများကိုလည်း တိုက်ခန်းတန်ဖိုး ၃၀ ရာခိုင်နှုန်းပေးသွင်းခြင်းစနစ်အစား ၂၀ ရာခိုင်နှုန်းသို့ လျှော့ချပေးသွင်းနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်း နှင့် အငှားအိမ်ရာစီမံကိန်းများအတွက် အိမ်ရာများတည်ဆောက်နိုင်ရန် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာအနီးနှင့် တည်ဆောက်ပြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်းအနီးတွင် ပဏာမမြေတိုင်းတာမှုများ ဆောင်ရွက်ထားပြီး ရွေးချယ်ထားမှုနှင့် အဆောက်အအုံပုံစံများအား နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေး ဦးစီးကော်မတီသို့ တင်ပြထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# မုံရွာညဈေးတန်းနေရာသစ်တွင် ဈေးသည် ၁၃၉ ဦး၏ ဆိုင်ခန်း ၄၀၆ ခန်းဖြင့် စတင်ပြောင်းရွှေ့ဖွင့်လှစ်

**မုံရွာ ဇွန် ၂၂**

မုံရွာညဈေးတန်းနေရာသစ်ဖြစ်သော ရုံးကြီးလမ်းသို့ပြောင်းရွှေ့ကာ ဇွန် ၂၀ ရက်ညနေပိုင်းကစတင်ဖွင့်လှစ်ကြရာ ဈေးသည် ၁၃၉ ဦး၏ ဆိုင်ခန်း ၄၀၆ ခန်းကိုဖွင့်လှစ်နေရာဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဇွန် ၂၀ မှ ၂၂ ရက်အထိ သုံးရက်ကို အခမဲ့ဖွင့်လှစ်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။ ညဈေးတန်းစတင်ဖွင့်လှစ်ရာသို့ ဈေးသည်များ၏ လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းတို့က ဈေးဆိုင်တန်းတစ်လျှောက်လှည့်လည်ကြည့်ရှုကာ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။ မုံရွာမြို့ညဈေးတန်းကို ရုံးကြီးလမ်းသို့ ဇွန် ၂၀ ရက် ညနေက စတင်ပြောင်းရွှေ့ရာ နာရီစင်နှင့် ဗိုလ်ချုပ်ကြေးရုပ်ကြားဖွင့်စဉ်က ရောင်းချခဲ့ကြသော ဈေးသည် ၁၃၉ ဦး၏ ဆိုင်ခန်းပေါင်း ၄၀၆ ဆိုင်အပြင် လက်တွန်းလှည်းဖြင့်ရောင်းသောဆိုင်များ၊ တန်ဖိုးနည်းအရောင်းဆိုင်ငယ်လေးများကိုပါ ရောင်းချခွင့်ပြုသောကြောင့် လမ်းလျှောက် စားသောက်လိုသူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း ညဈေးတန်းသို့လာသောဈေးဝယ်သူတစ်ဦးက ပြောသည်။

“ဒီနေရာပြောင်းတာ၊ ယာဉ်အန္တရာယ်မရှိတာ သေချာတယ်ဗျာ။ အရင်ညဈေးတန်းမှာတုန်းက စားနေရင် ကိုယ်စီးလာတဲ့ဆိုင်ကယ်ကို ချိတ်များသွားလေမလားဆိုပြီး ပူနေရတာတွေရှိခဲ့တယ်။ အခုနေရာကတော့ကြည့်ရတာ စားတဲ့သူအတွက်ရောရောင်းတဲ့သူအတွက်ပါအများကြီးအဆင်ပြေစေမယ်လို့မြင်ပါတယ်”ဟု ညဈေးတန်းလာဈေးဝယ်တစ်ဦးက ပြောသည်။

ယခင်ညဈေးတန်းဖွင့်စဉ်က မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ စည်ပင်လိုင်စင်စီအရကောက်ခံလျက်ရှိသော တစ်ညလျှင် ကျပ် ၂၅၀ ကို ဇွန် ၂၃ရက်တွင်စတင်ကောက်ယူသွားမည့်အပြင် ယခုညဈေးတန်းတွင် ဖျော်ဖြေရေးစင်မြင့်တစ်ခုတည်ဆောက်ထားပြီး ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ပစ္စည်းကိုကြော်ငြာနိုင်ရန် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီကစီစဉ်ထားကြောင်း မုံရွာမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

“အခုလက်ရှိကတော့ ညဈေးတန်းမှာဖွင့်ခဲ့တဲ့ ဈေးသည် ၁၃၉ ဦးကို စတင်ဖွင့်လှစ်ရောင်းချစေခဲ့ပါတယ်။ နောက်ထပ်ဖွင့်ဖို့ စည်ပင်ရုံးကို အသစ်လာလျှောက်ထားတာ ဆိုင်ခန်း ၁၀၀ ကျော်လောက်ရှိသေးတာ၊ လောလောဆယ်တော့ ခွင့်မပြုသေးပါဘူး။ ဖြည်းဖြည်းတော့ ဖွင့်ခွင့်ပေးပါမယ်။ ညဈေးတန်းကဈေးသည်တွေရဲ့ စားပွဲ၊ ကုလားထိုင် စတဲ့ပစ္စည်းတွေကို ဈေးဆိုင်နောက်ကျောတွေမှာရှိတဲ့ ရုံးဝင်းကြီးတွေထဲ ဆိုင်ပိတ်ရင် ထားလို့ရအောင်ကိုလည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။ လောလောဆယ်တော့ လမ်းလျှောက်ဈေးတန်းလို့ လုပ်ထားပေမယ့်အခြေအနေအရ ဒီနေ့မှာတော့ ဆိုင်ကယ်၊ ကားတွေနဲ့ ဝယ်ယူသွားလာခွင့်ပြုပေးပေမယ့် နောက်ရက်တွေမှာတော့ ဝင်ခွင့်မပြုတော့ဘဲ လမ်းလျှောက်ဈေးတန်းအဖြစ် စနစ်တကျ ဖော်ဆောင်သွားမှာပါ”ဟု ဦးကျော်မျိုးဝင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပုဂ္ဂလိက ငါးသားဖောက်လုပ်ငန်းများမှ ငါးသားပေါက်ကောင်ရေ ၁၈ သိန်းထုတ်လုပ်သွားမည်

**မုံရွာ ဇွန် ၂၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငါးသားဖောက်စခန်း ကိုးခုမှ ငါးသားပေါက်ကောင်ရေ ၁၈ သိန်း ထုတ်လုပ်ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ တစ်ဦးချင်းငါးစားသုံးမှု ဖူလုံစေရန်၊ ငါးသယံဇာတများ ပြုန်းတီးမှုမှ ကာကွယ်နိုင်ရန်နှင့် နိုင်ငံတော်မှ အခွန်အခများရရှိစေရန်အတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးသားဖောက်စခန်းများမှ ငါးသားပေါက်များကို ထုတ်လုပ်ဖြန့်ချိသကဲ့သို့ တစ်ပိုင်တစ်နိုင်မွေးမြူသည့် ပုဂ္ဂလိကငါးသားဖောက်လုပ်ငန်းရှင်များမှလည်း ထုတ်လုပ်ဖြန့်ချိပေးခြင်းဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ မြစ်ချောင်းတွေရှိသလို အင်းတွေ၊ ငါးမွေးမြူရေးကန်တွေ၊ ဆည်တွေ ပေါများပြီး ငါးမွေးမြူရေးလုပ်ငန်းအတွက် အများကြီးအထောက်အကူဖြစ်တဲ့အတွက် ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးသားဖောက်စခန်းတွေအပြင် ပုဂ္ဂလိက ငါးသားဖောက်လုပ်ငန်းရှင်တွေကလည်း တစ်ပိုင်တစ်နိုင်သားဖောက်လုပ်ငန်းတွေ လုပ်ပြီး ဖြန့်ဝေပေးတာပါ။ ပုဂ္ဂလိက ငါးသားဖောက်လုပ်ငန်းရှင်တွေရှိတဲ့အတွက် ဌာနပိုင်ငါးသားဖောက်စခန်းတွေနဲ့ ဝေးတဲ့ဒေသက ငါးမွေးမြူလိုသူတွေအတွက် အများကြီးဈေးနှုန်းချိုသာစွာနဲ့ မွေးမြူနိုင်စေပါတယ်”ဟု တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ငါးသားဖောက်စခန်းများဖြစ်သော ဟုမ္မလင်းငါးသားဖောက်စခန်းမှ ကောင်ရေ နှစ်သိန်း၊ တမူးငါးသားဖောက်စခန်းမှ ကောင်ရေ နှစ်သိန်း၊ ကသာ (ပြည်သာယာ)စခန်းမှ ကောင်ရေ နှစ်သိန်း၊ အင်းတော်(စက်တောကုန်း)စခန်းမှ ကောင်ရေ နှစ်သိန်း၊ ထီးချိုင့်(အင်ကြင်းကုန်းစခန်း)စခန်းမှ ကောင်ရေ နှစ်သိန်း၊ ရွှေဘိုငါးလုပ်ငန်းစခန်းမှ ကောင်ရေ နှစ်သိန်း၊ ရေဦးငါးလုပ်ငန်းစခန်းမှ ကောင်ရေ နှစ်သိန်း၊ မော်လိုက်(သရက်ကုန်းရပ်ကွက်)စခန်းမှ ကောင်ရေ နှစ်သိန်း၊ ကန့်ဘလူ(ဆည်ကြီးရွာ)စခန်းမှ ကောင်ရေ နှစ်သိန်း စုစုပေါင်း ၁၈ သိန်းကို ထုတ်လုပ်ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**





# စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ရွှေဘိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ရွှေဘို ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်သည် တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်ရုံး ရုံးအဖွဲ့မှူးနှင့် ရွှေဘိုခရိုင်တရားသူကြီးတို့ လိုက်ပါလျက် ဇွန် ၂၁ ရက် နံနက်ပိုင်းက ရွှေဘိုမြို့ရှိ ရွှေဘိုအကျဉ်းထောင်နှင့် မြို့မရဲစခန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် အကျဉ်းသူ၊ အကျဉ်းသားများ၊ အချုပ်သူ အချုပ်သားများနှင့် တွေ့ဆုံ၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိခြင်း ရှိ၊ မရှိ၊ သင့်တင့်မျှတသော အစာအာဟာရ ရရှိမှု ရှိ၊ မရှိ၊ ဆေးဝါးကုသခွင့် ရှိ၊ မရှိ၊ အကျဉ်းသူ အချုပ်သူများအား အမျိုးသမီးလုံခြုံရေး အစောင့်အရှောက်ဖြင့် ထားရှိခြင်း ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို အကြံပြု ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် နေ့လယ်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်သည် ရွှေဘိုခရိုင်အတွင်းရှိခရိုင်၊ မြို့နယ်တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးအသိပညာပေးဟောပြော

**ကျောက်တလုံးကြီး ဇွန် ၂၂**

မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ပပျောက်ရေးဟူသည့် မဟာဗျူဟာ(၂)ရပ်ဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်အောင် နိုင်ငံတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိရာ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း (ကျောက်တလုံးကြီး)တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။

မူးယစ်ဆေးဝါးသည် ဆေးလိပ်ကစတင်ပြီး နောက်တစ်ဆင့် ဆေးခြောက်၊ ဘိန်းဖြူ ဘိန်းမဲစသည်အထိ သုံးစွဲတတ်ကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဆေးလိပ်သည်အနီးစပ်ဆုံးဖြစ်၍ ဆေးလိပ်မသောက်ကြရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မစမ်းသပ်ကြရန်နှင့် တတ်နိုင်သရွေ့ ကြိုးစားရှောင်ကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးကိစ္စသည် ကျောင်းသား ကျောင်းသူများအတွက် အရေးကြီးကြောင်း၊ မူးယစ်ဆေးဝါးသည် လူနှင့်အာရုံကြောထိခိုက်စေနိုင်ပြီး မူးယစ်ဆေးဝါးမသုံးစွဲဘဲမနေနိုင်ဖြစ်ကာ စိတ်ကိုပြောင်းလဲစေတတ်သောဆေးဖြစ်ခြင်းကြောင့် ရှောင်ရှားသင့်ကြောင်း၊ မူးယစ်ဆေးဝါးကို မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုက်ဖျက်နေကြကြောင်း၊ မူးယစ်ဆေးဝါးကို သုံးစွဲ၊ စားသုံး၊ ရောင်းဝယ်၊ စိုက်ပျိုးမိလျှင် အန္တရာယ်ရှိကြောင်း၊ ဘိန်းစိုက်သည့် အချိန်တွင်လည်း ဖျက်ဆီးရေးများ ပြုလုပ်ဆောင်ရွက်ပြီး ထုတ်လုပ်သည့်အချိန်တွင်လည်း ဖမ်းဆီးရေးများ ပြုလုပ်ကာ ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဘိန်းကို ၁၉၉၉ ခုနှစ်မှ စတင်၍ ယနေ့ထိတိုင် သိသိသာသာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တိုက်ဖျက်နေကြောင်း၊ ဖျက်ဆီးသည့်အချိန်တွင်လည်း ဌာနဆိုင်ရာများစုပေါင်း၍ ဝိုင်းဝန်းနှိမ်နင်းနေကြောင်း ကျောက်တလုံးကြီးမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစောချမ်းက ပြောကြားသည်။

စာအုပ်စာစောင်များ၊ ဓာတ်ပုံများ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် ပတ်သက်၍ ကျောင်းသူကျောင်းသားများ၊ မိဘပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ကျွန်တော်တို့နိုင်ငံတွင်လည်း ဒေသအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားများကျင်းပခြင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ နယ်လှည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသည် လူငယ်အလွှာအသီးသီးတွင် စိမ့်ဝင်ပျံ့နှံ့လျက်ရှိရာ နိုင်ငံတော်အတွက် အားထားရသည့် လူငယ်များ၊ သားကောင်းရတနာများအတွင်း စိမ့်ဝင်ပျံ့နှံ့မှုမရှိစေရေးအတွက် ယခုကဲ့သို့ လာရောက်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဦးကြီးဒဲရယ်က ပြောကြားသည်။ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်ပြပွဲ၊ ဓာတ်ပုံများ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **ခွန်အာကာ(ကျောက်တလုံးကြီး)**



# ရေတာရှည်မြို့တွင်ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်ရောက်ရှိရာ လမ်းတစ်လျှောက်ပြည်သူများက ဝိုင်းဝန်းကြိုဆို

**ရေတာရှည် ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တွင် အများပြည်သူအားလုံး ဂါရဝပြုနိုင်ရန် ပထမဦးဆုံးထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်အား မန္တလေးမြို့မှ ရေတာရှည်မြို့သို့ ကြိုဆိုရေးအဖွဲ့များဖြင့် သယ်ဆောင်လာခဲ့ရာ ဇွန် ၂၀ ရက်တွင် ရေနီမြို့၌ အများပြည်သူလေ့လာနိုင်ရန် ညအိပ်ရပ်နားခဲ့သည်။

ဇွန် ၂၁ ရက် မွန်းလွဲပိုင်းက ရေတာရှည်မြို့သို့ ဆက်လက်သယ်ဆောင်ခဲ့ရာ ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့် မြို့နယ် ဘောလုံးအားကစားကွင်း ရှေ့ဥပစာရှိ သတ်မှတ်နေရာသို့ သယ်ဆောင်လာခဲ့ရာ လမ်းဘေး ဝဲ၊ ယာမှ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့ဖိ မြို့ဖများ၊ ဆရာ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံမြို့ခံ ပြည်သူများက ငြိမ်သက်စွာဂါရဝပြုခြင်းအပြင် နိုင်ငံတော်သီချင်းဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြသည်ကို တွေ့ရသည်။

အများပြည်သူများကြည့်ရှုနိုင်ရန် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၃၀ ခန့်ကုန်ကျ၍ အမြင့် ရှစ်ပေ ငါးလက်မ၊ ကြေးပိဿာချိန် ၃၀၀ ဝန်းကျင်ခန့်ရှိ ဗိုလ်ချုပ်ကြေးရုပ်တုအား မန္တလေးမြို့၌ သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ပဲခူး ဇွန် ၂၂**

ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဇွန် ၂၁ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းက ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးနှင့်လူကုန်ကူးမှုအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် မိမိပတ်ဝန်းကျင်ကိုအသိပညာများ ပြန်လည်မျှဝေပေးနိုင်ရန်ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ လိုက်နာဆောင်ရွက်လေ့လာမှတ်သားကြရန် လိုအပ်ကြောင်း၊ မူးယစ်ကင်းစင်ပြီးပညာတတ် သော၊ နိုင်ငံနှင့်မိသားစုအပေါ် တာဝန်ကျေသောသူများဖြစ်အောင် ကြိုးစားအားထုတ်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (၃) တာဝန်ခံအရာရှိရဲမှူးအောင်စိုးက လူမှောင်ခိုကုန်ကူးမှုအသိပညာပေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၆) မှတာဝန်ခံအရာရှိဒုတိယရဲမှူးမြင့်လွင်က မူးယစ်အန္တရာယ် လှူရန်စွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာမ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)က လူသားထုကမ္ဘာမပျက်ဖို့အန္တရာယ်မူးယစ်ဆန့်ကျင်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးအသိပညာပေးဟောပြောကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

အဆိုပါအခမ်းအနားသို့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးခင်မောင်ဌေး၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးဆရာမကြီး ဒေါ်မြင့်မြင့်သန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နန်းတော်ရာရပ်ကွက်နှင့် ရှင်စောပုရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ဘူးသီးတောင်မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးမှုနှင့် ရေချိုငါးမွေးကန်များတိုးချဲ့ဆောင်ရွက်လျက်ရှိ

**ဘူးသီးတောင် ဇွန် ၂၂**

ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လစဉ်လိုလို ရေလုပ်သားရှိရာ ကျေးရွာများသို့ သွားရောက် ပြီး ငါးသယံဇာတထိန်းသိမ်းရေးအသိပညာပေးမှုနှင့် ရေချိုငါးမွေးကန်များ တိုးချဲ့အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"လက်ရှိ ဘူးသီးတောင်မြို့နယ်မှာ ငါးဖမ်းဆီးရေးကို အဓိကထားပြုလုပ်ပြီး မွေးမြူရေးအပိုင်းနဲ့ တိုးချဲ့မွေးမြူလာနိုင်အောင် ကျေးလက်နေပြည်သူတွေကို ဌာနမှသင်တန်းတွေပို့ချပြီး ငါးဆေးထိုးသားပေါက်ဖေါက် ကျွမ်းကျင်လာအောင် လက်တွေ့သင်ကြားပေးပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ရေချိုငါးသားပေါက်စခန်းတစ်ခုရှိပြီး ငါးသားပေါက်များ ထုတ်လုပ်တဲ့ ရေချိုငါးမျိုးသားပေါက်တွေကို မြစ်၊ ချောင်း သဘာဝရေပြင်အတွင်း မျိုးစိုက်ထည့်ပေးပြီး ကျန်တဲ့ငါးသားပေါက်တွေကို ငါးမွေးမြူကန်ပိုင်ရှင်များထံ ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ဒေသ မှာတင်မကဘဲ ကမ္ဘာ့ ငါးသယံဇာတဟာလည်း ရှားပါးလာနေပြီး ဒီအတိုင်းဆက်ပြီးတော့ ငါးဖမ်းဆီးနေမယ်ဆိုရင် ၂၀၅၀ ပြည့်နှစ်ရောက်ရင် ငါးမျိုးတွေလုံးဝပြုန်းတီးသည့် အထိဖြစ်သွားနိုင်ပါတယ်။ လူဦးရေကလည်းတိုးပွားလာတယ်၊ ငါးစားသုံးမှု ပိုများလာတဲ့အချိန်မှာ ငါးကလည်း ရှားပါးလာနိုင်ပါတယ်။ ဒါကြောင့် ငါးတိုးပွားလာဖို့အတွက် ဘူးသီးတောင်မြို့နယ်မှာ ငါးဖမ်းဆီးရေး တစ်ခုတည်းကိုဦးမတည်ဘဲနဲ့ မွေးမြူရေးပိုင်းကိုလည်း ကြိုးစားပြီး ဦးတည်ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောသည်။

"ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ်မှာ ကျေးရွာအုပ်စု ၈၅ အုပ်စုရှိတဲ့အနက် ရေလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာအုပ်စု ၃၄ အုပ်စုရှိပြီး ကျေးရွာများသို့ ကျွန်တော်နှင့် ဝန်ထမ်းများက ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လအလိုက် စီမံချက်များရေးဆွဲပြီး ကွင်းဆင်းဆောင်ရွက်နေပါတယ်။ ဥကပ်ငါး၊ ပုစွန်များရောင်းဝယ်ခွင့်မပြုလုပ်ရန်၊ မဖမ်းဆီးရန်၊ ငါး၊ ပုစွန်များရောင်းချတဲ့ မြို့မဈေးအတွင်းရှိ လုပ်ငန်းရှင်တွေကို မကြာခဏ အသိပညာပေးပြောကြားပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ငါးသယံဇာတ ဖွံ့ဖြိုးတိုးပွားပြီး မြို့ပေါ်၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရေးအတွက် မြစ်၊ ချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးမှု နှစ်စဉ်ပြုလုပ်ပြီး ရေချိုငါးမွေးကန်းတွေ တိုးချဲ့ဆောင်ရွက်နိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။



**မြို့နယ် (ပြန်/ဆက်)**

# ငပိ၊ လက်ဖက်၊ ပဲပြား၊ ပဲသွေး၊ မုန့်ဖတ်များ FDA က ကွင်းဆင်းခေါက်ခွဲစစ်ဆေး

**သုံးခွ ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မဈေးကြီးအတွင်း ရောင်းချလျက်ရှိသော ငပိ၊ လက်ဖက်၊ ပဲပြား၊ ပဲသွေး၊ မုန့်ဖတ်များကို FDA က ကွင်းဆင်းခေါက်ခွဲ၍ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ၊ မရှိ စစ်ဆေးခြင်းလုပ်ငန်းကို ဇွန် ၂၀ ရက် နံနက် ၉နာရီက စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းခေါက်ခွဲစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ ဦးစီးအရာရှိ ဒေါက်တာဖြိုးမာန်သက်ဦး၊ ဦးစီးအရာရှိ ဒေါက်တာရည်မွန်ဖြိုး၊ ဒု-ကြီးကြပ်ရေးမှူး ဒေါ်ရည်သင်းလှိုင်၊ သုံးခွမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးဟန်ဖြိုးဇော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်း၊ ကျန်းမာရေးမှူးအဆင့်(၁) ဦးအောင်ဇော်ထက်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်စိုး၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဒု-ဦးစီးမှူး ဒေါ်မြတ်မြတ်မိုး၊ ဈေးကော်မတီတို့ ပူးပေါင်း၍ စစ်ဆေးခဲ့ကြောင်းသိရသည်။

ဈေးလာရောက် ဝယ်ယူသူတစ်ဦးက "အခုလို အဖွဲ့ပေါင်းစုံကလာရောက်ပြီး မြို့မဈေးကြီးအတွင်းက ဈေးသည်တွေ ရောင်းချပေးနေတဲ့ ပစ္စည်းတွေကို စစ်ဆေးပေးလို့ စားသုံးသူပြည်သူတွေ စိတ်ချယုံကြည်စွာ သုံးစွဲလို့ရတာပေါ့၊ ဝမ်းသာမိပါတယ်၊ မကြာခဏ စစ်ဆေးပေးစေလိုပါတယ်"ဟု ပြောသည်။

**ကြည်စိုးလွင်(သုံးခွ)**



# ကော့သောင်းမြို့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ကော့သောင်း ဇွန် ၂၂**

ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အသိပညာပေးဟောပြောပွဲတွင် ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးစောမြဖောင်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများသို့ လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်သဖြင့် မြေပြိုမှု ၊ ရေကြီးမှု ၊ လျှင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်တုံ့ပြန်ရှောင်ရှားနိုင်ရေး၊ အသက်အိုးအိမ်များပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်ရေး သတိပြုရမည့်အကြောင်းအရာများ၊ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်များအား အသိပညာပေးဟောပြောကြပြီး သဘာဝဘေးအန္တရာယ်အသိပညာပေးနှိုးဆော်ချက်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထုတ်ဝေသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ကျော်စိုး (ကော့သောင်း)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ပြန်လှန်စစ်မေးခြင်းပညာ

မောင်စာဂ

တရားခွင်တွင် အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုနှင့်သက်ဆိုင်သူ သက်သေများအား စစ်မေးကြရာ၌ အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းနှင့် ပြန်ရှင်းစစ်မေးခြင်းဟူ၍ စစ်မေးခြင်း သုံးမျိုးရှိကြောင်းနှင့် အဓိကစစ်မေးခြင်းနှင့်စပ်လျဉ်း၍ ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုဆောင်းပါးတွင် အမှုသည်တစ်ဦးက တင်ပြသောသက်သေကို တစ်ဘက်အမှုသည် (ဆန့်ကျင်ဘက်အမှုသည်) က စစ်မေးခြင်းဖြစ်သည့် ပြန်လှန်စစ်မေးခြင်း (Cross-examination) နှင့်စပ်လျဉ်းပြီး ဆက်လက်၍ အကျဉ်းချုပ်ရှင်းလင်းဖော်ပြလိုပါသည်။

**ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက်**

ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ပညာရှင်တို့က အမျိုးမျိုး ဖွင့်ဆိုထားကြသည်။ စာရေးသူအနေဖြင့်မူ တရားခံဘက်မှလိုက်ပါသည့် ရှေ့နေ၏ ရှုထောင့်မှနေ၍ အဓိကအားဖြင့် အချက်သုံးချက်ရှိသည်ဟု မြင်ပါသည်။ ပထမအချက်မှာ မိမိ၏ တရားခံအပေါ် စွပ်စွဲထွက်ဆိုထားချက်များကို တတ်နိုင်သမျှ အစွမ်းကုန်ချေဖျက်သွားရန် ဖြစ်သည်။ ဒုတိယအချက်မှာ အမှုတွင် မိမိ၏ တရားခံဘက်မှ ခုခံထုချေသွားရမည့် ထုချေချက်လမ်းကြောင်းကို တည်ဆောက်သွားနိုင်ရေးအတွက် အစပျိုးသည့်အနေဖြင့် လိုအပ်သောပန္နက်များ ရိုက်သွားနိုင်ရန်ဖြစ်သည်။ တတိယအချက်မှာ ဥပဒေက ပေးထားသော ဥပဒေ၏အကာအကွယ်ကို ဥပဒေနှင့်အညီ ရယူသွားရန်ဖြစ်သည်။

**ပြန်လှန်စစ်မေးခြင်း၏ အတတ်ပညာ**

ပြန်လှန်စစ်မေးခြင်းအတတ်ပညာသည် အဓိကစစ်မေးခြင်းအတတ်ပညာနှင့် တူညီခြင်းမရှိကြောင်း၊ အဓိကစစ်မေးခြင်းသည် စစ်မေးသူက ၎င်း၏ရည်ရွယ်ချက်နှင့်အကြံကို လိမ္မာစွာ ဖော်ထုတ်၍ မေးရသည့် အတတ်ပညာဖြစ်ကြောင်း၊ ပြန်လှန်စစ်မေးခြင်းအတတ်ပညာသည်ကား စစ်မေးသူက ၎င်း၏ရည်ရွယ်ချက်နှင့် အကြံကို လိမ္မာစွာ ဖုံးကွယ်၍ မေးမြန်းရခြင်းဖြစ်ကြောင်း စာရေးသူ၏ "အဓိကစစ်မေးခြင်းပညာ" ဆောင်းပါးတွင် ပြဆိုခဲ့ပြီးဖြစ်သည်။

အဓိကစစ်မေးခြင်း အတတ်ပညာကို တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိ (အစိုးရရှေ့နေ) သို့မဟုတ် ရှေ့နေရှေ့ရပ်များက ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားကြရန် လိုအပ်သကဲ့သို့ ပြန်လှန်စစ်မေးခြင်းအတတ်ပညာကို တရားခံဘက်မှလိုက်ပါဆောင်ရွက်သော ရှေ့နေရှေ့ရပ်များအနေဖြင့် ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ထားကြဖို့ လိုအပ်သည်မှာ အမှန်ပင်။

**ပြန်လှန်စစ်မေးခြင်း၏ သဘောသဘာဝ**

ပြန်လှန်စစ်မေးခြင်း၏ သဘောသဘာဝနှင့်စပ်လျဉ်း၍ ပညာရှင်အချို့၏ အဆိုအမိန့်အချို့ကို ဖော်ပြပါရစေ။

ပြန်လှန်စစ်မေးခြင်း၏သဘောမှာ သက်သေ၏ ထွက်ဆိုချက်များ မှန်ကန်ခြင်း ရှိ၊ မရှိ ပေါ်လွင်စေရန်၊ သက်သေသည် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သို့သော အခြေအနေရှိကြောင်း ပေါ်လွင်စေရန်နှင့် သက်သေ၏ ထွက်ဆိုချက် ယုံထိုက်မယုံထိုက် ပေါ်လွင်စေရန် စစ်မေးခြင်းဖြစ်သည်။ [ A.C.GANGULU'S CIMINAL COYT PACTICE P.656]

ပြန်လှန်စစ်မေးခြင်း၏သဘောမှာ တရားခံအပေါ် ငြိစွန်းသည့်အချက်များကို ဖျက်ဆီးရန်၊ အငြင်းပွားနေသည့်အချက်နှင့်စပ်လျဉ်း၍ တရားလိုဘက်က ခိုင်လုံနေသည့် အချက်အလက်များကို မခိုင်မလုံဖြစ်သွားစေရန်နှင့် တရားလိုအတွက်ဖြစ်နိုင်စရာ အလားအလာများကို မဖြစ်နိုင်သည့် အလားအလာသို့ ရောက်ရှိစေရန် စစ်မေးခြင်းဖြစ်သည်။ [SOONAVALA]

ပြန်လှန်စစ်မေးခြင်း၏ သဘောမှာ အဓိကကျသော သက်သေခံချက်များကို ဖျက်ဆီးပစ်ရန်၊ ဖျက်ဆီးမရသည့် သက်သေခံချက်များကို မခိုင်လုံ မထင်ရှားအောင်ပြုရန်၊ မိမိကို အထောက်အကူပြုမည့် သက်သေခံချက်အသစ်များ ဖော်ထုတ်ရန်နှင့် သက်သေသည် မယုံကြည်ထိုက်ကြောင်း၊ ကိုယ်တိုင်မသိဘဲ ထွက်ဆိုနေကြောင်း ပေါ်လွင်ရန် စစ်မေးခြင်းဖြစ်သည်။ [M.MYNKMAN]

**ပြန်လှန်စစ်မေးခြင်း၏ အရေးကြီးမှု**

ပြန်လှန်စစ်မေးခြင်းသည် အဓိကစစ်မေးခြင်းထက် ပို၍လွတ်လွတ်လပ်လပ် မေးခွင့်ရှိသည်။ ဖွင့်ပေးထားသည်။ ဖွင့်မေး၍ရသည်။ နိမိတ်ပြမေးခွန်းဟု ခေါ်ဆိုသော ရေလာမြောင်းပေးမေးခွန်းများ မေးခွင့်ရှိသည်။ အဓိကစစ်မေးစဉ်က ထွက်ဆိုအစစ်ခံခဲ့သော အချင်းအရာများ အပေါ်သာ စစ်မေးနိုင်သည်မဟုတ်။ အမှုနှင့် စပ်ဆိုင်သမျှသော အချင်းအရာအားလုံးကို စစ်မေးနိုင်သည်။

ဥပမာ - လက်တွေ့ကြုံခဲ့ဖူးသော အမှုတစ်ခုရှိသည်။ အများသူငါသွားလာသော လမ်းပေါ်တွင်ဖြစ်ပွားသော လူသတ်မှုတစ်ခုဖြစ်သည်။ မျက်မြင်တွေ့ရှိသည်ဆိုသော သက်သေတစ်ဦးကို ဤသို့ပြန်လှန်စစ်မေးခဲ့သည်။ "အခင်းဖြစ်ပွားသည့်အချိန်က ခင်ဗျားအိမ်နောက်ဖေးမှာ ထမင်းဟင်းချက်နေတယ်ဆိုတာ ဟုတ်ပါသလား"၊ "ဓားနဲ့ခုတ်ပြီးထွက်ပြေးသွားပြီလို့ လမ်းပေါ်က အော်သံကြားသည့်အခါမှ ခင်ဗျားအိမ်နောက်ဖေး ထမင်းဟင်းချက်နေရာမှ အိမ်ရှေ့ကို ထွက်လာခဲ့တယ်ဆိုတာ ဟုတ်တယ်မို့လား"၊ "အခင်းဖြစ်တဲ့နေရာနဲ့ ခင်ဗျားရဲ့အိမ်ဟာ အိမ်ငါးအိမ်ကျော်လောက်ရှိတယ်ဆိုတာ ဟုတ်တယ်မို့လား"၊ "ပေအားဖြင့် ပြောမယ်ဆိုရင် ပေ ၁၅၀ ကျော် ၂၀၀ လောက် ဝေးတယ်ဆိုတာဟုတ်ပါသလား"၊ "ခင်ဗျားရဲ့အိမ်ခြံထဲကနေ လှမ်းကြည့်ရင် အခင်းဖြစ်တဲ့ နေရာကို လှမ်း၍မမြင်ရဘူးဆိုတာဟုတ်တယ် မဟုတ်လား"၊ "အခင်းဖြစ်တဲ့နေရာကို ခင်ဗျားရောက်သွားတော့ အဲဒီနေရာမှာ ခင်ဗျားအရင် ဦးဖြူ၊ ဦးနီ၊ ဦးဝါတို့ရောက်ရှိနေကြတယ်ဆိုတာ ဟုတ်ပါသလား"၊ "ဓားနဲ့ခုတ်ပြီးထွက်ပြေးသွားပြီလို့ အော်သံကြားတဲ့အချိန်မှာ ခင်ဗျားဟာ အိမ်နောက်ဖေး ထမင်းချက်နေတဲ့အချိန်ဖြစ်တယ်။ ခင်ဗျားရဲ့ အိမ်ခြံထဲက လှမ်းကြည့်ရင် အခင်းဖြစ်တဲ့နေရာကို မမြင်နိုင်ဘူးလို့လဲပြောတယ်။ အခင်းဖြစ်နေရာရောက်သွားတော့ ခင်ဗျားအရင် ဦးဖြူ၊ ဦးနီ၊ ဦးဝါတို့လည်း ရောက်နေကြပြီဆိုတော့ သေသူကို တရားခံ မောင်မဲက ဓားနဲ့ခုတ်ပြီး ထွက်ပြေးသွားတာ မြင်လိုက်ရတယ်လို့ ထွက်ဆိုသွားတာဟာ မမှန်မကန် ထွက်ဆိုသွားတယ်ဆိုတာ ဟုတ်ပါသလား" စသည် စသည်ဖြင့် စစ်မေးသည့်အခါ သက်သေသည် မည်သို့ပြန်လည်ဖြေဆိုရမှန်းမသိ၊ ထိုသူ အမှန်တကယ် မျက်မြင်သက်သေတစ်ဦး မဟုတ်သည်ကို ထင်ရှားစေခဲ့သည်။

**ကြိုတင်ဆောင်ရွက်ထားသင့်သည်များ**

ပြန်လှန်စစ်မေးခြင်းမပြုမီ အမှုဖြစ်စဉ်အကြောင်းချင်းရာများနှင့်စပ်လျဉ်း၍ တရားခံ၏ ပြောပြချက်များကို ပြည့်ပြည့်စုံစုံ ရေးမှတ်ယူထားရမည်။ မရှင်းလင်းသည့် အချက်များ၊ သိလိုသည့်အချက်များကို တရားခံအား မေးမြန်းထားရမည်။ တရားလိုပြသက်သေများအဖြစ် မည်သူတို့ကို တင်ပြထားသလဲ၊ ဘာကြောင့် ထိုသူတို့ကို တရားလိုပြသက်သေအဖြစ် ထည့်သွင်းထားရသလဲ၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားတာတွေက ဘာတွေလဲ၊ ဘယ်နေရာကသိမ်းသလဲ၊ ဘယ်သူတွေက ပေးအပ်ထားသလဲ စသည်တို့ကို သေချာစွာ ဆန်းစစ်လေ့လာထားရမည်။

တရားလိုက စွပ်စွဲတင်ပြထားချက်များအရ တရားလို၏အားသာချက်၊ အားနည်းချက်များ၊ တရားခံဘက် အားသာချက်၊ အားနည်းချက်များ၊ ကွင်းဆက်ပြတ်နေသော သက်သေခံချက်များ၊ ယုံမှားသံသယဖြစ်ဖွယ်ရာ အချက်များစသည်ဖြင့် စိစစ်၍ ကောက်နုတ်ချက်များ ထုတ်ထားရမည်။ တစ်ဆက်တည်းမှာပင် တရားခံဘက်က မည်ကဲ့သို့ခုခံထုချေသွားမည်နည်း။ အပြစ်ကျူးလွန်ခြင်း မရှိကြောင်း လုံးဝငြင်းဆိုမှာလား၊ ဥပဒေအရ ကာကွယ်ခုခံပိုင်ခွင့် တောင်းဆိုမှာလား။ စွဲဆိုထားသော ဥပဒေပုဒ်မ၏ တားမြစ်ချက်၊ အင်္ဂါရပ်များတွင် အကျုံးမဝင်ကြောင်း ချေပမှာလား။ အခင်းဖြစ်ပွားချိန်က တရားခံသည် တခြားတစ်နေရာတွင်ရှိနေကြောင်း (Alibi) ပြသ၍ ထုချေမှာလား သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ကျူးလွန်ကြောင်း ဝန်ခံမှာလား၊ သက်သာခွင့် တောင်းမှာလား စသည်ဖြင့် မည်ကဲ့သို့သော ခုခံချေပရေးလမ်းကြောင်း အသုံးပြုသွားမည် သို့မဟုတ် တရားလိုဘက်ကို မည်သို့ တန်ပြန်တိုက်စစ်ဆင်မည်ကို ကြိုတင်၍ ဆန်းစစ်ရွေးချယ်ထားရပါမည်။

**ဆောင်ရန်အဓိကအချက်များ**

အဓိကစစ်မေးစဉ် မိမိ၏နားနှင့်မျက်စိကိုဖွင့်ထားပါ။ သက်သေ၏ ထွက်ဆိုချက်များကို ကောင်းစွာနားထောင်ပါ။ သေသေချာချာ ရေးမှတ်ထားပါ။ ပြန်လှန်စစ်မေးလိုသည့်အချက်များကို မှတ်သားထားပါ။ သက်သေ၏ အမူအရာ၊ အခြေအနေ၊ ပြောပုံဆိုပုံတို့ကို အကဲခတ်ပါ။ ရှင်းလင်း လွယ်ကူသည့် မေးခွန်းများကို တည်ဆောက်ပါ။ ပြုံးရွှင်စွာနှင့် ယဉ်ကျေးစွာမေးမြန်းပါ။ သည်းခံမှု၊ စိတ်ရှည်မှုထားရမည်။ မိမိလိုချင်သော အဖြေမျိုးရအောင်အထိ မေးခွန်းထုတ်ပါ။ တရားခံလွတ်မြောက်စေမည့် သို့မဟုတ် သက်သာစေမည့် သက်သေခံချက်များ ရရှိအောင် ဖန်တီးယူပါ။

မိမိ၏ရည်ရွယ်ချက်၊ ဦးတည်ချက်ကို ပေါ်လွင်မသွားစေရန် ထိမ်ဝှက်ပြီးစစ်မေးပါ။ တာဝန်အရ စစ်မေးခြင်းဖြစ်သည်ကို သက်သေအားသိထားပါစေ။ သက်သေ၏ ထွက်ဆိုချက် မယုံကြည်ထိုက်သောအဖြေမျိုးရအောင် နိမိတ်ပြမေးခွန်းများ အသုံးပြု၍မေးပါ။ သက်သေ၏ စိတ်ကို ပြောင်းပြန်ဖြစ်သွားစေနိုင်သော မေးခွန်းမျိုး မေးပါ။ မမေးထိုက်သောမေးခွန်းများ၊ ရှောင်၍မေးရမည့် မေးခွန်းများကို သိရှိနားလည်ထားရမည်။ ပြန်လှန်စစ်မေးခြင်းနည်းနိုင်သမျှ နည်းပါးပါစေ။

ပြန်လှန်စစ်မေးခြင်း မမေးမြန်းတတ်၍ "ရှေ့နေငှားမှ ထောင်လုံးလုံးကျ"၊ "တရားခံဖြစ်သွားသောရှေ့နေ" ဆိုသော ဆိုရိုးစကားကို အမြဲနှလုံးသွင်းထားပါ။ ပြန်လှန်စစ်မေးခြင်းကို ဖြည်းဖြည်းမေးပါ။ လေးလေးစားစား မေးပါ။ အမှားအယွင်းမရှိအောင်မေးပါ။ ဂရုတစိုက်မေးပါ။ သင်လိုချင်သောအဖြေများရနိုင်ပါမည်။ တရားခံ၏ ခုခံချေပမည့် ခုခံချေပရေးလမ်းကြောင်းကို မြင်သာစေမည့်မေးခွန်းများ မေးဖို့မမေ့ပါနှင့်။ (ဖြစ်နိုင်ပါက တရားလိုဘက်သို့ တန်ပြန်တိုက်စစ်ဆင်နိုင်မည့် မေးခွန်းကို ရှောင်တခင် မေးနိုင်ကမေးပါ။) မမေးဘဲထားခဲ့လျှင် နောက်မှအကြံရ၍ ထုချေချက် (After thoumht) ဖြစ်သည်ဟုဆိုကာ ဆုံးရှုံးမှု ဖြစ်သွားစေတတ်သည်။

**ရှောင်ရန်အဓိကအချက်များ**

ရည်ရွယ်ချက်မရှိဘဲ ပြန်လှန်စစ်မေးသည့်မေးခွန်း မထုတ်ပါနှင့်၊ ရည်ရွယ်ချက်မဲ့ မေးခွန်းမေးလျှင် အမှုအတွက် နစ်နာဆုံးရှုံးမှုဖြစ်စေတတ်သည်။ လိုချင်သောအဖြေကို ရရန်အတွက် တိုက်ရိုက် တည့်တည့်ကြီးမမေးပါနှင့်။ မေးလျှင် မိမိလိုလားသောအဖြေကို သက်သေက သိသွားပါလိမ့်မည်။ ထွက်ပေါက်ပေးရာရောက်သည့် မေးခွန်းမျိုး မမေးပါနှင့်။ မေးလျှင် ထိုထွက်ပေါက်မှ သက်သေကထွက်သွားပါလိမ့်မည်။

မိမိလိုလားသော အဖြေကိုရရှိပြီးလျှင် ထိုအဖြေမျိုးရအောင် ကျန်သက်သေအားထပ်၍မမေးပါနှင့်။ ထပ်မေးလျှင် သက်သေအချင်းချင်းကွဲလွဲသည့် ထွက်ဆိုချက်ဖြစ်သွားတတ်သည်။ မမေးသင့်သည့်မေးခွန်းမျိုး၊ ကန့်ကွက်ခံရမည့်မေးခွန်းမျိုး မမေးပါနှင့်။ မေးလျှင်တစ်ဘက်မှ ကန့်ကွက်မည်ဖြစ်သောကြောင့် သက်သေအတွက် စဉ်းစားချိန်ရသွားမည်။

မိမိက ဘာကိုရည်ရွယ်၍မေးကြောင်း သက်သေကသိသွားနိုင်သည်။ အရေးကြီးသော မေးခွန်းကို အချိန်မရလျှင် မမေးပါနှင့်။ မေးလျှင် တစ်ပိုင်းတစ်စနှင့် ရက်ချိန်းပေးသွားတတ်သည်။ ရက်ချိန်းပေးလျှင် သက်သေအတွက် စဉ်းစားချိန်ရသွားမည်။ မိမိအတွက် အကျိုးရှိသောအဖြေကောင်းတစ်ခု ရပြီးသည်နှင့် အခြားမေးစရာများကို ဆက်မမေးပါနှင့်တော့။ မေးလျှင် ရပြီးသားအဖြေကောင်းအတွက် အားပျော့သွားနိုင်စေသည်။ မိမိအမှုသည်ကို ထိခိုက်စေမည့်မေးခွန်းမျိုး၊ မမေးသင့်မမေးထိုက်သော မေးခွန်းမျိုး မမေးပါနှင့်။ မေးလျှင် မိမိမကျွမ်းကျင်ကြောင်း တရားခွင်တွင် ထုတ်ဖော်ပြသရာရောက်သည်။

သက်သေနှင့်ပြိုင်၍ အငြင်းအခုံမပြုပါနှင့်။ ငြင်းခုံမှုပြုလျှင် မိမိ၏ဂုဏ်သိက္ခာ ကျဆင်းသွားစေမည်။ မသမာသောနည်းများကိုသုံးပြီး အမှုကို နိုင်အောင်မကြိုးစားပါနှင့်။ ကြိုးစားလျှင် ရှေ့နေ၏ကျင့်ဝတ်သိက္ခာဖောက်ဖျက်ရာရောက်သည်။ မမှားသောရှေ့နေဆိုသည့် ဆိုရိုးစကားကို လက်ကိုင်မပြုပါနှင့်။ မမှားအောင် အစဉ်ဂရုစိုက်ဖို့ လိုပါသည်။

မေးခွန်းတစ်ခုကို မေးထိုက် မမေးထိုက် သံသယဖြစ်နေလျှင် မမေးပါနှင့်။ မေးခြင်းအားဖြင့် သင်၏ ခုခံချေပရေးလမ်းကြောင်း သို့မဟုတ် တန်ပြန်တိုက်စစ်အရှိန်အဟုန် အားပျော့သွားနိုင်သည်။ အဓိကစစ်မေးစဉ်က ထွက်ဆိုသော သက်သေ၏ အစစ်ခံချက်များကို ချေဖျက်နိုင်အောင်မေးပါ။ မမေးနိုင်က ထိုအစစ်ခံချက်များ အတည်ဖြစ်နေလိမ့်မည်။

**သတိပြုဆင်ခြင်ဖွယ်ရာ ပညာရှင်တို့၏ အဆိုအမိန့်များ**

ပြန်လှန်စစ်မေးခြင်းသည် သက်သေအား ယုံထိုက်မယုံထိုက် စမ်းသပ်သည့် လက်နက်ကောင်းဖြစ်သည်။ သင့်အားထိုးခုတ်ရန် ဓားလည်းဖြစ်၍ သင့်အတွက်ကာကွယ်ရန် ဒိုင်းလည်း ဖြစ်သည်။ ပြန်လှန်စစ်မေးခြင်းသည် တံစဉ်နှင့်တူသည်။ မိမိရိပ်ဖြတ်သည့်အရာကို တံစဉ်သည် လှီးဖြတ်ပေးသည်ကားမှန်၏။ သို့သော် တံစဉ်သည် သင့်၏ကိုယ်အင်္ဂါကို လှီးဖြတ်ရန် အမြဲတမ်းအသင့်ရှိနေ၏။ သင်တစ်ချက်မှားလျှင်ပင် တံစဉ်သည် သင့်ကိုလှီးဖြတ်မည်မုချဖြစ်သည်။ ရှောင်ကွင်းသွားလိမ့်မည်မဟုတ်။ (SOONAVALA)

ပြန်လှန်စစ်မေးခြင်း၏ လျှို့ဝှက်ချက်ကား အဘယ်နည်း။ ထိုအမေးအတွက် အဖြေကား စကားလုံးတစ်လုံးသာဖြစ်သည်။ ထိုစကားလုံးတစ်လုံးကား "သည်းခံမှု" ပင်တည်း။ (HAoKINS) (LOD BAMPTON)

အဓိကစစ်မေးစဉ်တွင် မေးခွန်းတိုင်းနှင့် အဖြေတိုင်းကို နားစိုက်ထောင်ရန်နှင့် မှတ်စုလိုက်ရေးရန် တာဝန်မှာ တရားခံရှေ့နေ၏ တာဝန်ဖြစ်သည်။ (M.COX)

**ပြန်လှန်စစ်မေးခြင်းသည် မှတ်ကျောက်သဖွယ်ဖြစ်သည်**

အနှစ်ချုပ်ဆိုလျှင် အဓိကစစ်မေးခြင်းသည် တရားခွင်တွင် အမှုမှန်ပေါ်ပေါက်ရေးအတွက် သက်သေတို့ကို စစ်ဆေးရာ၌ အစအဦးအခြေခံအကျဆုံးသော စစ်မေးခြင်းဖြစ်သည်။ ပြန်လှန်စစ်မေးခြင်းသည် အဓိကစစ်မေးစဉ်က သက်သေများ၏ထွက်ဆိုချက်များမှန်၏၊ မမှန်၏၊ လက်ခံထိုက်၏၊ မထိုက်၏၊ ယုံကြည်သင့်၏၊ မသင့်၏၊ မှတ်ကျောက်သဖွယ် စမ်းသပ်စစ်ဆေးမည့် စစ်မေးခြင်းပညာဖြစ်သည်။

ယခုဆောင်းပါးတွင် တရားခံ၏ရှေ့နေတစ်ဦးအနေဖြင့် ပြန်လှန်စစ်မေးခြင်းပြုရာ၌ သိရှိထားရန် လိုအပ်သည့် အချက်များ၊ ဆောင်ရန် ရှောင်ရန်အချက်များကို အစိတ်အပိုင်းတစ်ရပ်အနေဖြင့်သာ ဖော်ပြခြင်းဖြစ်သည်။ တရားခံနှင့်တရားခံပြသက်သေများ၊ တရားပြိုင်နှင့် တရားပြိုင် သက်သေများကို စစ်မေးသည့်အခါတွင်လည်း တရားလိုဘက်မှ ပြန်လှန်စစ်မေးခွင့်ရှိသည်ဖြစ်ရာ လိုအပ်သည်များ အသိဉာဏ်ဆင့်ပွား၍ ပညာရှေ့သွားပြုကာ မှီးယူသုံးစွဲမှုပြုနိုင်ပါသည်။ ဤပညာသည် ကျယ်ပြန့်သော၊ ကျယ်ဝန်းသော၊ နက်နဲသော ပညာရပ်ဖြစ်သည်။ ပြီးပြည့်စုံအောင် ဖော်ပြနိုင်စွမ်းရှိမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ ဤဖော်ပြချက်များသည် ကောင်းမွန်သော ပြန်လှန်စစ်မေးခြင်းတစ်ရပ်ဖြစ်စေရေးအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်မိသည်။

ကောင်းမွန်သော ပြန်လှန်စစ်မေးခြင်းဖြင့် အမှန်တရားပေါ်ပေါက်ပါစေ။ ဥပဒေကပေးအပ်သော ဥပဒေ၏အကာအကွယ်ကို ဥပဒေနှင့်အညီ ရယူနိုင်ကြပါစေ။

**ကိုးကားချက်** –

**သက်သေခံအက်ဥပဒေ**

A.C. GANGULU'S CIMINAL COYT PACTICE

ADVOCACh ITS PINCIPLES AND PACTICE

(SOONAVALA)

**ဥပဒေဦးစိန်လှိုင်၏ အောင်မြင်သောရှေ့နေ**

## ကြေးမုံ ရုပ်ရှင်အညွှန်း

# အချစ်နဲ့ ဟာသ၊ အမုန်းနဲ့ အတ္တတွေကို ဖော်ကျူးထားတဲ့ ယခုသီတင်းပတ်ရဲ့ ရုံတင်ဇာတ်ကားများ

**ယခုသီတင်းပတ်အတွက် ရုံတင်ဇာတ်ကားသစ်တွေကတော့ ပရိသတ်တွေရဲ့အာရုံကို အထူးဖမ်းစားနိုင်တာတွေ့ရပါတယ်။ ဒီတစ်ပတ်မှာ ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ်မှသည် ကြယ်ပွင့်တစ်ဦးဖြစ်လာတဲ့ ကျော်ထက်အောင်ရဲ့ ရုပ်ရှင် "သူငယ်"ကိုလည်း ရုံတင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်မှာ အခြားသော ပြည်သူချစ်အနုပညာရှင်တွေများစွာလည်း ပါဝင်ထားတာဖြစ်ပါတယ်။ "သူငယ်"နဲ့ အပြိုင်ရုံတင်သွားမယ့်ရုပ်ရှင်ဟာလည်း လူငယ်ကြိုက်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "ဝိညာဉ်ကကြိုး"ဖြစ်ပါတယ်။ ဒါ့အပြင် ယခုသီတင်းပတ်အတွက် ရုံတင်ရုပ်ရှင်တွေမှာ အချစ်နဲ့ဟာသကို ရောနှောပုံဖော်ထားတဲ့ရုပ်ရှင် "သူငယ်" နဲ့ အမုန်းနဲ့ အတ္တတွေကို ခြယ်မှုန်းထားတဲ့ "ဝိညာဉ်ကကြိုး"တို့ကို အပြိုင်ရုံတင်မှာဖြစ်တဲ့အတွက် ယခုသီတင်းပတ်မှာတော့ မတူညီတဲ့ ရသတွေကို ခံစားရနိုင်မှာဖြစ်ပါတယ်။**

ပထမဆုံးသော ရုပ်ရှင်ဖြစ်ပေမယ့် အကောင်းဆုံးကြိုးစားထားတဲ့ ကျော်ထက်အောင်ရဲ့ သရုပ်ဆောင်ချက်တွေကိုလည်း "သူငယ်"ရုပ်ရှင်အတွက် အစမ်းထုတ်လွှင့်ခဲ့တဲ့ ဗီဒီယိုတွေမှာ တွေ့မြင်ခဲ့ရပြီးဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာတော့ မျက်နှာသစ်သရုပ်ဆောင် ကျော်ထက်အောင်နဲ့အတူ ပါဝင်ထားတဲ့ ဝါရင့်သရုပ်ဆောင်တွေကတော့ ရန်အောင်၊ ရဲအောင်၊ မင်းဦး၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗိုနဲ့ ခိုင်သင်းကြည်တို့ပဲ ဖြစ်ကြပါတယ်။ အပျိုကြီးမမသုံးဦးနဲ့ လူငယ်လေးတစ်ယောက်တို့ ချစ်ကြိုက်မိပြီး ဇာတ်လမ်းတွေဖြစ်ခဲ့ကြပုံကို ဟာသဆန်ဆန်ရိုက်ကူးထားတဲ့ ယင်းရုပ်ရှင်ကိုတော့ ဒါရိုက်တာ အရဏ်ဦး ပွင့်သိင်္ဂီဇော်က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကာ လူငယ်တစ်ယောက်ကို ချစ်မိတဲ့ အပျိုကြီးတွေရဲ့ ဒုက္ခတွေကိုလည်း ဒီရုပ်ရှင်မှာ တွေ့မြင်ခံစားနိုင်မှာဖြစ်ပါတယ်။

"သူငယ်"ရုပ်ရှင်ကိုတော့ ဇွန် ၂၃ ရက်ကစတင်ပြီး မင်္ဂလာ(၁)သိမ်ကြီးဈေး၊ ရွှေ့ဆောင်၊ MINGALAR SANPYA CINEPLEX၊ မင်္ဂလာဝဇီရာ (လှိုင်သာယာ)၊ MINGALAR CINEPLEX (ဂမုန်းပွင့်)၊ မြို့မ၊ မန်းနေပြည်တော်၊ MINGALAR TUN THIRI CINEPLEX၊ MINGALAR CINEPLEX (ပဲခူး)၊ NEW 3D CINEMA (တောင်ငူ) နဲ့ မင်္ဂလာစံပြ (မကွေး)တို့မှာ ပြသသွားမှာဖြစ်ပါတယ်။

"ဝိညာဉ်ကကြိုး"ကိုတော့ အဓိကဇာတ်ဆောင်အဖြစ် မင်းသားအောင်ရဲလင်းက ပါဝင်သရုပ်ဆောင်ထားပြီး မင်းသမီးတွေအဖြစ် ရွှေမှုံရတီနဲ့ သဥ္ဇာဝင့်ကျော်တို့က အပြိုင်ပါဝင်ထားတာဖြစ်ပါတယ်။ မိသားစုနောက်ခံအခြေအနေချင်းကွာခြားကြတဲ့ သူငယ်ချင်းနှစ်ဦးအကြားက ခိုင်မြဲတဲ့ သံယောဇဉ်ဟာ အချစ်ကြောင့် အဆိပ်သင့်ခဲ့ရပြီး အမုန်းတရားတွေနဲ့ အတ္တတွေ အစားထိုးနေရာယူလာပုံတွေကို ခံစားတွေ့မြင်ကြရမယ့် ယင်းရုပ်ရှင်ကိုတော့ ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)က ပုံဖော်ပေးထားတာဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်ကိုတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွေဖြစ်ကြတဲ့ သမ္မတ၊ သွင်၊ တော့ပ်ရွှိုင်ရယ်လ်(စိန်ဂေဟာပါရမီ)၊ ဝင်းလိုက်၊ MINGALAR SANPYA CINEPLEX၊ MINGALAR CINEPLEX (ဂမုန်းပွင့်)၊ MINGALAR DIAMOND CINEPLEX၊ MINGALAR TUN THIRI CINEPLEX နဲ့ MINGALAR CINEPLEX (ပဲခူး)တို့မှာ ရုံတင်သွားမှာဖြစ်ပါတယ်။

ယခုသီတင်းပတ်ရဲ့ ရုံတင်သွားမယ့် နိုင်ငံခြားရုပ်ရှင်တွေကတော့ ဟောလိဝုဒ်ရုပ်ရှင်တွေဖြစ်ကြတဲ့ "Wonder Woman"နဲ့ "THE MUMMY" တို့ဖြစ်ကြပြီး ဘောလိဝုဒ်ရုပ်ရှင် "TUBELIGHT"ကိုလည်း အပြိုင်ပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။



အေးပြည့် စုစည်းသည်



## နောင်တတွေနဲ့အတူ နောက်ပြန်လှည့်ချင်နေတဲ့ ဆူဇီ

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆူဇီက လတ်တလော သူ့ရဲ့ခံစားချက်နဲ့ပတ်သက်ပြီး မဂ္ဂဇင်းတစ်ခုရဲ့ အင်တာဗျူးမှာ ရင်ဖွင့်ခဲ့ရာမှာတော့ လက်ရှိဘဝမှာနောင်တရစရာတွေနဲ့ တွေ့ကြုံနေရပြီး ဖြစ်နိုင်မယ်ဆိုပါက အချိန်တွေကို နောက်ပြန်လှည့်လိုတဲ့ဆန္ဒတွေရှိနေကြောင်း ပြောကြားခဲ့တယ်လို့ ကေပေ့ါပ်စတားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက "High Cut"မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ အတိတ်တွေနဲ့ပတ်သက်ပြီး ကျေနပ်မှုရှိ၊ မရှိမေးမြန်းခံခဲ့ရတဲ့အပေါ် ဆူဇီက သူ့ရဲ့ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ အခြေအနေတွေအတွက် ရွေးချယ်မှုတွေပြုလုပ်ခဲ့ရာမှာ လက်ရှိအချိန်အထိ ရွေးချယ်ခဲ့မိတဲ့အရာအချို့အပေါ် နောင်တရမိကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။

အင်တာဗျူးမှာ ဆူဇီက အတိတ်မှာ ပြုလုပ်ခဲ့တဲ့ ရွေးချယ်မှုအချို့ကြောင့် လက်ရှိမှာ မပျော်ရွှင်နိုင်ကြောင်းနဲ့ လက်ရှိအချိန်အထိ သူဆုံးဖြတ်ခဲ့တဲ့ ရွေးချယ်မှုအချို့ကိုတော့ ပြန်လည်ပြုပြင်လိုကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ ဆူဇီဘေက သူ့အနေနဲ့ အချိန်တွေကို ပြင်ဆင်ခွင့်ရမယ်ဆိုပါက အတိတ်နေ့ရက်တွေဆီ နောက်ပြန်လှည့်ကာ ဘဝမှာ ပြုလုပ်ခဲ့မိတဲ့ အမှားအချို့ကို ပြန်လည်ပြင်ဆင်လိုကြောင်းလည်း ပြောကြားခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဆူဇီက သူ့ရဲ့ဆန္ဒအတိုင်း ပြုလုပ်ခွင့်ရခဲ့မယ်ဆိုပါကလည်း သူ့အတွက်တော့ အလွန်ပင်ပန်းစေမှာဖြစ်တယ်လို့လည်း ဆိုခဲ့ကြောင်း သိရပါတယ်။

ဆက်လက်ပြီး ဆူဇီက ဒီလိုနောင်တတွေနဲ့ ဘဝကို ပိုမိုပင်ပန်းမနေစေဘဲ လက်ရှိဘဝမှာ ဖြစ်လာသမျှကို ရင်ဆိုင်သွားမှာဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ ဒါ့အပြင် အတိတ်က ဆုံးဖြတ်မိခဲ့တဲ့ အမှားတွေရဲ့ နောက်ဆက်တွဲရလဒ်တွေကို လက်ရှိအချိန်မှာ လက်ခံကာ အကောင်းဆုံးဖြေရှင်းသွားရင်း အနာဂတ်မှာ ဖြစ်လာမယ့်အရာတွေကိုလည်း ကြံ့ကြံ့ခံရင်ဆိုင်သွားဖို့ရာ ဆုံးဖြတ်ထားကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာ ဆူဇီဟာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်တစ်ကားကို လက်ခံရိုက်ကူးပေးလျက်ရှိပြီး ယင်းရုပ်ရှင်သစ်နဲ့ပတ်သက်ပြီးလည်း အင်တာဗျူးမှာ ဖွင့်ဟခဲ့တာတွေ့ရပါတယ်။ ဆူဇီဟာ "While You Were Asleep" ကို ရိုက်ကူးနေတာဖြစ်ပြီး ယင်းရုပ်ရှင်မှာ ပါဝင်ရတဲ့ သူ့ရဲ့ဇာတ်ကောင်စရိုက်ဟာ ယခင်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်တွေက ဇာတ်ကောင်နဲ့ ကွဲပြားကာ အလွန်မိန်းကလေးဆန်တဲ့ ဇာတ်ကောင်မျိုးဖြစ်တာကြောင့် သရုပ်ဆောင်ရတဲ့အပိုင်းမှာ ယခင်ကထက် ပိုမိုကြိုးစားခဲ့ရကြောင်းလည်း ပြောကြားခဲ့ပါတယ်။

တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်ပြီးနောက် ဆူဇီဟာ သရုပ်ဆောင်နယ်ပယ်ဘက်ကို ရောက်ရှိလာခဲ့ပြီး လက်ရှိမှာတော့ အောင်မြင်တဲ့ ဇာတ်ဆောင်မင်းသမီးတစ်လက်အဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ ဒါ့အပြင် ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီးတဲ့နောက် ဆူဇီရဲ့ ကျော်ကြားမှုဟာ ပိုမိုလာခဲ့တာလည်းဖြစ်ပါတယ်။

## လီမင်ဟိုရဲ့ ရုပ်ရှင်သစ် "Bounty Hunters" စမ်းသပ်ထုတ်လွှင့်

မကြာသေးမီက စစ်မှုစတင်ထမ်းဆောင်ခဲ့ပြီဖြစ်တဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုဟာ အနုပညာလှုပ်ရှားမှုအသစ်တွေနဲ့ နှစ်နဲ့ချီကာ ကင်းကွာနေမှာဖြစ်တဲ့အတွက် သူ့ကိုလွမ်းတဲ့ပရိသတ်တွေအဖို့ အလွမ်းပြေစရာတစ်ခုဟာ လတ်တလောမှာ ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါတယ်။ အဲဒါကတော့ ပြီးခဲ့တဲ့နှစ်အတွင်းက စတင်ရိုက်ကူးခဲ့တဲ့ လီမင်ဟိုရဲ့ ရုပ်ရှင်သစ်ဟာ ထုတ်လုပ်ရေးလုပ်ငန်းတွေပြီးဆုံးလုနီးပါးဖြစ်ကာ အစမ်းဗီဒီယိုကို ထုတ်လွှင့်ပြသလိုက်တာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီမင်ဟိုရဲ့ ရုပ်ရှင်သစ်ဟာ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်ကာ "Bounty Hunters"လို့ အမည်ပေးထားပါတယ်။ လတ်တလောမှာ "Bounty Hunters"ရဲ့ အဓိကအစမ်းဗီဒီယိုတစ်ခုနဲ့အတူ ရုပ်ရှင်အတွက် ပိုစတာဓာတ်ပုံသစ်ကိုလည်း ထုတ်ဖော်ပြသပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"Bounty Hunters" ဟာ တရုတ်၊ ဟောင်ကောင်နဲ့ တောင်ကိုရီးယားတို့ ပူးပေါင်းထုတ်လုပ်တဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး လီမင်ဟိုနဲ့အတူ အခြားသောသရုပ်ဆောင်တွေဖြစ်ကြတဲ့ ဝေါလေ့စ်ချန်း၊ တစ်ဖန်နီတန်နဲ့ ကာရန်နာနဂ်တို့လည်း ခေါင်းဆောင်ပါဝင်ထားတာဖြစ်ပါတယ်။ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်ပေမယ့် ဟာသဆန်တဲ့ဇာတ်လမ်းမျိုးဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားအစရှိတဲ့ အာရှနိုင်ငံတွေက လာဘ်စားမှုတွေကို ဖော်ထုတ်နှိမ်နင်းပုံတွေကို ဇာတ်လမ်းဆင်ဖန်တီးထားတဲ့ ရုပ်ရှင်တစ်ကားလည်းဖြစ်ပြီး ယခုနှစ်အတွင်း တောင်ကိုရီးယားမှာ ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်လမ်းတံတားများကို သန်း ၆၃၀ ကျော်အကုန်အကျခံ ပြုပြင်ထိန်းသိမ်းသွားမည်

**မုံရွာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျေးလက်ဒေသများတွင်နေထိုင်သော ပြည်သူများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖောက်လုပ်ခင်းကျင်းထားသော လမ်းတံတားများကို ပြုပြင်ထိန်းသိမ်းရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၆၃ ဒသမ ၆၉၆ သန်း အကုန်အကျခံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"လမ်းတံတားတွေကို အသစ်တည်ဆောက်တာရှိသလို တည်ဆောက်ပြီး သဘာဝဘေးကြောင့် ပျက်စီးတာတွေ၊ အသုံးပြုတဲ့နှစ်ကာလရှည်လာတဲ့အတွက် ပျက်စီးနေတဲ့လမ်းတံတား၊ ရေထုတ်ပြွန်တွေကို ပြန်လည်ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေလုပ်တာပါ။ အခုဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကနေ ကျပ် ၆၃၀ ဒသမ ၆၉၆ သန်းနဲ့ လုပ်ဆောင်ပေးတာပါ" ဟု တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၅၁၄ ဒသမ ၉၉ သန်းဖြင့် ကွန်ကရစ်လမ်း (၀/၁)မိုင်၊ ကတ္တရာလမ်း (၁/၃ ဒသမ ၅)မိုင်၊ ကျောက်လမ်း (၃/၆)မိုင်၊ ဂဝံလမ်း (၁၁/၅ ဒသမ ၀၉)မိုင်၊ မြေလမ်း (၀/၂)မိုင်ကိုလည်းကောင်း၊ ငွေကျပ် ၁၁၅ ဒသမ ၇၀၆၀ သန်းဖြင့် စုစုပေါင်းအရှည် ၄၆ ပေရှိ ကွန်ကရစ်တံတား လေးစင်း၊ စုစုပေါင်းအရှည် ၂၀၃၉ ပေရှိ သစ်သားတံတားအစင်း ၃၀၊ စုစုပေါင်းအရှည် ပေ ၁၆၀ရှိရေကျော်ခြောက်ခုနှင့် အရှည် ငါးပေရှိ ရေပြွန်တစ်ခုတို့ကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



## မူလွန်နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး၊ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**ဗန်းမောက် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာအုပ်စု ခေါင်းကိုက်ကျေးရွာ အမက မူလွန်နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ ငွေလုံးငွေရင်းဖြင့် ဆောက်လုပ်ပြီးစီးပြီဖြစ်သောကြောင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အမက မူလွန်နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၂၅ ပေရှိ အုတ်ညှပ်ကျောင်းဆောင်သစ်အားငွေလုံးငွေရင်း ၄၆၈ သိန်းဖြင့် အဆောက်အအုံကို ခေါင်းကိုက်ကျေးရွာ မိဘရပ်ရွာဆောက်လုပ်ရေးကော်မတီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းအခမ်းအနားသို့ ဗန်းမောက်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေ၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးအောင်နိုင်ဦး၊ ကိုင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ဝင်းတို့က အမှာစကားပြောကြားပြီး ကျေးရွာမိဘရပ်ရွာ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဖေက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ အမက မူလွန်နှစ်ထပ်ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာမိဘရပ်ရွာဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌက မြို့နယ်ဒုတိယပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ပြီး ဗလာစာအုပ် ၁၂ ဒါဇင်ကို အမက မူလွန်ခေါင်းကိုက် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ပိုထံ အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## အလက(ပေါင်း)၌ မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ပုလော ဇွန် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ပေါင်း) တွင် မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပုလောမြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြတ်ရီနှင့် ပညာရေးမှူး ဒေါ်လှလှအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ် ပညာရေးမှူး ဒေါ်လှလှအေးက ပညာရေးကို အားပေးကာဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြသည့် မိဘပြည်သူများ၏ စေတနာကို ချီးကျူး မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ နောင်တွင်လည်း မျိုးဆက်သစ်လူငယ်များ ထူးချွန်ထက်မြက်သော ကျောင်းသားများ ဖြစ်လာစေရန် မိဘနှင့် ဆရာ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ မူကြိုကျောင်းဆောင်ကို ပုလောမြို့နယ် ဝေါ်ဗွီရှင်း(မြန်မာ)က ငွေကျပ် သိန်း ၁၁၀ နှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၂၈ သိန်း စုစုပေါင်း ကျပ် ၁၃၈ သိန်းဖြင့် ထည့်ဝင်ဆောက်လုပ် လှူဒါန်းခဲ့ကြပြီး အလျားပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ ရေချိုးခန်း တစ်ခန်း၊ သန့်စင်ခန်းနှစ်ခန်းပါရှိကြောင်း သိရသည်။

**ပုလော ပြန်/ဆက်**

## အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်ဝန်၏ လမ်းညွှန်မှုဖြင့် အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ခရိုင်မှူး၊ ဒုခရိုင်မှူး၊ စီမံခရိုင်မှူး၊ ဒုခရိုင်မှူး၊ EO/AEO တို့ပူးပေါင်း၍ စီမံချက်ရေးဆွဲကာ အရှေ့ပိုင်းခရိုင်အတွင်းရှိမြို့နယ်များဖြစ်သည့် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံအရှေ့၊ ဒဂုံမြောက်၊ သင်္ဃန်းကျွန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်များအား ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကမြောင်းမကြီးများနှင့် ရေစီးရေလာပိတ်ဆို့နေသော မြောင်းငယ်များအား လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ဇွန်လတစ်လလုံး ဆယ်ယူဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်ရာတွင် အရှေ့ပိုင်းခရိုင်မှူး (ဌာနခွဲမှူး) ဦးတင်မြ၊ ခရိုင်အရာရှိ (ဌာနစုမှူး) ဦးမြင့်စိုးတို့ဦးဆောင်၍ ကြီးကြပ်နှစ်ဦးဖြစ်သော ဦးစိန်သောင်း (လုပ်သား-၁)၊ ဦးဝင်းနိုင်လွင် (စာရေး-၁)တို့ လိုက်ပါဆောင်ရွက်ခဲ့ရာ အရှေ့ပိုင်းခရိုင် အင်အား ၂၅ ဦး Chang Lon (ချင်းလုံ) အမှိုက်နှင့်မြေသယ်ယာဉ် နှစ်စီး၊ ဘက်ဟိုးတစ်စီးနှင့် မြို့နယ်စည်ပင်မှ အင်အား ၁၀ ဦး၊ ပူးပေါင်းအင်အား စုစုပေါင်း ၄၀ဦးဖြင့် တစ်မြို့နယ်လျှင် ငါးရက်လုပ်ငန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

## နန့်ခင့်ချောင်းကူးတံတားတည်ဆောက်ပြီးသဖြင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့

**အင်းတော် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ခင့်ရွာနှင့် အင်းတော်မြို့ကိုဆက်သွယ်သည့် ချောင်းကူးတံတားကြီး တည်ဆောက်ပြီးသဖြင့် ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း သိရသည်။

"နန့်ခင့်ကျေးရွာနဲ့ အင်းတော်မြို့ကို ဆက်သွယ်တဲ့ ချောင်းကူးတံတားမရှိတဲ့အတွက် ရုံးသူရုံးသားများ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးသွားဈေးပြန်များ၊ ဒေသခံပြည်သူများ မိုးတွင်းကာလတွင် နေ့စဉ်လေ့နဲ့အန္တရာယ်များစွာဖြင့် ချောင်းကိုဖြတ်သန်းသွားလာနေကြရသောအဖြစ်မှ ယခုအခါ တံတားပြီးသွားလို့ အန္တရာယ်ကင်းစွာ တံတားပေါ်မှ ဖြတ်သန်းနိုင်ကြပါပြီ။ ဒါကြောင့် နိုင်ငံတော်အစိုးရကိုဒေသခံများကိုယ်စား ကျေးဇူးတယ်ပါတယ်လို့ပြောလိုပါတယ်။ ယခင်ကဆို မိုးတွင်းကာလချောင်းရေလျှံရေကြီးမှုကြောင့် ရေမျောပါဆုံးရှုံးခဲ့ရတဲ့ သစ်သားတံတားတွေဆိုများခဲ့ပါပြီ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုတည်ဆောက်ပြီးစီးသွားသော နန့်ခင့်ချောင်းကူးတံတားကြီးသည် အရှည် ပေ ၂၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၁ ပေ ၄လက်မရှိ ဘိုးပိုင် သံကူကွန်ကရစ်အမျိုးအစား တံတားကြီးဖြစ်ပြီး အင်းတော်မြို့နှင့် နန့်ခင့်ကျေးရွာကို ဆက်သွယ်ထားသော တံတားဖြစ်သည်။ တံတားကြီးကို ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၄၀၀၀ ကျော် အကုန်အကျခံ၍ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ကိုမင်း(အင်းတော်)**



## အခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ မြိုင်သာယာကျေးရွာ၌ကျင်းပ

**ထီးချိုင့် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ဆင်ဖြူဆိပ်အုပ်စု မြိုင်သာယာကျေးရွာမူလတန်းကျောင်းခွဲမှအခြေခံပညာမူလတန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းမုခ်ဦးဆိုင်းဘုတ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်နှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က အဆင့်တိုးကျောင်းများအတွက် ဆရာ ဆရာမများခန့်ထားရေး၊ မူလတန်းအဆင့်နှင့်ကိုက်ညီသော ကျောင်းဆောင်ဆောက်လုပ်ခွင့်ရရှိရေး ဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းပြောကြားသည်။

"ထီးချိုင့်နဲ့ ငါးမိုင်လောက်ဝေးပါတယ်။ ဆင်ဖြူဆိပ်သွားထားဖို့လည်း မလွယ်ကူတာမို့ ကိုယ့်အားကိုယ်ကိုးကျောင်းလေးနဲ့ ဆရာ၊ ဆရာမ ငှားသင်ခဲ့ရပါတယ်။ နိုင်ငံတော်ရဲ့ကျေးဇူးကြောင့် အခုတော့ တရားဝင် မူလတန်းကျောင်းလေးအဖြစ်တိုးမြှင့်ပေးတဲ့အတွက် ကလေးတွေရဲ့ပညာရေးအတွက် မိဘတစ်ယောက်အနေနဲ့ စိတ်အေးရပါပြီ" ဟုကျောင်းသားမိဘတစ်ဦးက ပြောသည်။ အဆိုပါ မြိုင်သာယာ အခြေခံပညာ မူလတန်းကျောင်းသည် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ထီးချိုင့်မြို့နယ်အတွင်း အဆင့်တိုးမြှင့်ပေးခဲ့သည့် ကျောင်းပေါင်း ၂၈ ကျောင်းအနက် တစ်ကျောင်းအပါအဝင်ဖြစ်ကြောင်း မြို့နယ် ပညာရေးမှူးထံမှ သိရသည်။

**ဇွဲမာန် (ထီးချိုင့်)**

## အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မှ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

**မိုးညို ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဆင်မနိုင်ကျေးရွာအုပ်စုရှိ ဆင်မနိုင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မှ အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို (အထက) ဆင်မနိုင်ကျောင်း၌ ဇွန် ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းလွင်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပေးခဲ့သည်။ အဆိုပါကျောင်း၌ ကျောင်းသား ၂၈၀၊ ကျောင်းသူ ၂၆၀ စုစုပေါင်း ၅၄၀ ပညာသင်ကြားလျက်ရှိကြောင်းသိရသည်။

**သူရိန်ထွန်း (ပဲခူး)**

## ကရင်ပြည်နယ်တွင် စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံခြင်းနှင့် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပ

**ဘားအံ ဇွန် ၂၂**

ကရင်ပြည်နယ် ဘားအံမြို့ခွယ်ကဘောင် မိုတယ်၌ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံခြင်းနှင့် ငြိမ်းချမ်းရေးဖိုရမ်ကို ဇွန် ၂၁ ရက်က ကျင်းပခဲ့ရာ (၇) မြို့နယ်မှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများစုစုပေါင်း ၇၀ ခန့်တက်ရောက်ခဲ့သည်။

ဖိုရမ်တွင် သဘာပတိ ဦးမန်းအောင်ပြည်စိုးက ကရင်ပြည်နယ်၏စီးပွားရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာရည်ရွယ်ချက်များကို ကရင်ပြည်နယ် အရပ်ဖက်လူမှုအဖွဲ့အစည်းဝင်များနှင့် ပြည်သူများသိရှိနားလည်ပြီး ကရင်ပြည်နယ်သူ၊ ပြည်နယ်သားအကျိုးစီးပွားအတွက် မှန်ကန်သောနည်းလမ်းဖြင့်ငြိမ်းချမ်းရေးဖြစ်စဉ်များကိုအဟန့်အတားမဖြစ်စေဘဲ ဒေသအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန်ပြောကြားခဲ့သည်။

ထို့နောက် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက လူထုဗဟိုပြုစီမံကိန်းများဆောင်ရွက်မှုအခြေအနေ၊ စီမံကိန်း၏လက္ခဏာများ၊ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ဆောင်နေမှုအစိတ်အပိုင်းများ၊ ရန်ပုံငွေစီးဆင်းပုံ၊ ကရင်ပြည်နယ်အတွင်း ဦးစားပေးလုပ်ဆောင်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျယ်တဝင့်ပြောကြားခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သော စီမံကိန်းများအကြောင်းကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဒေါ်စန်းစန်းရီကပြောကြားပြီး စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုဒေသဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် ကြားကာလအစီအစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကရင်ရေးရာကော်မတီ(KAC) အဖွဲ့မှ ဦးစောကျော်စွာကလည်းကောင်း၊ သဘာဝသယံဇာတဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ သုတေသနအသေးစားပြုလုပ်ထားမှုများကိုငြိမ်းဖေါင်ဒေးရှင်းအဖွဲ့မှ ဦးထက်ဝေယံကလည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဟောပြော

**စေတုတ္တရာ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အမှတ် ( ၁ ) ရပ်ကွက် ဗန္ဓုရရပ်ကွက်ရှိ မြို့လယ် ဓမ္မာရုံ၌ ဇွန် ၂၁ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။



မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲတွင် စေတုတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က ယခုအခါမိမိတို့ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများအတွင်း မူးယစ်ဆေးဝါးများ ရောင်းချခြင်း၊ သုံးစွဲခြင်းမရှိစေရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် လူမှုရေး၊ စီးပွားရေးများ ထိခိုက်ပြီး ကျန်းမာရေးချို့ယွင်းနိုင်ကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို ဟောပြောခဲ့သည်။

ထို့အပြင်ရပ်ကွက်နေပြည်သူများမှလည်း သိရှိလိုသည်များကိုပြန်လည်မေးမြန်းရာ မြို့နယ်တပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ အမှတ် (၁) ရပ်ကွက်နှင့် ဗန္ဓုရရပ်ကွက်မှ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်နေပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## အင်းတော်အင်းသန့်ရှင်းသာယာလှပရေး လူငယ်များနှင့် အင်းလုပ်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အင်းတော် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့အနောက်ဘက်ရှိ အင်းတော်အင်းသန့်ရှင်းသာယာလှပရေးအတွက် အင်းတော်အင်းမြောက်ဘက်ရှိ သက္ကယ်ကျင်းကျေးရွာမှ civil youth action network(လူငယ်ကွန်ရက်)မှ အသင်းဝင်များနှင့် အင်းတော် အင်းလုပ်သားများ စုပေါင်းပြီး ကားနှစ်စီးဖြင့်အင်းတော်အင်းထဲသို့စီးဝင်သည့်သက္ကယ်ချောင်း ရေလမ်းကြောင်းနှင့်အင်းကမ်းစပ်ရှိစွန့်ပစ်အမှိုက်များနှင့်အညစ်အကြေးများ၊ ရေမှော်ပင်များ ဒိုက်ပင်များကို ဇွန် ၂၁ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ စုပေါင်းလုပ်အားပေး သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"အင်းထဲကို စီးဝင်တဲ့ချောင်းများ တံတားပေါ်ကနေ ချောင်းထဲအမှိုက်ပစ်ချတာ၊ ချောင်းဘေးမှာအမှိုက်ပုံတာတွေမပုံအောင် စည်းရုံးလို့ဆော်ပေးစေချင်ပါတယ်။ အင်းတိမ်ကော ပျောက်ကွယ်မသွားစေရေး အင်းနယ်နိမိတ်သတ်မှတ်ပေးရန်လိုပါတယ်။ ဥပမာ ယခုရေစပ်မှ ကိုက် ၁၀၀ ထိမှတ်တိုင်များစိုက်ထူသင့်ပါတယ်။ သို့မဟုတ်ပါက အင်းကောလိုက်၊ လယ်မြေတိုးချဲ့လိုက်ဖြစ်နေရင် နောင်နှစ် ၃၀ နောက်ပိုင်းမှာ ရေကန်အဆင့်သာဖြစ်သွားနိုင်ပါတယ်။ အင်းအတွင်း တစ်နှစ်ထက်တစ်နှစ်သဲနုန်းပို့ချမှုမြင့်တက်လျက်ရှိပါတယ်" ဟု ဒေသခံတစ်ဦးပြောသည်။

အင်းတော်အင်းသည် ကသာခရိုင်အင်းတော်မြို့၏အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး အလျား ၃ မိုင်၊ အနံ ၂ မိုင်ကျယ်ဝန်းကာ မြန်မာနိုင်ငံတွင် တတိယအကြီးဆုံးအင်းဖြစ်သည်။ အဆိုပါအင်းဒေသခံတို့၏စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသော အင်းဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေး စံပြကျေးရွာများအား ဆုများချီးမြှင့်

**ချမ်းအေးသာစံ ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာ ဆုချီးမြှင့်ပွဲကို ဇွန်၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၆၆ လမ်း နှင့် ၆၈ လမ်းကြားရှိ မန္တလေးစွမ်းဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးနိုင်အောင်၊ တိုင်းဒေသကြီးဦးစီးမှူးဦးမင်းဟန်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မန္တလေးတိုင်းဒေသကြီး ၂၃ မြို့နယ်မှ မြစိမ်းရောင်ကျေးရွာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးမင်းဟန်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြစိမ်းရောင် စီမံကိန်း စံပြကျေးရွာများအား ဆုများချီးမြှင့်သည်။

ထို့နောက်တက်ရောက်လာသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြစိမ်းရောင်ကျေးရွာကိုယ်စားလှယ်များက စီမံကိန်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီးတွင် မြစိမ်းရောင်စီမံကိန်းဖြင့်ကျေးရွာ ၅၇၆ရွာ၊ လူဦးရေ ၇၇၅၅၄ ဦးအား စိုက်ပျိုးရေး၊မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား စီမံကိန်းမတည်ရန်ပုံငွေ ၁၆၅၆ဝသန်းဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ကျင်းပ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာကြည့်ရှု

**ပုလော ဇွန် ၂၂**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နိုင်စေရန် မူးယစ်ဆေးဝါးအသိ ပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဇွန် ၂၁ ရက် နံနက် ၁၁ နာရီက တောင်ယာကမ်းကျေးရွာ အလက(ပေါင်း)ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပုလောမြို့နယ် ဥပဒေအရာရှိ ဦးအောင်မျိုးချစ်က မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြတ်ရီက စာရိတ္တကောင်းမွန်သော ကျောင်းသားလူငယ်များ ဖြစ်လာစေရေးအတွက် ဆရာ ဆရာမများ၊ မိဘများနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်စေလိုကြောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်အေးအေးမော်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြသထားရှိသည့် နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြည့်ရှုကြပြီး မွန်းလွဲ ၂ နာရီတွင် ပုလော မြို့နယ်၊ အမက(၈) ကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲတို့ကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပုလော ပြန်/ဆက်**

## ဒက္ခိဏခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၂**

ဒက္ခိဏခရိုင်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၄/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဒက္ခိဏခရိုင် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံမှုများပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီမှ စိစစ်ပြီး နေပြည်တော်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြမှုများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**ထွန်းထွန်းဝင်း**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

